# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှုပြု**

ပန်းစုပန်းပုံအတွင်းမှ များစွာသော ပန်းကုံးတို့ကို သီကုံးပြုလုပ်ရာသကဲ့သို့ ဖြစ်ပေါ်လာသော သတ္တဝါသည် ဥစ္စာသဒ္ဓါတည်းဟူသော အစုအပုံအတွင်းမှ မြောက်မြားစွာသော ကုသိုလ်ကောင်းမှုကို ပြုရာ၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၅၁)


၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၆ ရက်၊ တနင်္လာနေ့ | အတွဲ (၅၅)၊ အမှတ် (၂၄၅)


# တောရိုင်းတိရစ္ဆာန်နှင့် ဇီဝမျိုးစုံမျိုးကွဲများ စောင့်ရှောက်ခြင်းအပါအဝင် မိမိပတ်ဝန်းကျင်ကိုပါ ကာကွယ်စောင့်ရှောက်ရန် အားလုံးပါဝင်ကြိုးပမ်းရမည်



## ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၅**

တောရိုင်းတိရစ္ဆာန်များ တရားမဝင် သတ်ဖြတ်ခြင်းနှင့် မှောင်ခိုရောင်းဝယ်ခြင်းများသည် စီးပွားရေးနှင့် ဂေဟစနစ်ကို ယိုယွင်းစေပြီး အုပ်စုဖွဲ့ရာဇဝတ်မှုများကို အားပေးကာ အကျင့်ပျက်ခြစားခြင်းနှင့် မလုံခြုံမှုတို့ကို ကမ္ဘာတစ်ဝန်းတွင် တိုးပွားစေကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည့် ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ဖွင့်ပွဲတွင် ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✱

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသော ပြခန်းများကို ကြည့်ရှုလေ့လာစဉ်

## ဧရာဝတီလင်းပိုင်များကို မန္တလေးနှင့် ပြည်မြို့ကြားတွင်ပါ တွေ့ရငါးနှင့် ဧရာဝတီလင်းပိုင်များ မျိုးမသုဉ်းစေရန် ငါးမဖမ်းရဇုန်များ သတ်မှတ်သင့်



**သတင်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - Grow Back**

**ရန်ကုန် ဇွန် ၅**

ဧရာဝတီလင်းပိုင်ကို ယခင်က မန္တလေးအထက်ပိုင်းနှင့် ဗန်းမော်တို့၌ တွေ့ရှိရသော်လည်း ယခုအခါ မန္တလေးအောက်ဘက်နှင့် ပြည်မြို့ကြားတွင်ပါ ရှာဖွေတွေ့ရှိရကြောင်း မန္တလေးနှင့် ပြည်မြို့ကြားတွင် ဧရာဝတီလင်းပိုင်နှင့်ပတ်သက်၍ စစ်တမ်း (Survey) ကောက်ယူခဲ့သူများထံမှ သိရသည်။

ပြည်နှင့် မန္တလေးအကြား ဧရာဝတီလင်းပိုင်ရှာဖွေတွေ့ရှိမှုခရီးစဉ် စာနယ်ဇင်းရှင်းလင်းပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ တော်ဝင်နှင်းဆီခန်းမ၌ ပြုလုပ်ခဲ့ပြီး မကွေးတိုင်းဒေသကြီး စလေမြို့အနီးအနားတွင် ဧရာဝတီလင်းပိုင်ကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း

*စာမျက်နှာ ၅ ကော်လံ ၁* ●




# လုံခြုံရေးအလေးကဲမှုများအလွန်

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ညှိစာရင်းတိုင်ကြားခြင်း၊ တိုင်ကြားရန်ပျက်ကွက်ပါက အရေးယူခံရသည့် ပုဒ်မများအား ပယ်ဖျက်ကာ အမျိုးသားလွှတ်တော်က ဇွန် ၃ ရက်နေ့တွင် ပြုလုပ်သော အစည်းအဝေး၌ အတည်ပြုခဲ့သည်ကို တွေ့ရသည်။

ဥပဒေကြမ်း၏ ပုဒ်မ ၁၃ (ပ) တွင် တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် စစ်ဆေးရန်လိုအပ်သောနေရာများကို လုံလောက်သော အကြောင်းပြချက်ဖြင့် စစ်ဆေးခြင်း၊ (ဓ)တွင် ဖွား-သေမှတ်ပုံတင်စာရင်းနှင့်အိမ်ထောင်စုပြောင်းရွှေ့ထွက်ခွာခြင်း၊ ပြောင်းရွှေ့ရောက်ရှိခြင်းနှင့်လူဦးရေစာရင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုစုခြင်း အပိုဒ်များကို ထည့်သွင်းအတည်ပြုခဲ့ကြသည်။

ဤဥပဒေအားပြင်ဆင်ခြင်းမှာ လုံခြုံရေး ဦးစားပေးအစီအစဉ်များအား လျှော့ချခြင်းဟူသော အဓိပ္ပာယ်ရပါသည်။ မြန်မာနိုင်ငံမှာ တစ်လျှောက်လုံး လုံခြုံရေးဦးစားပေးအစီအစဉ်များနှင့် ယဉ်ပါးလာခဲ့သော နိုင်ငံဖြစ်ပေသည်။ နိုင်ငံတစ်နိုင်ငံအတွက် လုံခြုံရေးနှင့်တည်ငြိမ်ရေးမှာ အရေးကြီးလှသည်ကို အားလုံးကငြင်းမည်မဟုတ်ပေ။ သို့သော် ထိုလုံခြုံရေးအစီအစဉ်များအပေါ်မူတည်၍ ကိုယ်ကျိုးရှာခြင်း၊ အာဏာအလွဲသုံးစားပြုခြင်းများက ပြည်သူများကို စိတ်ပျက်စေခဲ့သည်။ ထို့ပြင် မည်သည့်နိုင်ငံ၌မဆို လုံခြုံရေးအစီအစဉ်တစ်ရစ် တိုးလိုက်တိုင်း၊ နိုင်ငံသားများ၏ လွတ်လပ်ခွင့်တစ်ရစ်လျော့သွားခြင်းပင်ဖြစ်သည်။ သို့သော် လုံခြုံရေးအစီအစဉ်လျှော့ချလိုက်သည်တွင် ရာဇဝတ်မှုထူပြောလာခြင်းကို ရင်ဆိုင်လာရတတ်သည်။ မြန်မာပြည်လိုနိုင်ငံတွင် မူးယစ်ဆေးဝါး၊ သစ်မှောင်ခို၊ အကောက်ခွန်မဲ့ပစ္စည်းများနှင့် အခြားသောတရားမဝင်လုပ်ငန်းများက ခေါင်းထောင်လာကြတော့သည်။

ယခုနှစ် ဇန်နဝါရီလမှမေလအထိ ပြုစုထားသော စာရင်းဇယားများအရ လူသတ်မှုနှင့် မုဒိမ်းမှုများ တဖြည်းဖြည်းမြင့်တက်နေသည်ကို တွေ့ရသည်။ အကြောင်းရင်းများကို သုံးသပ်ရာတွင် မူးယစ်ဆေးဝါးသုံးစွဲမှု၊ အရက်သေစာသောက်စားမှုဓလေ့ လူငယ်များတွင် များပြားလာမှုနှင့် ရဲတပ်ဖွဲ့ဝင်အင်အားမလုံလောက်မှုတို့ကြောင့် ဆိုပါသည်။

ဂန္ဓဝင်လစ်ဘရယ်ဝါဒ၏ ရှေ့ပြေးသီအိုရီများကို ဖော်ထုတ်ခဲ့သော ဂျွန်လော့စ်၏ အစိုးရနှင့် ပတ်သက်သောကျမ်းတွင် လူမှုပဋိညာဉ် အခြေခံအယူအဆပေါ်တွင် ဖြစ်ပေါ်လာသော နူးညံ့သိမ်မွေ့သည့် အစိုးရပုံစံကို တင်ပြထားသည်။ ထိုလူမှုပဋိညာဉ်ဆိုသည်မှာ အစိုးရ၏ အခွင့်အာဏာကိုလျှော့ချစွန့်လွှတ်ခြင်းအားဖြင့် လူသားတို့သည် ၎င်းတို့၏မွေးရာပါအခွင့်အရေးများဖြစ်သော အသက်ရှင်ရပ်တည်နိုင်ရန် လွတ်လပ်ခွင့်၊ ကျန်းမာရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်တို့ကို ရရှိနေနိုင်မည်ဖြစ်သော အုပ်ချုပ်မှုနှင့်အကာအကွယ်ရမှုတို့ကို မျှော်မှန်းလာနိုင်မည်ဟု ဆိုသည်။

ယခုအစိုးရ၏အာဏာကို လျှော့ချသောကာလသို့ ရောက်ရှိလာသည်။ သို့သော် ယဉ်ကျေးသော၊ နေပျော်သော လူ့ယဉ်ကျေးမှုတစ်ရပ်ထူထောင်ရန်မှာခက်ခဲလှပြီးအလွန်ပင်ကြေကွဲ၊ ကျိုးပျက်လွယ်သည်ဟုလည်း ဆိုကြသည်။ လူ့အဖွဲ့အစည်းတစ်ရပ်ကို ထိန်းသိမ်းထားနိုင်ရန်မှာ ဥပဒေစည်းမျဉ်းနှင့်အညီ ထူထောင်ထားသောအစိုးရနှင့် လူ့အဖွဲ့အစည်းဖြစ်ရန်လိုအပ်ပြီး ဉာဏ်ရည်ဉာဏ်သွေးမတူညီမှုကိုလည်း အသိအမှတ်ပြုရမည်ဖြစ်သည်။ အုပ်ချုပ်ရေးအာဏာပိုင် မလွဲမသွေလိုအပ်သည်နှင့်တစ်ပြိုင်တည်း တန်ဖိုးတရားများကို သင်ကြားပေးရမည်ဖြစ်ပြီး ဘာသာရေး၊ မိသားစုတန်ဖိုးများကို ကာကွယ်ရမည်ဖြစ်ပါသည်။ ၎င်းပြင် အပြောင်းအလဲကာလတွင်ကိုယ်စီတာဝန်ယူမှုများ၊ တာဝန်ခံမှုများရှိပါမှ အုပ်ချုပ်ရေး ယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်နိုင်မှသာ ဟန်ချက်ညီသော လူ့အဖွဲ့အစည်းတစ်ရပ်ကို ရရှိလာမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။




## ကျောင်းဆောင်အဆင့်တိုးမြှင့်ဖွင့်

**တွန်းဇံ ဇွန် ၅**
ချင်းပြည်နယ် တွန်းဇံမြို့ ခေါဝုန်လေးဆန်ရပ်ကွက်၌ ကျောင်းအဆင့်တိုးမြှင့်ခြင်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၃ ရက်က အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပရာ အခြေခံပညာမူလတန်းလွန်ကျောင်းကို မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်ငြိမ်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ကျိန်လမ့်ညောင်နှင့် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးဦးဝတ်ခင်းထန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး မြို့နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးတင်ငြိမ်းက အမှာစကား ပြောကြားခဲ့သည်။ ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌဦးနန် ခေါ်ပေါင်က ကျောင်းသမိုင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။ အဆိုပါကျောင်းကို ၁၉၈၅ ခုနှစ်တွင် အခြေခံပညာမူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။
**( မြို့နယ် ပြန်/ဆက် )**

**ထင်သာမြင်သာပြုပြင်စရာ**

# ကျောင်းသို့သွားရာလမ်းမှသစ်သားတံတားပြုပြင်ပေးရန်မျှော်လင့်

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ရှိ အထက(၂)သို့သွားရာလမ်းမှ သစ်သားတံတားတစ်စင်းသည် သက်တမ်း ကြာရှည်နေပြီးအောက်ခြေပေါင်တန်းများဆွေးမြည့်နေခြင်း၊ လက်ရန်းတိုင် များမရှိတော့ခြင်း၊ အောက်ခင်းကြမ်းပြင်များကျိုးပဲ့နေခြင်းနှင့် ချုံနွယ်များတွယ်ကပ်နေခြင်းများ တွေ့ရှိရပါသည်။

ယခုကဲ့သို့ ကျောင်းဖွင့်ရာသီတွင် ကျောင်းသူ ကျောင်းသားများအတွက် အန္တရာယ်စိုးရိမ်ရပြီးကုန်းဆင်း၊ ကုန်းတက်နေရာလည်း ဖြစ်နေသဖြင့် ဈေးသွားဈေးလာ၊ ကျောင်းသွားကျောင်းလာ၊ ယာဉ်သွားယာဉ်လာများအတွက် ဘေးကင်းစွာသွားလာနိုင်ရေးအတွက် ပြုပြင်ရန် တင်ပြထားသည်ဟု တာဝန်ရှိသူများက ပြောပြထားသော်လည်း ယနေ့အချိန်ထိပြုပြင်မှုမရှိသဖြင့် သက်ဆိုင်ရာမှ ဤတံတားလေးကို အမြန်ဆုံးပြုပြင် ပေး



ပါက ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအပြင် ကသာမြို့သူ မြို့သားများအတွက်လည်း စိုးရိမ်စိတ်မရှိတော့ဘဲ အန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။
**လူအောင်(ကသာ)**

## သုံးခွမြို့နယ်တွင် လမ်းကူးကွန်ကရစ်တံတား ၂၂ခု တည်ဆောက်မည်

**သုံးခွ ဇွန် ၅**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် မြို့ပေါ်ရပ်ကွက်များတွင်မိုးရာသီ ကာလအတွင်း ရေစီးရေလာ ကောင်းမွန်စေရန် သွေးလွန်တုပ်ကွေးနှင့် အခြားကူးစက်ရောဂါများ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်စေရန်နှင့် ပြည်သူများလမ်းကူးရာတွင် သွားလာရေး အဆင်ပြေစေရန် ရည်ရွယ်၍ လမ်းကူး ကွန်ကရစ်တံတား (Box culvert) ၂၂ခု တည်ဆောက်မည် ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိတွင် အမှတ်(၁၁)ရပ်ကွက် ပေါ်ဦးလမ်းနှင့် သာသနာ့ဗိမာန်တော် လမ်းထောင့်တွင်တစ်ခု၊ အနော်ရထာလမ်းနှင့် သာသနာ့ဗိမာန်တော် လမ်းထောင့်တွင် တစ်ခု၊ အမှတ်(၉) ရပ်ကွက် ဦးဥတ္တမလမ်းနှင့် ဗန္ဓုလလမ်းထောင့်တွင် တစ်ခု စုစုပေါင်းသုံးခု တည်ဆောက်လျက်ရှိကြောင်း သိရသည်။
**ကိုကျော်(သုံးခွ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၅-၆-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၃၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၉.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၇.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၆.၄၉ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၈၂ |
| တရုတ် | တစ်ယွမ် | ၁၇၈.၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၆.၉၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✲ ရှေ့ဖုံးမှ

တောရိုင်းတိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်ဖောက်ကားမှု အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတကာလေ့လာတွေ့ရှိမှုများကို ပြောပြရမည်ဆိုပါက နှစ်စဉ်နှစ်တိုင်း ကြံ့ကောင်ရေ တစ်ထောင်ကျော်နှင့် အာဖရိကဆင်သုံးသောင်းခွဲကျော်သည် အမဲလိုက်သတ်ဖြတ်ခြင်းကို ခံရပါကြောင်း၊ ယခုအခါ ဂမ်ဘီယာ၊ ဘိုကီနာဖာဆို၊ ဘီနင်နှင့် တိုဂိုနိုင်ငံများတွင် ချင်ပန်ဇီမျောက်များ မျိုးသုဉ်းပျောက်ကွယ်သွားပြီ ဖြစ်ပါကြောင်း၊ ဝက်ဝံသုံးထောင်ခန့် နှစ်စဉ်ဆုံးရှုံးနေပါကြောင်း။

အာရှနိုင်ငံအချို့၏ ဈေးဆိုင်ခန်းများတွင် ကျားအရေခွံများ၊ ရောမပင်လယ်လိပ်ခွံကြီးများကို တွေ့မြင်နေရပါကြောင်း၊ ထိုပုံရိပ်များက တောရိုင်းတိရစ္ဆာန်များ တရားမဝင်ကုန်သွယ်မှုသည် မိမိတို့ ကမ္ဘာမြေ၏ အဖိုးတန်လှသည့် ဇီဝမျိုးစုံမျိုးကွဲများ လျော့ပါးခြင်းနှင့် မျိုးသုဉ်းခြင်းအခြေအနေ ရောက်ရှိနေသည်ကို သတိပေးနေပါကြောင်း၊ အာရှမှောင်ခိုဈေးကွက်တွင် ဆင်စွယ်တစ်ကီလိုသည် ဒေါ်လာ ၂၂၀၀ ခန့် ပေါက်ပြီး ကြံ့ချိုတစ်ကီလိုကို ဒေါ်လာ ၆၀၀၀၀ လောက် ပေါက်နေသဖြင့် ရွှေ၊ ပလက်တီနမ်တို့ထက် များစွာဈေးကြီးနေသည်ကို တွေ့ရပါကြောင်း၊ တောရိုင်းတိရစ္ဆာန်နှင့် အပင်များ တရားမဝင် ကူးသန်းရောင်းဝယ်နေမှုအတွက် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်သုံးစွဲနေသည့် ငွေကြေးပမာဏသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံရှိပြီး မူးယစ်ဆေးဝါး၊ လက်နက်နှင့် လူကုန်ကူးမှုစသည့် လုပ်ငန်းများပြီးလျှင် ကမ္ဘာ့စတုတ္ထမြောက် အကြီးမားဆုံး တရားမဝင်ကုန်သွယ်မှုလုပ်ငန်းဖြစ်နေကြောင်း နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က အနာဂတ်တွင် မြန်မာနိုင်ငံအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒနှင့် မဟာဗျူဟာမူဘောင်များ၊ စီမံချက်များကို UNDP နှင့်လည်းကောင်း၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မဟာဗျူဟာနှင့် အကောင်အထည် ဖော်ဆောင်ရေးစီမံချက်ကို UNEP၊ UN-Habitat၊ EU တို့နှင့်လည်းကောင်း၊ အစိမ်းရောင်စီးပွားရေးမူဝါဒနှင့် မဟာဗျူဟာမူဘောင်များကို World Wildlife Fund (WWF) နှင့် လည်းကောင်း၊ အမျိုးသားအဆင့်နှင့် မြို့ပြအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေး မဟာဗျူဟာများနှင့် စီမံချက်များကို UNEP၊ IGES (Institute for Global Environmental Strategy) တို့နှင့်လည်းကောင်း၊ အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ စနစ်တကျ သိမ်းဆည်းရေးစီမံချက်ကို နော်ဝေအမျိုးသား ပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီ (National Environmental Agency of Norway) နှင့် လည်းကောင်း ပူးပေါင်းပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ရည်မှန်းချက်သစ်များ၊ ခွန်အားသစ်များဖြင့် ကျင်းပပြီး Rio Plus 20 ညီလာခံ၊ နောက်ဆက်တွဲ ပါရီ သဘောတူညီချက်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (SDGs) က ရရှိသည့် အရှိန်အဟုန်များကို ရယူရမည်ဖြစ်ပါကြောင်း၊ တောရိုင်းတိရစ္ဆာန်နှင့် ဇီဝမျိုးစုံမျိုးကွဲများ စောင့်ရှောက်ခြင်းအပါအဝင် မိမိတို့၏ ပတ်ဝန်းကျင်ကိုပါ ကာကွယ်စောင့်ရှောက်ရန်အတွက် အမျိုးသားရေးမဟာဗျူဟာများချမှတ်ပြီး အားလုံးပါဝင် ကြိုးပမ်းရမည် ဖြစ်ပါကြောင်း။

မိမိတို့၏ နောင်လာနောက်သားများ သာယာဝပြောသည့် အနာဂတ်ရရှိစေရန်အတွက် ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးအား ထိန်းသိမ်းရေးဆိုသည့် ဘုံလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် အစိုးရ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းစုများအပြင် ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ကြရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ အနာဂတ်မျိုးဆက်များအတွက် သက်ရှိမျိုးစိတ်အားလုံးကို ထိန်းသိမ်းရန် တတ်နိုင်သည့်ဘက်က ကူညီကြရန် အားလုံးကို တောင်းဆိုပါကြောင်း၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ တရားမဝင်ရောင်းဝယ် ဖောက်ကားနေမှုကို လုံးဝလက်မခံဘူးဆိုသည်ကိုပြသပြီး အပြောင်းအလဲဖြစ်အောင် လုပ်နိုင်ပါကြောင်း ပြောကြားသည်။




၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမှာစကားပြောကြားစဉ်

အခမ်းအနားတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)ဌာနေ ညွှန်ကြားရေးမှူးက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ သဝဏ်လွှာကိုဖတ်ကြားပြီး ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ခေတ္တညွှန်ကြားရေးမှူးက ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) အမှုဆောင်ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ ဦးအောင်သန်း၊ ဒုတိယဆုရ ဦးထိန်လင်းနှင့် တတိယဆုရ ဦးကျော်ဆွေဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ခေတ္တညွှန်ကြားရေးမှူးက ၂၀၁၆ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲတွင် အထူးဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မနှင်းဝတ်မှုန်အောင်၊ ဒုတိယဆုရ မမေသက်ခိုင်စိုးနှင့် တတိယဆုရ မလင်းသန္တာထက်တို့အား ဆုများ ပေးအပ်ချီးမြှင့်ပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ဌာနေ ညွှန်ကြားရေးမှူးက အထူးဆုရရှိကြသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ တရားမဝင်ကုန်သွယ်မှုဆိုင်ရာ အသိပညာပေး ဗီဒီယိုကို ပြသပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ဆုရရှိကြသူများ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အဆိုပါခန်းမအတွင်း၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်သည် **"တို့ကမ္ဘာမြေ ဂေဟစနစ် ထိန်းသိမ်းဖို့ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ တရားမဝင်ကုန်သွယ်မှုကို ဆန့်ကျင်တိုက်ဖျက်စို့" (Zero Tolerance for the illegal trade in wildlife)** ဖြစ်သည်။

ယနေ့အခမ်းအနားသို့ ဒုတိယသမ္မတဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

၂၀၁၅ ခုနှစ်အထိ မြန်မာနိုင်ငံ ဧရိယာ၏ ၅ ဒသမ ၆ ရာခိုင်နှုန်းတွင် သဘာဝနယ်မြေ ၃၆ ခုတည်ထောင်ထားရှိပြီး အခြားဧရိယာကိုးခုကို တိုးချဲ့ဖွဲ့စည်းတည်ထောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် လက်ရှိအချိန်တွင် သဘာဝထိန်းသိမ်းရေးနယ်မြေခုနစ်ခုကို အာဆီယံအမွေအနှစ် ဥယျာဉ်များအဖြစ် သတ်မှတ်ထားပြီး ထိန်းသိမ်းကာကွယ်ထားကြောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ် မတ်လအတွင်း တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ တရားမဝင်ရောင်းဝယ်မှု ၁၈၉ မှုအထိ ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ တတိယဆုရ ဦးကျော်ဆွေဦးအား ဆုပေးအပ်ချီးမြှင့်စဉ်

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်

**သဲကုန်း ဇွန် ၅**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၅ ရက် နံနက် ၈ နာရီက သဲကုန်းမြို့နယ် ဇီးကုန်းအုပ်စု သာပေါင်း-သစ်နီတောကျေးလက်လမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာနမှူး ဦးအောင်သူက သစ်ပင်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာနမှူးက ပျိုးပင်များကို သက်ဆိုင်သူများသို့ ပေးအပ်ခဲ့ပြီး ကျွန်းပင် ၉၀၀၊ ယူကလစ်ပင် ၁၅၀၊ ရေတမာပင် ၅၀ နှင့်အော်ရီးရှားပင် ၄၀၀ တို့ကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံကျေးရွာသူ ကျေးရွာသားများက စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၅**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

(မိုး/ဇလ)

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၅**

၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းဖတ်ပွဲကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲ၌ မြန်မာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လူငယ်ကိုယ်စားလှယ်များက ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာပေးဖန်တီးမှုများကို သရုပ်ပြတင်ဆက်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုများ၊ အမျိုးသားရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်၊ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအား ထိရောက်အကျိုးရှိစွာ အကောင်အထည်ဖော်ရန်အတွက် လိုအပ်ချက်များ၊ အစိမ်းရောင်စီးပွားရေးမူဘောင်၊ မြန်မာနိုင်ငံအတွင်း သားရိုင်းတိရစ္ဆာန်နှင့် သစ်တောထွက်ပစ္စည်းများ တရားမဝင်ကူးသန်းရောင်းဝယ်နေမှုအား တားဆီးကာကွယ်နှိမ်နင်းရေး စာတမ်းများကို ဖတ်ကြားဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**




# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သစ်ပင်စိုက်ပျိုးပွဲများကျင်းပ

**သီပေါ**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် စံဖိတ်ကျေးရွာ လွယ်မုတ်တောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွှန့်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးအရာရှိက လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် စံဖိတ်ကျေးရွာအုပ်ချုပ်ရေးမှူးတို့ကို ပျိုးပင်တစ်ထောင်ကျော် ဖြန့်ဝေပေးပြီး အပင်စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **(အပေါ်ပုံ)**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်၌ သစ်ပင်ပျိုးပင်ပေါင်း ခြောက်သောင်းကျော်ကို ပျိုးထောင်ထားရှိပြီး မိုးရွာသွန်းမှုကောင်းမွန်၍ အစိုဓာတ်လုံလောက်စွာ ရရှိချိန်တွင် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

**လက်ပံတန်း**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ အစိုးရစက်မှုသိပ္ပံကျောင်းခန်းမ၌ ဇွန် ၅ ရက် နံနက် ၉ နာရီက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ကျောင်းခန်းမရှေ့မြက်ခင်းပြင်၌ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်/မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို သတ်မှတ်နေရာများ၌ ကျွန်း၊ မဟော်ဂနီ၊ မန်ကျည်းပင်၊ မဲဇလီ၊ ကုက္ကိုပျိုးပင် ၁၂၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(၀၅၃)**

**မိုးမိတ်**

ရှမ်းပြည်နယ် မြောက်ပိုင်း မိုးမိတ်မြို့နယ်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို မြို့နယ်ဂေါက်ကွင်း၌ ကျင်းပရာ နယ်မြေခံတပ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ NGO အဖွဲ့အစည်း အသီးသီးမှ အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများက ကျွန်းပင် ၂၅၀၊ ယူကလစ်ပင် ၂၀၀၊ ခရေပင် ၅၀၊ သရက်ပင် ၅၀ တို့ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**မုံရွာ**

၂၀၁၆ ခုနှစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ ဇွန် ၅ ရက် နံနက် ၉ နာရီကကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမှာစကားပြောကြားပြီး ၂၀၁၆ ခုနှစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ်ကျင်းပခဲ့သော အလွတ်တန်းဓာတ်ပုံပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



# ပုဗ္ဗသီရိမြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်

**နေပြည်တော် ဇွန် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်၌ မြို့နယ်တရားရုံး အဆောက်အအုံသစ်အား ဇွန် ၂ ရက် နံနက်ပိုင်းက မင်္ဂလာဒီပ ရပ်ကွက်ရှိ မြို့နယ်တရားရုံးဝင်း အတွင်း ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါ အဆောက်အအုံသစ် အတွက် GREEN PRADISE ကုမ္ပဏီမှ ငွေကျပ် ၂၈၇ သန်းဖြင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၏ တင်ဒါကို အောင်မြင်ခဲ့ခြင်းဖြစ်ပြီး အဆောက်အအုံသစ်ကို နိုင်ငံတကာစံနှုန်းများအတိုင်း တည်ဆောက်ထားခြင်းဖြစ်သည်။

ယခင်က မြို့နယ်တရားရုံးကို ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝင်းအတွင်းရှိ စုပေါင်းရုံး၌ ဖွင့်လှစ်ခဲ့ကာ အခန်းအရေအတွက် နည်းပါးပြီး နေရာကျဉ်းမြောင်းခြင်းနှင့် တရားရုံး လာရောက်အသုံးပြုသူများ အတွက် နားနေရန်နေရာမရှိခြင်း စသည့် အခက်အခဲများရှိခဲ့သဖြင့် အဆောက်အအုံသစ်တွင် တရားခွင်ခန်း ငါးခန်း၊ တရားသူကြီးနားနေခန်း၊ စာကြည့်တိုက်၊ သက်သေနားနေခန်း၊ အစည်းအဝေးခန်းမ၊ သတင်းအချက်အလက်ဌာန၊ အမှုတွဲလက်ခံဌာန၊ Media Room၊ ရှေ့နေများနားနေခန်း၊ ဥပဒေအရာရှိအခန်း၊ ဘီလစ်ခန်း၊ တရားရုံးလာရောက်အသုံးပြုသူများအတွက် လေးခန်းတွဲ သန့်စင်ခန်း တစ်ခန်း၊ သန့်စင်ခန်းပါ ကျား/မ အချုပ်ခန်းတစ်ခန်းနှင့် မှုခင်းမှတ်တမ်းရုံးခန်းနှင့် လုံခြုံရေးဂိတ်တို့ ပါဝင်ပြီး တရားရုံးသို့ လာရောက်သူများ လုံခြုံစိတ်ချစွာဖြင့် သက်သောင့်သက်သာ ရှိစေရန် ရည်ရွယ်တည်ဆောက်ထားခြင်း ဖြစ်သည်။

ယခုအခါ ပေ (၄၀၀×၂၀၀)ရုံးဝင်း အတွင်း ကား ၁၀ စီးခန့် ရပ်နားနိုင်သည့် အမိုးပါ ယာဉ်ရပ်နားနေရာပါရှိခြင်းကြောင့် အဆင်ပြေချောမွေ့စွာဖြင့် ကား၊ ဆိုင်ကယ်များ ရပ်နားနိုင်ပြီး တရားရုံး လုပ်ငန်းကိစ္စများကို လာရောက်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုလင်း(ပြန်/ဆက်)**

# စာရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

**ပဲခူး ဇွန် ၅**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်၏ ကြီးကြပ်မှုဖြင့် တောင်ငူခရိုင်တရားရုံးက ဖွင့်လှစ်သည့် စာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၁၆) သင်တန်းဖွင့်ပွဲကို ဇွန် ၄ ရက်က ခရိုင်တရားရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက စာရေးဝန်ထမ်းများအနေဖြင့် တရားရုံးများ၏နေ့စဉ် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ကျွမ်းကျင်တတ်မြောက်မှုစွမ်းရည် တိုးတက်မြင့်မားစေရန်နှင့်ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ သုံးနှစ်တာ မဟာဗျူဟာစီမံကိန်းကို သိရှိနားလည်သဘောပေါက်၍ ထိရောက်စွာ အထောက်အကူပြုစေရန်နှင့် တရားရုံးသို့ လာရောက်သူများအား နူးညံ့သိမ်မွေ့၊ စိတ်ရှည်၊ သည်းခံပြောဆိုဆက်ဆံရန်နှင့် မေတ္တာ၊ စေတနာထားဆောင်ရွက်ကြရန်မှာကြားသည်။

သင်တန်းသို့ ခရိုင်တရားရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများမှ စာရေးဝန်ထမ်း ၂၃ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ပုသိမ်မြို့ မြို့တော်ခန်းမ၌ ဇွန် ၅ ရက်က ကျင်းပရာ အထက်တန်းဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ စာစီစာကုံး ပြိုင်ပွဲဆုရရှိသူ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်စဉ်

**ပုသိမ်-လှကြည်**



## တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဇွန် ၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်၊ ကရင်၊ ချင်းနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# ရေဦးမြို့၌ အစာအဆိပ်သင့်သူများ အားလုံးကျန်းမာ

**ရေဦး ဇွန် ၅**

ရွှေဘိုခရိုင် ရေဦးမြို့နယ် ရွာဗိုကြီးအုပ်စု လှည်းသွင်းကျေးရွာတွင် မင်္ဂလာဆောင်အခမ်းအနား၌ ဇွန် ၂ ရက်က ညှော်ခံထမင်းကျွေးရာမှ လူ ၁၂၈ ဦး အစာအဆိပ်သင့်ကာ ဝမ်းပျက်ဝမ်းလျှော ဖြစ်ပွားခဲ့သည့်သတင်း မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြခဲ့သည်။

သတင်းအဖွဲ့က နောက်ဆက်တွဲသတင်းအခြေအနေ ဆက်သွယ်မေးမြန်းကြည့်ရာ ဇွန် ၃ ရက်အထိ ဝေဒနာခံစားခဲ့ကြရပြီး အမျိုးသမီးတစ်ဦးမှာ စိုးရိမ်ရသဖြင့် ရေဦးပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူခဲ့ရသည်။ ကျန်လူနာများ ကျေးရွာအုပ်ချုပ်ရေးမှူးအိမ်တွင် ကုသပေးသဖြင့် သက်သာသွားကြောင်း သိရသည်။

ရေဦးပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အမျိုးသမီးမှာ ကျန်းမာရေးအခြေအနေ ကောင်းမွန်လာ၍ ဇွန် ၄ ရက် နံနက် ၁၁ နာရီတွင် ဆေးရုံက ဆင်းသွားကြောင်း မြို့နယ်လူမှုရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မင်းက ပြောကြားသည်။

ဆက်လက်၍ မြို့နယ်လူမှုရေးအဖွဲ့ဥက္ကဋ္ဌက အစာအဆိပ်သင့် ဖြစ်ပွားရသည့် အကြောင်းရင်းကိုသိရှိရန် မုံရွာဆေးရုံမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံသို့ ဆက်လက်ပို့ဆောင်ပြီး စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ပြောကြားသည်။

**(မြန်မာ့အလင်း)**

# ငါးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ကဏ္ဍအလိုက် တိုးတက်အောင်မြင်ရေး အရှိန်အဟုန်မြှင့်ကြိုးပမ်းကြရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၅**

နိုင်ငံတော်၏ အဘက်ဘက်မှ အားနည်းချက်များ၊ အခက်အခဲပြဿနာများနှင့် ပြည်သူတို့၏ လိုအပ်ချက်များကို အကောင်းဆုံး ကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး ရည်ရွယ်ချက်များ ထားရှိသော မိမိတို့အနေဖြင့် ပြည်သူလူထုကို အလုပ်အကျွေးပြုစုသည့် ပြည့်အစေခံအဖြစ်ခံယူပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လက်ရှိအခြေအနေမှ မိမိတို့အားလုံး မျှော်မှန်းထားကြသည့် အနာဂတ်သစ်ကို လှပစွာ ပုံဖော် ထုဆစ်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် ပြည်သူများအားလုံးက မိမိတို့ကျရာ အခန်းကဏ္ဍအသီးသီးမှ ပူးပေါင်းပါဝင်ကြိုးပမ်းကြစေလိုပါကြောင်း ဇွန် ၄ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများနှင့် သီးခြားစီတွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ငါးသယံဇာတများ အလွန်အမင်း လျော့နည်းလာမှုအပေါ် ပြန်လည်ကုစားနိုင်ရေးအတွက် သုတေသနလုပ်ငန်းများ၊ ပညာပေးလုပ်ငန်းများ၊ ဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းသတ်မှတ်နိုင်ရေး ဆောင်ရွက်ခြင်းများ အပါအဝင် မွေးမြူရေးကဏ္ဍမှ တိုင်းရင်းငါးသားပေါက်များ၊ မွေးမြူရေး ငါးသားပေါက်များကို သဘာဝရေပြင်၌ မျိုးစိုက်ထည့်



ပေးခြင်း၊ ပုဂ္ဂလိက ငါး/ပုစွန် မွေးမြူထုတ်လုပ်ရေးကို အားပေးကူညီဆောင်ရွက်ခြင်း၊ လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများအတွက် ချေးငွေများ ပံ့ပိုးပေးခြင်းနှင့် ငါးအစာဈေးနှုန်း တည်ငြိမ်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ငါးရိက္ခာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ခေတ်မီရေချို ရေငန် ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ရေလုပ်သားများ၏ လူမှုစီးပွားဘဝများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းပေးကြရမည်ဖြစ်ကြောင်း၊ ကမ်းဝေးငါးဖမ်းလုပ်ငန်းများတွင် ခေတ်မီပင်လယ်ရေနက် ငါးဖမ်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည့်အတွက် ဥပဒေနှင့်အညီ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အဖွဲ့များမှ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

အလားတူ မွန်းတည့် ၁၂ နာရီတွင် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကြပြီး မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ ဆောင်ရွက်နေမှုများ၊ ရှေ့ဆက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များကို ကဏ္ဍအလိုက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

**(သတင်းစဉ်)**

# လက်ရှိနှင့် အနာဂတ်မျိုးဆက်များ အကျိုးစီးပွားအတွက် သဘာဝပတ်ဝန်းကျင်အမွေအနှစ်များ ထိန်းသိမ်းကြစို့

**တွေ့ဆုံမေးမြန်း - သူရဇော်၊ သန့်ဇင်ဝင်း(သတင်းစဉ်)**

**ဓာတ်ပုံ - ကိုကိုစိုးညွန့်၊ အေးသန်း(သတင်းစဉ်)**

ယနေ့ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲကို နေပြည်တော်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပြီး ပြည်တွင်း ပြည်ပမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးတို့အပေါ် ပါဝင်ဆွေးနွေးခဲ့ကြသည်။

"လက်ရှိပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်စွမ်းပေးနိုင်ပြီး အနာဂတ်ပြည်သူတွေရဲ့ လိုအပ်ချက်တွေကိုလည်း ဆက်လက်ဖြည့်စွမ်းပေးနိုင်ဖို့အတွက် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းမှု စတဲ့ မဏ္ဍိုင် (၃) ရပ်ကို အခြေပြုပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်တဲ့ ပတ်ဝန်းကျင်ရရှိအောင် ကျွန်တော်တို့အနေနဲ့ ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနိုင်က ပြောသည်။

"အဖိုးတန် ဇီဝမျိုးစုံမျိုးကွဲတွေ တရားမဝင်ရောင်းဝယ်မှုကြောင့် မျိုးသုဉ်းပျောက်ကွယ်ခြင်းကို ထိန်းသိမ်းကာကွယ်ဖို့အတွက် ဥပဒေတွေ ထုတ်ပြန် ပြဋ္ဌာန်းရုံသာမက အမှန်တကယ် ထိထိရောက်ရောက် ဆောင်ရွက်သွားဖို့ ပြည်သူတစ်ရပ်လုံးက ဇီဝမျိုးစုံမျိုးကွဲတွေရဲ့တန်ဖိုး၊ ဂေဟစနစ်တန်ဖိုးတွေကို အသိပညာမျှဝေ ပေးဖို့နဲ့ ပူးပေါင်းပါဝင်မှု တိုးမြှင့်လာစေဖို့ ရည်ရွယ်ချက်နဲ့ အခုအခမ်းအနားကို ကျင်းပရခြင်း ဖြစ်ပါတယ်"ဟု ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကျင်းပရခြင်း ရည်ရွယ်ချက်ကို ၎င်းက ရှင်းပြသည်။

ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံချက်များတွင် ထည့်သွင်းရေးဆွဲနိုင်ရန်အတွက် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒနှင့် မဟာဗျူဟာ မူဘောင်ကို ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့်လည်းကောင်း၊ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များကို ဥရောပသမဂ္ဂ၊ ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်နှင့် ကုလသမဂ္ဂအခြေချနေထိုင်ရေးအစီအစဉ်တို့ဖြင့် လည်းကောင်း၊



ဦးကျော်ဆန်းနိုင် ညွှန်ကြားရေးမှူး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန



မစ္စဟန်နာဟယ်ဆင်ဂန်
အစိမ်းရောင်စီးပွားရေးအဖွဲ့
ခေါင်းဆောင်

ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု အနည်းဆုံးဖြစ်စေရန်နှင့် ကာဗွန်ထုတ်လွှတ်မှု အနည်းဆုံးဖြစ်စေရန်အတွက် အမျိုးသားအဆင့် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူဘောင်ကို ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့ဖြင့် လည်းကောင်း၊ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်ကို ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်ဖြင့် လည်းကောင်း၊ ဘေးအန္တရာယ်ရှိသည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် လုပ်ငန်းစီမံချက်ကို နော်ဝေနိုင်ငံနှင့်လည်းကောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ ရာသီဥတုပြောင်းလဲလာမှုနဲ့ သဘာဝအရင်းအမြစ်တွေအပေါ်မှာ မူလအခြေအနေအထိ ပြန်လည်ထိန်းသိမ်းဖို့ အားနည်းနေတဲ့အတွက် ပထမဆုံးအနေနဲ့ အကြံပြုချင်တာက နိုင်ငံအနှံ့မှာ တိုင်ပင်ညှိနှိုင်းတဲ့ ဆွေးနွေးပွဲတွေ လုပ်ဖို့လိုပါတယ်"ဟု ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ရန်ပုံငွေအဖွဲ့၏ အစိမ်းရောင်စီးပွားရေးအဖွဲ့ခေါင်းဆောင် မစ္စဟန်နာဟယ်ဆင်ဂန်က အကြံပြုပြောကြားသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနိုင်က"၂၀၁၂ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ၂၀၁၄ ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ၊ ၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနဲ့ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်တွေကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါတယ်။ ဥပဒေ၊ နည်းဥပဒေတွေအရ အကောင်အထည်ဖော်နိုင်ဖို့နဲ့ ကဏ္ဍအသီးသီးမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ဖို့ တွန်းအားပေးဆောင်ရွက်လျက်ရှိပါတယ်"ဟု ဝန်ကြီးဌာန၏ ဆောင်ရွက်နေမှုကို ပြောကြားသည်။

အနာဂတ်တွင် မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှု အကျိုးဆက်အဖြစ် ကြုံတွေ့လာနိုင်သည်များကိုလည်း မစ္စဟန်နာက "စွမ်းအင်ချွေတာရေး၊ သယံဇာတနဲ့ သစ်တောတွေ ပြန်လည်ထိန်းသိမ်းရေးအပြင် အနာဂတ်မှာ ရာသီဥတုပြောင်းလဲမှုနဲ့အတူ အပူချိန်မြင့်တက်မှုတွေ၊ မိုးရေချိန်တိုးမှုတွေကြောင့် သန့်ရှင်းတဲ့ သောက်သုံးရေရရှိအောင် ပြန်လည်ထိန်းသိမ်းဆောင်ရွက်ဖို့ လိုအပ်နေပါတယ်။ ဒါ့အပြင် သယံဇာတဆိုင်ရာ မြေပုံတွေတိုးတက်ဖို့ ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့(မြန်မာ)နဲ့ သယံဇာတဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လုပ်ဆောင်နေပါတယ်။ လိုအပ်တဲ့ မူဝါဒနဲ့ နည်းဗျူဟာပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ဖို့ အဓိကထား ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်"ဟု ရှင်းပြသည်။

"သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ဆိုတာ နည်းလမ်းအများကြီးရှိပါတယ်။ ပထမဆုံးအနေနဲ့ ပြည်သူလူထုကို မူဝါဒတွေ၊ ဥပဒေတွေကို အသိပညာပေးဖို့နဲ့ ရှင်းရှင်းလင်းလင်း သိအောင်လုပ်ဆောင်ဖို့ လိုပါတယ်။ ကျွန်တော်တို့အနေနဲ့ နည်းပညာပိုင်းမှာ တိုးတက်လာအောင် လုပ်ဆောင်ပေးနေပါတယ်"ဟု ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်မှ နည်းပညာဆိုင်ရာ အကြံပေးအဖွဲ့ခေါင်းဆောင် မစ္စတာ ပတ်စ်ကွေးလ်ကပ်ပီဇီက ပြောကြားသည်။

လက်ရှိနှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးစီးပွားအတွက် ကျွန်ုပ်တို့၏ သဘာဝပတ်ဝန်းကျင်အမွေအနှစ်များကို ထိန်းသိမ်းရန်နှင့် အရေးယူဆောင်ရွက်ရန် မည်သည့်နေရာတွင်မဆို လျစ်လျူရှုမှုများကို ပယ်ဖျက်ရန်၊ လောဘတရားများကို ချိုးနှိမ်ရန် တစ်ကမ္ဘာလုံးရှိ ပြည်သူများနှင့် အစိုးရများကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အတွက် ပေးပို့သည့် သဝဏ်လွှာတွင် တိုက်တွန်းထားသည်။

## ● ရှေ့ဖုံးမှ

အဆိုပါခရီးစဉ်တွင် ဦးဆောင်သူအဖြစ် ပါဝင်ခဲ့သူ ဦးအောင်မျိုးချစ်ထံမှ သိရသည်။

မန္တလေးအောက်ဘက်တွင် မတွေ့ခဲ့ရသည့် ဧရာဝတီလင်းပိုင် စတင်တွေ့ရှိမှုနှင့်ပတ်သက်၍ ဦးအောင်မျိုးချစ်က "ဒီနေ့အထိ ကျွန်တော် ကွင်းဆင်းစစ်ဆေးထားတာကတော့ ဧရာဝတီလင်းပိုင်က အရင်က ဗန်းမော်နဲ့ မန္တလေးကြားမှာသာ ရှိပေမယ့် အခုချိန်မှာ ကျွန်တော်ပြောနိုင်တာက ပြည်နဲ့ မန္တလေးကြားမှာလည်း ရှိတယ်ဆိုတာပါ။ တွေ့လည်း တွေ့ခဲ့ပါတယ်။ စတွေ့တာက စလေရဲ့အထက်နားမှာ စတွေ့တယ်။ အဲ့ဒီနေရာက ပုဒ်မ ၁၄၄ ထုတ်ထားတယ်။ ပိုက်လည်းမရှိဘူး။ အနှောင့်အယှက်ကင်းတယ်။ ဧရာဝတီလင်းပိုင်ကို ၂၀၁၄ ခုနှစ်လောက်က အုပ်စုလိုက် တွေ့ခဲ့တဲ့သူတွေလည်း ရှိပါတယ်။ ရေလုပ်သား ၂၀၀ လောက်ရှိတဲ့ ရေတော်ရွာဆို ဧရာဝတီလင်းပိုင်ရှိတာ အကုန်လုံးသိတယ်"ဟု ပြောသည်။

မန္တလေးနှင့် ပြည်မြို့အကြား ဧရာဝတီလင်းပိုင်များ ရှိ/မရှိ စစ်တမ်း (Survey) ကောက်ယူခဲ့ကြရာတွင် မော်လမြိုင်တက္ကသိုလ်နှင့် ပုသိမ်တက္ကသိုလ်တို့မှ အဏ္ဏဝါဗေဒကျောင်းသားများ၊ လူငယ်များစုစည်းဖွဲ့ထားသည့် Grow Back အဖွဲ့၊ ဧရာဝတီလင်းပိုင်များနှင့်အတူ ကွန်ပစ်ငါးဖမ်းခဲ့ကြသူ ရေလုပ်သားကြီးများ၊ သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူများ ပါဝင်ခဲ့သည်။

ဧရာဝတီလင်းပိုင်များနှင့်အတူ ကွန်ပစ်ငါးဖမ်းခဲ့ဖူးသူ စဉ့်ကူးမြို့နယ် ဆီသည်ကျေးရွာ၌ နေထိုင်သူ အသက် ၆၅ နှစ်အရွယ်ရှိ ဦးမြင့်အောင်က "တံငါသည်လုပ်တာ နှစ် ၅၀ လောက်ရှိပြီ။ ဧရာဝတီလင်းပိုင်ကို ၁၂ နှစ်အရွယ်၊ ၁၃ နှစ်အရွယ် လောက်ကတည်းက မြင်ဖူးတာပါ။ ဧရာဝတီလင်းပိုင်က လူယဉ် တယ်။ သူကပေါ်လာရင် ခေါက်သံပေးတယ်။ နောက်က တက် သမားက တက်သံပေးတယ်။ ဧရာဝတီလင်းပိုင်က ငါးအုပ်ကို ဝင်ရိုက်ပြီး ခြောက်ပေးတယ်။ ကိုယ်က ကွန်ကိုင်လို့ မပြီးသေးရင်တော့ နောက်ကနေ တက်သံပေးပြီး ဝရူး၊ ဝရူး ဆိုပြီး သူနားလည်အောင် လုပ်ပြရတယ်။ ဒါဆို သူက မရိုက်တော့ဘူး"ဟု ပြောသည်။

ဧရာဝတီလင်းပိုင်များသည် ယခင်က လူနှင့်အနေနီး၍ အုပ်စုလိုက်ရှိခဲ့သော်လည်း ရှော့တိုက် (လျှပ်စစ်)၍ ငါးဖမ်းခြင်း၊ တရားမဝင် ခွင့်ပြုထားခြင်းမရှိသည့် ငါးဖမ်းနည်းများဖြင့် ငါးသားပေါက်များပါမကျန် ဖမ်းဆီးခြင်း၊ မြစ်ကျောက်များစုပ်ယူခြင်း၊ ရွှေကျင်ခြင်း၊ လင်းပိုင်အဆီထုတ်ယူခြင်းတို့သည် ဧရာဝတီလင်းပိုင်များ မျိုးသုန်းပျောက်ကွယ်စေရန် ဆွဲဆောင်နေသည့် အဓိကအချက်များဖြစ်သည်ဟု ဦးအောင်မျိုးချစ်ထံမှ သိရသည်။

" နောက် ဧရာဝတီမြစ်ထဲမှာ တီလားပီးယား ငါးမျိုးစိတ်တွေ တအားများလာတယ်။ နှစ်ပေါင်း ၄၀ လောက်အတွင်းမှာ တီလားပီးယားမျိုးက တအားပွားလာပြီး မြစ်ထဲမှာ ဖမ်းလို့ရရင် ၅၀ ရာခိုင်နှုန်းက တီလားပီးယားငါးတွေ ဖြစ်နေတယ်။ တီလားပီးယားကို ဆူးတောင်တွေကြောင့် လင်းပိုင်က မစားဘူး။ ဧရာဝတီလင်းပိုင်တွေရဲ့သဘာဝကို လေ့လာတဲ့အခါမှာ စားတဲ့အချိန်၊ နားတဲ့အချိန်က နည်းလာပြီး ခရီးသွားနေရတာ ပိုများနေတယ်။ ငါးသယံဇာတ လျော့လာမယ်ဆို ဧရာဝတီလင်းပိုင်တွေ ပျောက်ကုန်မယ်"ဟု ၎င်းက ပြောသည်။

ယခုအခါတွင် ဧရာဝတီလင်းပိုင်များသည် မြန်မာနိုင်ငံတွင် ကောင်ရေ ၁၀၀ ခန့်သာ ကျန်ရှိ၍ ၂၀၀၁ ခုနှစ်မှ ယခုအချိန်အထိ ၁၆ နှစ်အတွင်း ဧရာဝတီလင်းပိုင် သေဆုံးသည့်အရေအတွက်မှာ ၃၄ ကောင်အထိရှိကြောင်း အဆိုပါပွဲမှ သိရသည်။

ဦးအောင်မျိုးချစ်က "ငါးမဖမ်းရဇုန်သတ်မှတ်ဖို့နဲ့ ဥပဒေအတိုင်းတိတိကျကျ အရေးယူဖို့လိုပါပြီ။ ဇုန်သတ်မှတ်ပေးဖို့ပါ။ အပိုင်းအခြားနဲ့ ဇုန်သတ်မှတ်လို့ အန္တရာယ်မရှိရင် ငါးက ရောက်လာမယ်။ အစာရှိမယ် မျိုးပွားမယ်။ နောက်ကြီးလာရင် သူတို့က နောက်တစ်နေရာကို ဆက်သွားမယ်။ အဲ့ဒီအခါကျရင် ငါးအကောင်ကြီးဖမ်းလို့ရမယ်။ မြစ်ကြီးတစ်ခုလုံးကို ငါးမဖမ်းရလို့ ပြောတာမဟုတ်ဘူး။ ငါးကို ငါးမှုန်၊ ငါးမွှားကအစ ဆန်ခါချဖမ်းတာတွေ ရပ်သင့်ပါပြီ"ဟု လင်းပိုင်များ ပြန်လည်များပြားလာစေရန်နှင့် ငါးသယံဇာတများ သုံးနှစ်မှ ငါးနှစ်အတွင်း မူလအခြေအနေသို့ ပြန်ရောက်လာစေရန်အတွက် အကြံပြုသည်။

မြန်မာနိုင်ငံ၌ အဓိကမြစ်ကြီး လေးသွယ်ရှိသည့်အနက် ဧရာဝတီလင်းပိုင်များသည် ဧရာဝတီမြစ်တစ်ခုတည်းတွင်သာ ရှိသည်။ ဧရာဝတီလင်းပိုင်အား ကမ်းရိုးတန်းဒေသများ၌ ရခိုင်ပြည်နယ်မြောက်ပိုင်း စစ်တွေပတ်ဝန်းကျင်ဒေသ၊ ရေချိုရေငန်စပ် ဒေသများဖြစ်သည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ မြိတ်-ကော့သောင်း ကမ်းရိုးတန်းတို့တွင် တွေ့နိုင်သည်။

ဧရာဝတီလင်းပိုင်အား ၁၈၇၉ ခုနှစ်တွင် မြန်မာနိုင်ငံ၌ စတင်တွေ့ရှိခဲ့ပြီး ယင်းအချိန်မှစ၍ ဧရာဝတီလင်းပိုင်ဟုသာ ခေါ်ဆိုခဲ့ကြပြီး အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ အင်ဒိုနီရှားနိုင်ငံနှင့် မဲခေါင်မြစ်တို့၌ တွေ့နိုင်ပြီး အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှားကျွန်းဆွယ်နှင့် ဩစတြေးလျမြောက်ပိုင်းတို့၌လည်း တွေ့ရှိရကြောင်း ဧရာဝတီလင်းပိုင်ရှာဖွေတွေ့ရှိမှုခရီးစဉ် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

# ဂုဏ်ပြုကြိုဆို အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်နေ့ကို




**ဒေါက်တာဥမ္မာလင်း(မော်ကွန်းတိုက်)**

၂၀၁၆ ခုနှစ် ဇွန်လ ၉ ရက်နေ့သည် "အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်နေ့"ဖြစ်ပါသည်။ UNESCOက ကြီးမှူးကမကထပြုလုပ်၍ ၁၉၄၈ ခုနှစ်မှစတင်ကာ ဇွန်လ ၉ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာမော်ကွန်းတိုက်နေ့" အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ နှစ်စဉ်ပြက္ခဒိန်တစ်ခုလုံးတွင် အပြည်ပြည်ဆိုင်ရာနေ့များအား အသီးသီး သတ်မှတ်ကျင်းပခဲ့ကြသော်လည်း အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်နေ့ကိုမူ ပြည်သူများသိရှိမှု နည်းပါးခဲ့သည်။

အပြည်ပြည်ဆိုင်ရာမော်ကွန်းတိုက်နေ့ကို သတ်မှတ်ကျင်းပရခြင်းမှာ နိုင်ငံတကာရှိ မော်ကွန်းတိုက်များမှ လုပ်ဖော်ကိုင်ဖက်များ၊ အလှူရှင်များ၊ စီမံအုပ်ချုပ်သူများ အချင်းချင်းခင်မင်ရင်းနှီးစွာ ညီညွတ်ပေါင်းစည်းခြင်းအသွင်ကို ဖော်ဆောင်ရန်အတွက်ပင်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာမော်ကွန်းတိုက်ကောင်စီ (ICA)သည် အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) တစ်ခုဖြစ်ပြီး UNDPနှင့် UNESCO တို့ကဲ့သို့ပင် နိုင်ငံတကာရှိ မော်ကွန်းတိုက်များမှ မော်ကွန်းထိန်းများ၊ မှတ်တမ်းစီမံခန့်ခွဲသူများ၏ အတွေ့အကြုံများနှင့် အရေးပါလှသော လုပ်ငန်းများကိုစုဝေးကာ အတူတကွပေါင်းစည်းကူညီ ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဤသို့ ဆောင်ရွက်ခဲ့ခြင်း၏ရလဒ်မှာ နှစ်စဉ်နှစ်တိုင်း ဇွန်လ ၉ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာမော်ကွန်းတိုက်နေ့အဖြစ် နိုင်ငံအလိုက် ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတိုင်းတွင် စိတ်ဝင်စားစရာများစွာနှင့် ဂုဏ်ယူဖွယ်ရာများစွာ စုဝေးတည်ရှိရာနေရာမှာ မော်ကွန်းတိုက်များပင်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ မော်ကွန်းတိုက်တိုင်းသည် နိုင်ငံအလိုက် မည်သို့ပင် အသိအမှတ်ပြုသုံးစွဲခေါ်ဝေါ်ကြစေကာမူ သမိုင်းအစဉ်အလာများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရှေးဟောင်းအထောက်အထားများအား မပျောက်ပျက်စေရန် နည်းလမ်းမျိုးစုံနှင့် ထိန်းသိမ်းနေသည့် အဆောက်အအုံများဖြစ်သည်။ မော်ကွန်းတိုက်များတွင် ထိန်းသိမ်းထားရှိသည့် မော်ကွန်းများသည် နိုင်ငံ၏အတိတ်သမိုင်းကြောင်းနှင့် ဆက်နွှယ်နေသည့်အပြင် လူမှုစီးပွားရေး၊ ယဉ်ကျေးမှုနှင့် ခေတ်အဆက်ဆက်အုပ်ချုပ်ရေးဆိုင်ရာ အထောက်အထားများဖြစ်၍ (ပြည်တွင်း/ ပြည်ပ)ကျောင်းသား၊ ကျောင်းသူများ၊ သုတေသနပြုလုပ်သူများ၊ သုတေသီများနှင့် အစိုးရဌာနအသီးသီးအတွက် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများလည်း ဖြစ်ကြသည်။

နိုင်ငံအသီးသီးတွင် မော်ကွန်းတိုက်များထားရှိရခြင်းမှာ နိုင်ငံအတွက် မူရင်းသမိုင်းအထောက်အထားများ၊ နိုင်ငံ၏ အမွေအနှစ်များနှင့် နောင်အစားပြန်မရနိုင်သည့် အထင်ကရ မှတ်တမ်းများ သဘာဝဘေးအန္တရာယ် (သို့မဟုတ်) အခြားအကြောင်းအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရန်နှင့် ရေရှည်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ အထင်ကရ မှတ်တမ်းဆိုသည်မှာ မော်ကွန်းတင်ထိုက်သောမှတ်တမ်းများကို ဆိုလိုပါသည်။ မော်ကွန်းတင်ထိုက်သော မှတ်တမ်းနှင့် မော်ကွန်းမတင်ထိုက်သောမှတ်တမ်းများကို အကဲဖြတ်ရာတွင် သမိုင်းဖြစ်ရပ်မှန်နှင့် သမိုင်းကြောင်းအချက်အလက်များကို အခြေခံ၍ အမျိုးစားခွဲခြားပါသည်။

နိုင်ငံတိုင်းတွင် "သမိုင်းဟူသည် အမှောင်ချထား၍ ရကောင်းသောအရာ မဟုတ်ပေ "နိုင်ငံတကာရှိ မော်ကွန်းတိုက်တိုင်းသည် ထိုအထင်ကရမှတ်တမ်းများအား သက်ဆိုင်ရာ နိုင်ငံအသီးသီးရှိ မော်ကွန်းတိုက်များ၏ ထိန်းချုပ်မှုအောက်တွင်သာ လုပ်ငန်းများဆောင်ရွက်ကြသည်ကို တူညီစွာတွေ့ရှိရသည်။ မော်ကွန်းတိုက်များတွင် ထိန်းသိမ်းထားရှိသော မှတ်တမ်းများသည် အစိုးရဌာနများ၊ အခြားအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များက ရေးသားပြုစုထားသည့်မှတ်တမ်းများ (သို့မဟုတ်) လက်ခံရရှိသည့် စာရွက်စာတမ်းများ၊ ကမ္ပည်းစာ၊ ပေစာ၊ ပုရပိုက်စာ၊ လက်ရေးစာ၊ ပုံနှိပ်စာနှင့် စက်ကိရိယာများဖြင့် မှတ်တမ်းတင်ထားသည့် စက္ကူမဟုတ်သော မှတ်တမ်းများ (Non- paper Records) စသည့်မှတ်တမ်းများပါဝင်သည်။ ထိုမှတ်တမ်းမှတ်ရာများသည် မျက်မှောက်ခေတ်နှင့် အနာဂတ်တွင် ဖြစ်ပေါ်မည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်လည်း ဆက်စပ်လျက်ရှိသည်။ ဤသို့တိုင်းပြည်အတွက် အရေးပါလှသည့် စနစ်တကျထိန်းသိမ်းရန်လိုအပ်သော မှတ်တမ်းမှတ်ရာများကို မော်ကွန်းဟုခေါ်သည်။

မြန်မာနိုင်ငံသည် ရှေးမြန်မာမင်းများလက်ထက်က မော်ကွန်းများ၏ အဖိုးထိုက်တန်မှုကို အသိအမှတ်ပြုပြီး ပုဂံခေတ်(၁၀၄၄ ခုနှစ်)၌ မော်ကွန်းများအား ကျောက်တုံးများပေါ်တွင်ထွင်း၍ ကျောက်စာများအသွင်ဖြင့်လည်းကောင်း၊ စေတီပုထိုးများတွင်လည်းကောင်း၊ အထူးသီးသန့်ဆောက်လုပ်ထားသော ထိုခေတ်အခေါ် တင်းကုပ်(ခေါ်)မော်ကွန်းတိုက်များတွင် အမြတ်တနိုးသိမ်းဆည်းထားခဲ့ကြသည်။ အင်းဝခေတ်တွင်လည်း မော်ကွန်းများကို ဘုရင်မင်းမြတ်၏ဘဏ္ဍာတိုက်တွင် ရွှေတိုက်စိုးအား တာဝန်ယူထိန်းသိမ်းစေခဲ့သည်။ ပျူ၊ ကမ်းယံ၊ သက်မှ စတင်ကာ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ ပျူမြို့ပြနိုင်ငံများ၊ ဝေသာလီမြို့ပြနိုင်ငံများ၊ သုဝဏ္ဏဘူမိနှင့် ပုဂံနေပြည်တော်စသည့် ရှေးမြန်မာတို့၏ ကြီးကျယ်ခမ်းနားမှုများကို ယနေ့အထိ တည်ရှိနေသည့် ရှေးမှတ်တမ်းမော်ကွန်းများက သာဓကပြလျက်ရှိနေပေသည်။

မြန်မာနိုင်ငံကို ဗြိတိသျှတို့ လာရောက်သိမ်းပိုက်ပြီးသည့်အချိန် ဗြိတိသျှအုပ်ချုပ်ရေးလက်ထက်တွင် မြန်မာမင်းများလက်ထက်မှ ကျန်ရစ်ခဲ့သောမော်ကွန်းများ ပျောက်ဆုံးသွားခဲ့ရသည်။ ဗြိတိသျှတို့သည် ၎င်းတို့၏မှတ်တမ်းများကို စနစ်တကျပြုစုထိန်းသိမ်းခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားသည့်အချိန်၌ ၎င်းတို့၏အုပ်ချုပ်ရေးကို ယာယီအားဖြင့် အိန္ဒိယပြည် ဆင်းမလားသို့ ရွှေ့ပြောင်းသွားခဲ့သော်လည်း ထိုမှတ်တမ်းများကို ပြန်လည်ယူဆောင်လာကြသဖြင့် ရှေးဟောင်းအထောက်အထားများ ယနေ့ထိတိုင် ကျန်ရှိနေခြင်းဖြစ်သည်။ ထို့အပြင် မြန်မာပြည်နှင့်စပ်လျဉ်းသော အခြားမှတ်တမ်းများကိုလည်း ဗြိတိန်နိုင်ငံ လန်ဒန်မြို့ ဗြိတိသျှစာကြည့်တိုက်ရှိ အိန္ဒိယရုံးစာကြည့်တိုက်နှင့် မှတ်တမ်းများစုဆောင်းထားသော ဌာနခွဲ (India Office Library and Records Collectionsနှင့် မော်ကွန်းတိုက်များတွင် ယနေ့တိုင်တွေ့ရှိနိုင်ပေသည်။

၁၉၅၅ ခုနှစ်တွင် သမိုင်းကော်မရှင်ကို ဖွဲ့စည်းသည့်အခါ ပေ၊ ပုရပိုက်၊ လက်ရေးမူရင်းစာများကို သမိုင်းဝင်မှတ်တမ်းများအဖြစ် သတ်မှတ်စုဆောင်းရန်မူများချမှတ်ခဲ့သည်။ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၏ အဓိကလုပ်ငန်းတာဝန်နှင့် ရည်ရွယ်ချက်များအား အကောင်အထည်ဖော်သည့်အနေဖြင့် ၁၉၈၅ ခုနှစ်ကတည်းကစတင်၍ အိန္ဒိယပြည်နှင့် အခြားတိုင်းပြည်များရှိ မော်ကွန်းတိုက်များနှင့် စာကြည့်တိုက်များတွင် ရောက်ရှိနေသော မြန်မာပြည်နှင့် စပ်လျဉ်းသည့်မှတ်တမ်းများကို မိုက်ကရိုဖလင်များဖြင့် မူရင်းအတိုင်း (သို့မဟုတ်) မိတ္တူများအား ဝယ်ယူစုဆောင်း၍ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနတွင် ထိန်းသိမ်းထားရှိပါသည်။ အတိတ်မှတ်တမ်းများသည် တိကျစစ်မှန်သော မူရင်းအထောက်အထားများဖြစ်ပြီး နိုင်ငံနှင့် လူမျိုးအတွက် တန်ဖိုးကြီးမားလှပါသည်။

အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်ကောင်စီ (ICA) သည် UNDP၊ UNESCO တို့နှင့်ပူးပေါင်းကာ နိုင်ငံအသီးသီးရှိ မော်ကွန်းတိုက်များတွင် မှတ်တမ်းမော်ကွန်းများ ထားသိုမှုစနစ်တကျရှိရေး၊ ခေတ်စနစ်နှင့်အညီ ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် သက်ဆိုင်ရာတိုင်းပြည်များရှိ ပြည်သူလူထုအား သတင်းအချက်အလက်နှင့် အထောက်အထားများ အသုံးပြုခွင့်ရရှိရေးတို့အတွက် အစည်းအဝေးများ၊ အတွေ့အထွေညီလာခံများ၊ စာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စားပွဲဝိုင်းကွန်ဖရင့်များ ကျင်းပ၍ မော်ကွန်းများ၏လုံခြုံမှုအတွက် စီမံချက်များချမှတ်ကာ မော်ကွန်း၊ မှတ်တမ်းစီမံခန့်ခွဲမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ မော်ကွန်း၊ မှတ်တမ်းစီမံခန့်ခွဲခြင်းဆိုသည်မှာ နေရာဒေသအသီးသီးမှ လက်ဝယ်ရရှိသည့် အထောက်အထားမှတ်တမ်းများကိုရယူပြီးနောက် ရည်ညွှန်းကိုးကားနိုင်သည်အထိ အဆင့်ဆင့်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ဤသို့ မော်ကွန်း၊ စီမံခန့်ခွဲမှုအဆင့်ဆင့် ပြုလုပ်ထားခြင်းဖြင့် သမိုင်းတန်ဖိုး၊ မော်ကွန်းတန်ဖိုး၊ အုပ်ချုပ်မှုတန်ဖိုးရှိသည့် မော်ကွန်းများကို အကာအကွယ်ပြုပြီးဖြစ်သကဲ့သို့ ပြန်လည်ရည်ညွှန်းကိုးကားရန် လိုအပ်သည့်အချိန်၌လည်း လွယ်ကူစွာ မှီငြမ်းအသုံးပြုနိုင်သည့်အခွင့်အလမ်းကို ရရှိနိုင်မည်ဖြစ်သည်။

အမျိုးသားမော်ကွန်းတိုက်သည် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်ကောင်စီ (ICA) အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ကမ္ဘာပေါ်ရှိ မော်ကွန်းတိုက်များနည်းတူ မော်ကွန်းလုပ်ငန်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာများကို ပြောင်းလဲလာသည့် နည်းပညာများနှင့်အညီ ထိန်းသိမ်းမှုနည်းစနစ်များကို ကျင့်သုံးလျက်ရှိပါသည်။ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် မော်ကွန်း၊ မှတ်တမ်းများ ကို 'နိုင်ငံ၏ပုံရိပ်'အဖြစ် တန်ဖိုးထားထိန်းသိမ်းကာ ၂၀၁၆ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ကျရောက်သည့် "အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်နေ့"ကို ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။

**နိုင်ငံအသီးသီးတွင် မော်ကွန်းတိုက်များ ထားရှိရခြင်းမှာ နိုင်ငံအတွက် မူရင်းသမိုင်းအထောက်အထားများ၊ နိုင်ငံ၏ အမွေအနှစ်များနှင့် နောင်အစားပြန်မရနိုင်သည့် အထင်ကရ မှတ်တမ်းများ သဘာဝဘေးအန္တရာယ် (သို့မဟုတ်) အခြား အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရန်နှင့် ရေရှည်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်**

## စကိတ်စီးအားကစားဝါသနာရှင်များအသင်းမှ အလွတ်တန်းစကိတ်စီးပြိုင်ပွဲကျင်းပ



**ရန်ကုန် ဇွန် ၅**

မြန်မာနိုင်ငံ စကိတ်စီးအားကစားဝါသနာရှင်များအသင်းက ကျင်းပသည့် အလွတ်တန်းစကိတ်စီးပြိုင်ပွဲကို ဇွန် ၄ ရက်က ရန်ကုန်မြို့ လှည်းတန်းခုံးကျော်တံတားအောက်၌ ကျင်းပခဲ့သည်။

"ကျွန်တော်တို့ နွေရာသီသင်တန်းပေးထားတဲ့ကလေးတွေကို စကိတ်ပြိုင်ပွဲ လုပ်ပေးခြင်းဖြစ်ပါတယ်။ အမေရိကန်နိုင်ငံက လှူဒါန်းထားတဲ့ စကိတ်တွေကို ကစားသမားတွေကို ဒီတိုင်းမပေးချင်လို့ ပြိုင်ပွဲကျင်းပပေးပြီး ကျွမ်းကျင်တဲ့ စကိတ်ကစားသမားများကို ပေးတာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ အခက်အခဲဖြတ်ကျော်၊ ခုန်မယ်၊ ပေါက်မယ်ပေးထားတဲ့ပစ္စည်းများကို တစ်မိနစ်အတွင်း အသပ်ရပ်ဆုံး မြေပေါ်မှာ ပြသနိုင်တဲ့သူကို သုံးသိန်းတန်ဖိုးရှိ စကိတ်စီးဖိနပ်တစ်စုံ ချီးမြှင့်ပေးမှာပါ"ဟု မြန်မာနိုင်ငံ စကိတ်စီးအားကစားဝါသနာရှင်များအသင်းဥက္ကဋ္ဌ ဦးလွင်လတ်က ပြောသည်။ အသင်းအနေဖြင့် မေလက မလေးရှားနိုင်ငံမှာကျင်းပသည့် (၃)ကြိမ်မြောက် အာဆီယံစကိတ်ပြိုင်ပွဲတွင် ကမ္ဘာ့ဖလား ခြေစစ်ပွဲဝင်ခွင့်ရခဲ့ကြောင်း ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်ခွင့်ရသည့်အတွက် နိုဝင်ဘာလတွင် ထိုင်းနိုင်ငံ၌ နိုင်ငံပေါင်း ၃၅ နိုင်ငံနှင့် ယှဉ်ပြိုင်ရန်နှင့် တရုတ်နိုင်ငံ ကမ္ဘာ့စလပ်လုံးစကိတ် သမားများအစည်းအရုံးက ဖိတ်ခေါ်ထားသည့် ပြိုင်ပွဲလည်းရှိကြောင်း ၂၀၁၅ ခုနှစ် ဩဂုတ်လက မလေးရှားနိုင်ငံ ပဲရပ်ခရိုင် အီပိုမြို့မှာ ကျင်းပသည့်ပြိုင်ပွဲတွင် မြန်မာအသင်းက ရွှေသုံးခု ငွေတစ်ခုရရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

မြန်မာနိုင်ငံ စကိတ်စီးအားကစားဝါသနာရှင်များအသင်းသည် ၂၀၁၃ ခုနှစ် မေလက စတင်ဖွဲ့စည်းထားကာ အသင်းသား ၄၀၀ ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## မုဒုံမြို့နယ်အတွင်း မြေငှားဂရန်ထုတ်ပေး

**မုဒုံ ဇွန် ၅**

မွန်ပြည်နယ် မုဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တစ်မြို့နယ်လျှင် ကျေးရွာတစ်ရွာစီ ရွေးချယ်၍ ရက် ၁၀၀ စီမံချက်တွင်ပါဝင်သော ကျေးရွာမြေငှားဂရန် ထုတ်ပေးရေးလုပ်ငန်းစီမံချက်အရ မုဒုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ထင်နှင့် လုပ်ငန်းအဖွဲ့သည် မေ ၃ ရက်က ကော့ပရံကျေးရွာသို့ သွားရောက်ကာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များနှင့်ညှိနှိုင်းပြီး မြေငှားဂရန်ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလုပ်ငန်းအဖွဲ့တို့က မြေယာဥပဒေနှင့်အညီ မြေငှားဂရန်များကို ကျေးရွာပြည်သူ ၅၅ ဦးထံသို့ မြေ ၁၀ ဒသမ ၀၃၇ ဧကကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အလားတူ ပြီးခဲ့သည့် မေလတွင်လည်း ကော့ပရံကျေးရွာနေသူ အိမ်ထောင်စု ၈၉ ဦးတို့အား မြေ ၁၃ဒသမ ၃၆၇ ဧကကို ဥပဒေနှင့်အညီ မြေငှားဂရန်များ ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

**မုဒုံမောင်မောင်**

# ၁၃ ခုမြောက် ရန်ကုန်မြို့ပြ အမွေအနှစ် ကမ္ပည်းပြား မတ်စ်မီးယားရေရှုအာ ဂျူးဘုရားကျောင်း၌ တပ်ဆင်

**ရန်ကုန် ဇွန် ၅**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် Royal Philips Corporation တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၁၃ ခုမြောက် အပြာရောင်ကမ္ပည်းပြားတပ်ဆင်သည့် အခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ၂၆ လမ်းရှိ မတ်စ်မီးယားရေရှုအာ ဂျူးဘုရားကျောင်း၌ ကျင်းပသည်။

ဘုရားကျောင်းဂေါပကဖြစ်သူ ဦး Sammy Samules က အဆိုပါ ကမ္ပည်းပြား တပ်ဆင်ခြင်းနှင့် စပ်လျဉ်း၍ "ဒီလိုအထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြားတပ်ဆင်မှုက ကျွန်တော်တို့တင် မဟုတ်ပါဘူး၊ အခြားဘာသာတွေအတွက်ရော ရန်ကုန်မြို့အတွက်ပါဂုဏ်ယူစရာပါ။ ဘုရားကျောင်းကို ဥရောပကတင် မဟုတ်ဘဲ၊ အိန္ဒိယ၊ ဂျပန်စတဲ့နိုင်ငံတွေက လာရောက်လေ့လာကြပါတယ်။ အလွန်ကို ဂုဏ်ယူမိပါတယ်၊ အခု ဂျူးလူမျိုးက အယောက် ၂၀ လောက်ပဲရှိပါတယ်။ အရင်ကတော့ လူဦးရေ ၂၀၀၀ ကျော်လောက် ရန်ကုန်မှာရှိခဲ့ဖူးတယ်။ လက်ရှိ ဒီဘုရားကျောင်းမတိုင်မီ ၁၈၅၂ ခုနှစ်က သစ်သားကျောင်းဆောင်ရှိခဲ့တယ်။ ၁၈၅၄ ခုနှစ်မှာ မီးလောင်ပျက်စီးခဲ့တယ်။ အဲဒီနောက်ပိုင်းမှာ လက်ရှိဘုရားကျောင်းကို ၁၈၉၃ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၁၈၉၆ ခုနှစ်မှာ ပြီးစီးခဲ့တယ်။ ဒါကြောင့် ဘုရားကျောင်းရဲ့သက်တမ်းက နှစ် ၁၀၀ ကျော်ခဲ့ပြီ ဖြစ်ပါတယ်"ဟု ပြောသည်။






အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ခြင်းသည် ရန်ကုန်မြို့၏ သမိုင်းကို အထိရောက်ဆုံးနှင့် ထင်သာမြင်သာအရှိဆုံး ဖော်ပြနိုင်မည့် နည်းလမ်းများအနက်မှ တစ်ခုဖြစ်ကြောင်း၊ အများပြည်သူက တိုက်ရိုက်ထိတွေ့နိုင်မည်ဖြစ်သည့် အဆိုပါ ကမ္ပည်းပြားများမှတစ်ဆင့် ရန်ကုန်မြို့၏ သမိုင်းကြောင်းကို အသက်အရွယ်မရွေး နယ်ပယ်စုံမှ ပြည်သူများလေ့လာနိုင်မည်ဖြစ်ကြောင်း အဆိုပါအပြာရောင်ကမ္ပည်းပြားတပ်ဆင်သည့် အခမ်းအနားတွင် ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သမိုင်းသုတေသီနှင့် စီမံကိန်းမန်နေဂျာ ဦးသူရိန်အောင်က ပြောသည်။

"အခု ဂျူးဘုရားကျောင်းက ရန်ကုန်မြို့မှာ ရှေးကျတဲ့ ဘုရားကျောင်းတစ်ခုတည်းမှာပါပါတယ်။ ယဉ်ကျေးမှုအရရော၊ ဗိသုကာအပိုင်းကပါ ထူးခြားတဲ့ ဘုရားကျောင်းတစ်ခုဖြစ်တဲ့အတွက် ကမ္ပည်းပြားတပ်ဆင်တာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အပြာရောင် ကမ္ပည်းပြားတပ်ဆင်မှုတွင် ဘာသာရေးနှင့် ပတ်သက်သော အဆောက်အအုံအနေဖြင့် ယခုမတ်စ်မီးယားရေရှုအာ ဂျူးဘုရားကျောင်းသည် ဒုတိယမြောက်ဖြစ်ကြောင်း၊ ပထမ ဘာသာရေးအဆောက်အအုံမှ အာမေးနီးယမ်း ခရစ်ယာန်ဘုရားကျောင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂျူးဘုရားကျောင်းသည် ကမ္ဘာပေါ်တွင် တိုရာကျမ်းပေါင်း ၁၂၆ စုံ အထိရှိခဲ့ဖူးသည့် တစ်ခုတည်းသော ဘုရားကျောင်းဖြစ်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ်အတွင်း ဂျူးမိသားစုများ မြန်မာနိုင်ငံမှ စွန့်ခွာရာတွင် အဆိုပါ ကျမ်းများကိုပါ ယူဆောင်သွားကြရာ လက်ရှိတွင် တိုရာကျမ်း နှစ်စုံသာ ကျန်ရှိကြောင်း ထိုကျမ်းများသည် မူလက ဘဂ္ဂဒက်မြို့မှဖြစ်ပြီး နှစ်တစ်ရာကျော် သက်တမ်းရှိပြီဖြစ်ကြောင်း သိရသည်။

"ရန်ကုန်မြို့မှာ သမိုင်းဝင် အဆောက်အအုံတွေကတော့ ထောင်နဲ့ချီရှိပါတယ်။ အထင်ကရ အဆောက်အအုံတွေကို ဦးစားပေးပြီး တပ်ဆင်နေပါတယ်။ ဒါပေမယ့် အခုလောလောဆယ် ဦးစားပေးတပ်ဆင်ခဲ့တဲ့ ဘုရားကျောင်းတွေက ရန်ကုန်မြို့မှာ လူနည်းစုသာ ကိုးကွယ်ပြီး ထိန်းသိမ်းထားဖို့ အခက်အခဲရှိနေတဲ့ ဘုရားကျောင်းတွေဖြစ်ပါတယ်။ နောက်ပိုင်းတော့ တစ်လကိုအနည်းဆုံး ကမ္ပည်းပြားနှစ်ပြားကနေ သုံးပြားအထိ တပ်ဆင် သွားပါမယ်။ ကျွန်တော်တို့အဖွဲ့က စုစုပေါင်း ကမ္ပည်း ၁၀၀ ကျော်လောက်အထိ တပ်ဆင်ဖို့ လျာထားပါတယ်"ဟု ဦးသူရိန်အောင်က ဆက်လက် ပြောသည်။

ဤဘုရားကျောင်းတွင် ဘာသာပေါင်းစုံ ဆုတောင်းပွဲများ ကျင်းပခဲ့သည့်အပြင် နှစ်စဉ်ပွဲတော်ဖြစ်သည့် မီးထွန်းပွဲတော်တွင် ဘာသာပေါင်းစုံမှ အကြီးအကဲများ တက်ရောက်ကြောင်း၊ ဂျူးလူမျိုးများသည် မြန်မာနိုင်ငံတွင် ၁၉ ရာစု အစောပိုင်းကတည်းက ရွှေ့ပြောင်းနေထိုင်ခဲ့ကြပြီး အများစုမှာ ကိုချင်၊ ကာလကတ္တား၊ အီရတ်နှင့် အီရန်ဒေသများမှ လာရောက်အခြေချသူများဖြစ်ကြောင်း၊ လွန်ခဲ့သည့် ၃၅ နှစ်အတွင်း ဆမ်မြူရယ်မိသားစုက ယခု ဂျူးဘုရားကျောင်း၊ ဂျူးသင်္ချိုင်းနှင့် ကျန်ရှိနေသေးသည့် ဂျူးလူမျိုးအသိုက်အမြုံကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြောင်းသိရသည်။

၂၀၁၂ ခုနှစ်တွင် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(YHT)ကို စတင်တည်ထောင်ခဲ့ကာ ခေတ်ကာလအဆက်ဆက်က တည်ရှိခဲ့သော ရန်ကုန်မြို့၏ သူမတူ ထူးခြားသော မြို့ပြယဉ်ကျေးမှုအမွေအနှစ်ကို နည်းလမ်းမှန်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာပေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။

အဆိုပါ အပြာရောင်ကမ္ပည်းပြား တပ်ဆင်သည့် အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးတို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ **(အပေါ်ယာပုံ)**

**သတင်း-မြတ်စန္ဒီသင်းဇော်၊ ဓာတ်ပုံ - ရဲထွဋ်**

# လှိုင်ကော်မြို့၏ သာသနာ့နယ်မြေများအတွင်း ကျူးကျော်နေအိမ်ဆောက်လုပ်မှုများရှိနေ

လှိုင်ကော် ဇွန် ၅

ကယားပြည်နယ်လှိုင်ကော်မြို့၏ အထင်ကရတောင်တော်နှင့် စေတီပုထိုးများဖြစ်ကြသည့် သီရိမင်္ဂလာတောင်တော်(တောင်ကွဲစေတီတော်)၊ ရတနာသီရိတောင်တော်၊ ရွှေလက်ဝါးတောင်တော်၊ မိုးမခတောင်တော်၊ ဂူကျောင်းတောင်တော်၊ မြကလပ်တောင်တော်တို့၏ သာသနာ့နယ်မြေများအတွင်း လူအချို့က နေအိမ်များ ကျူးကျော်ဆောက်လုပ်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ နေအိမ်ခြံဝင်းမြေနေရာ သတ်မှတ်ခြင်းတို့ ပြုလုပ်နေကြသဖြင့် မြို့၏အထင်ကရ သာသနာ့နယ်မြေများ လျော့နည်းပျောက်ကွယ်သွားမည်ကို ဒေသခံအများစုက စိုးရိမ်နေကြကြောင်း သိရသည်။

"သာသနာ့နယ်မြေတွေကို မှတ်တိုင်တွေစိုက်ထူပြီး သတ်မှတ်ထားပါတယ်။ သာသနာ့နယ်မြေတွေထဲကို အလုအယက်ဝင်ရောက်ပြီးအိမ်ဆောက်တာတွေ၊ အိမ်ခြံဝင်းမြေ နေရာသတ်မှတ်တာတွေ လုပ်နေကြပါတယ်။ နေစရာ အခက်အခဲကြောင့် ဝင်ရောက်ပြီး နေရာယူနေကြတာထက် မြေကွက်ဈေးကောင်းတော့ လောဘနဲ့ ရောင်းစားဖို့လုပ်နေကြတဲ့သဘောရှိပါတယ်။ ဒီကိစ္စကို ထိထိရောက်ရောက်မဖြေရှင်းရင် သာသနာ့နယ်မြေတွေလျော့နည်းပျောက်ကွယ်သွားမှာ စိုးရပါတယ်"ဟု မိုင်းလုံးရပ်ကွက်နေ ဦးမြငြိမ်းက ပြောကြားသည်။

အဆိုပါ သာသနာ့နယ်မြေများအတွင်း အချို့ကနေအိမ်များ အခိုင်အမာဆောက်လုပ်ပြီးနေထိုင်နေကြသကဲ့သို့ အချို့ကလည်းနေအိမ်မြေနေရာ'ဦး'သည့်သဘောဖြင့် ယာယီနေအိမ်ဆောက်လုပ်ခြင်း၊ ခြံဝင်းနယ်နိမိတ်တိုင်စိုက်ထူခြင်း၊ တောရှင်းခြင်း၊ သီးနှံစိုက်ပျိုးခြင်းတို့ ပြုလုပ်ကြကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ ယင်းသာသနာ့နယ်မြေများ ပြင်ပအနီးဝန်းကျင်တွင် နေအိမ်ခြံမြေကွက်များကို တရားဝင်သတ်မှတ်ချ ထားပေးသည်များလည်းရှိပြီး ပေ ၆၀ ပတ်လည်ဝန်းကျင် မြေတစ်ကွက်လျှင် ငွေ ကျပ်သိန်း ၂၀၀ နှင့်အထက် ဈေးပေါက်ကြောင်း အဆိုပါ သာသာနာ့နယ်မြေများအနီးဝန်းကျင်တွင်နေထိုင်သူအချို့ထံမှ သိရသည်။

အထက်ဖော်ပြပါသာသနာ့နယ်မြေများသည် လှိုင်ကော်မြို့၏အထက် အတန်ငယ်မြင့်မားသော မြေကုန်းပေါ်တွင်တည်ရှိပြီး ရှေးအခါက အဆိုပါမြေကုန်းကြီးတစ်ဝန်းလုံးကိုပင်သာသနာ့နယ်မြေအဖြစ် သတ်မှတ်ခဲ့ဖူးသော်လည်း ယခုအခါလူနေအိမ်ခြေအဆောက်အအုံများ တစ်စတစ်စ တိုးချဲ့တည်ဆောက်ခဲ့ကြသဖြင့် သာသနာ့နယ်မြေများသည် တဖြည်းဖြည်းကျဉ်းမြောင်းလာလျက်ရှိရာ ကျန်ရှိနေသော သာသနာ့နယ်မြေအချို့အား ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းရန်လိုအပ်လျက်ရှိကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

# ဆော့လော်မြို့မှ ရေဘေးသင့်ကျောင်းသားများအား ပညာသင်ကြားနိုင်ရေး ပံ့ပိုးဆောင်ရွက်လျက်ရှိ

**မြစ်ကြီးနား ဇွန် ၅**

ဆော့လော်မြို့နယ်တွင် ဧပြီလအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လာချင်ဒေသအတွင်း ကျေးရွာပေါင်း ၁၉ ရွာ၌ ရေဘေးသင့်ခဲ့ရပြီး မြေပြို၍ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သောကြောင့် အဆိုပါဒေသရှိ ကျောင်းသား ကျောင်းသူများအား မြစ်ကြီးနားမြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် ပညာဆက်လက်သင်ကြားနိုင်ရေး ကချင်ပြည်နယ်အစိုးရအဖွဲ့မှ စီမံဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများသည် မြစ်ကြီးနားမြို့ရှိ ဆွေမျိုးများ၊ မိတ်ဆွေများ၏ နေအိမ်များတွင် ခေတ္တတည်းခိုလျက်ရှိပြီး မိဘများအနေဖြင့် ရေဘေးဒဏ်ကြောင့် ပညာသင်စရိတ်နှင့် စားစရိတ်အခက်အခဲရှိသဖြင့် ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျောင်းဖွင့်ချိန်အတွင်း ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ ပြည်နယ်ပညာရေးဌာနမှ စီမံဆောင်ရွက်နေမှု များနှင့် ပတ်သက်၍ ပြည်နယ်ပညာရေးမှူး ဦးမြင့်ဇော်က ရေဘေးသင့်ဒေသက ကျောင်းသား ကျောင်းသူများ ၎င်းတို့နေထိုင်လျက်ရှိသည့် ရပ်ကွက်များပေါ်မှ အနီးဆုံးကျောင်းများတွင် စာရင်းရယူ၍ ကျောင်းအပ်နှံ လက်ခံထားပြီး ပညာသင်ကြားပေးသွားရန်နှင့် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်သွားရန် မြို့နယ်ပညာရေးမှူးအား မှာကြားထားပြီးဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဒေသမှ ကျောင်းသား ကျောင်းသူအချို့ကို တပ်မတော်မှ ရဟတ်ယာဉ်များဖြင့် လည်းကောင်း၊ အချို့သည် မိမိတို့အစီအစဉ်ဖြင့် လည်းကောင်း မြစ်ကြီးနားမြို့တွင် ပညာဆက်လက်သင်ကြားနိုင်ရေးလာရောက်လျက်ရှိရာ ထက်၊ လယ်၊ မူ ကျောင်းသား ကျောင်းသူ ၁၃၇ ဦး ရှိကြောင်းနှင့် လိုအပ်သည့် အကူအညီများကို ဆက်လက်ပံ့ပိုးထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ကျောက်မိုင်းလုပ်ငန်းပိတ်သိမ်းရေး ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒထုတ်ဖော်

**ပေါင် ဇွန် ၅**

မွန်ပြည်နယ် ပေါင်မြို့နယ် ဥတ္တံတားကျေးရွာ၌ လုပ်ကိုင်နေသော ကျောက်မိုင်းလုပ်ငန်း ပိတ်သိမ်းပေးရေးအတွက် မေ ၅ ရက် နံနက် ၉ နာရီက ကျေးရွာနေပြည်သူ ၅၀၀ ခန့်က ဥတ္တံတားအတွင်း ရွာမှစပြီး ကျောက်မိုင်းကုမ္ပဏီ Long Life Co.,Ltd ကျောက်မိုင်းရှေ့ထိ စုပေါင်း ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

"ပေါင်မြို့နယ်မှာ ကျောက်မိုင်းလုပ်ငန်းတွေ အများကြီးရှိပါတယ်။ ကျောက်မိုင်းလုပ်ငန်းကြောင့် ကောင်းကျိုးထက် ဆိုးကျိုးကဖြစ်တာများတယ်။ တချို့ကျောက်မိုင်းတွေက ကျွန်တော်တို့အတွက် ဆိုးကျိုးသိပ်မဖြစ်လို့ ဘာမှမပြောပါဘူး။ ဒီကျောက်မိုင်းက ကျွန်တော်တို့ ပြည်သူလူထုအတွက် ဆိုးကျိုးတွေ အလွန်ဖြစ်နေပါပြီ။ ဒါကြောင့် ဒီကျောက်မိုင်းကို ပိတ်သိမ်းပေးဖို့ ဆန္ဒထုတ်ဖော်ရတာပါ"ဟု ကျောက်မိုင်းလုပ်ငန်းကန့်ကွက်ရေး ကော်မတီဝင်တစ်ဦးက ပြောသည်။

အခုဆို ကျောက်မိုင်းလုပ်ငန်းကြောင့် စမ်းရေကို အမှီပြုပြီးလုပ်နေရသော လယ်ဧက ၂၀၀ ကျော် သဲနုန်းများဝင်၍ ပျက်စီးနေပြီး ဥယျာဉ်ခြံမြေအတွင်း အပင်များသေဆုံးခြင်းများ ဖြစ်ပေါ်လာခြင်းကြောင့် ပိတ်သိမ်းရန် တောင်းဆိုရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ဆန္ဒထုတ်ဖော်ရန်အတွက် မေ ၃၀ ရက်က မြို့နယ်ရဲတပ်ဖွဲ့ရုံးသို့ ခွင့်ပြုမိန့်တင်ခဲ့ရာ ဇွန် ၄ ရက်တွင် ဆန္ဒထုတ်ဖော်ခွင့်ပြုသည့်အတွက် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**





# အိန္ဒိယ-မြန်မာ-ထိုင်း ချစ်ကြည်ရေးကားမောင်းအဖွဲ့ ပုဂံညောင်ဦးရောက်ရှိ

**ညောင်ဦး ဇွန် ၅**
အိန္ဒိယ-မြန်မာ-ထိုင်းသုံးနိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ချစ်ကြည်ရေးကားမောင်းခရီးစဉ်အဖြစ် Bright View Travels & Tours Co.,Ltdနှင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသ အာသံပြည်နယ် အခြေစိုက် (North East Federation on International Trade - NIFIT)တို့ အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံသား ဧည့်သည် ၃၁ ဦးနှင့်အတူ မော်တော်ယာဉ်ကိုးစီးတို့ပါဝင်သည့် အဖွဲ့သည် နေပြည်တော်မှတစ်ဆင့် အမြန်လမ်းမကြီးအတိုင်း မောင်းနှင်လာပြီး ဇွန် ၅ ရက် မွန်းလွဲပိုင်းက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ချစ်ကြည်ရေး ကားမောင်းခရီးစဉ်အဖွဲ့သည် ပုဂံဒေသသို့ ညနေ ၃ နာရီခွဲတွင် ရောက်ရှိခဲ့ရာ တန်ခိုးကြီးဘုရားများသို့ သွားရောက်လည်ပတ်ခဲ့ကြပြီး ညနေဆည်းဆာနေဝင်အလှကို ရွှေဆံတော်ဘုရား၌ ကြည့်ရှုခဲ့ကြသည်။

ထို့နောက် ပုဂံမြို့သစ်ရှိ အာသောကဟိုတယ်၌ ညအိပ်ရပ်နားမည်ဖြစ်ကာ ဇွန် ၆ ရက် နံနက် ၆ နာရီခွဲတွင် ညောင်ဦး-မြင်းခြံ-မြို့သာ- တံတားဦးလမ်းအတိုင်း မန္တလေးမြို့သို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း၊ မန္တလေးမြို့မှတစ်ဆင့် မုံရွာမြို့သို့ ဖြတ်ကာ တမူးမြို့သို့ဆက်လက်ထွက်ခွာပြီး တမူးမြို့မှ အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နှမ်းသီးနှံများထိခိုက်ပျက်စီး

**ဝမ်းတွင်း ဇွန် ၅**
မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ဇွန် ၁ ရက်မှ ၄ ရက်အထိ မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ချောင်းရေလျှံမှုများ ဖြစ်ပေါ်ကာ ဘုရားစုကျေးရွာအုပ်စု၊ ဒိုင်ကောင်းကုန်းကျေးရွာအုပ်စု၊ သခွပ်မြစ်ကျေးရွာအုပ်စု၊ ဆင်ချီတိုင်ကျေးရွာအုပ်စု၊ ကိုင်းကျေးရွာအုပ်စု၊ ရွှေတောင်ကျေးရွာအုပ်စု၊ အင်းကန်းကြီးကျေးရွာအုပ်စု၊ အင်းကန်းကုန်းကျေးရွာအုပ်စုနှင့် သနပ်ခါးတောကျေးရွာအုပ်စုတို့တွင် နှမ်းသီးနှံများဖြစ်သည့် နှမ်းစပါး၊ နှမ်းနမ်း၊ မိုးကြို ငရုတ်၊ ပဲတီစိမ်းနှင့် နှမ်းနွားစာများ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

ကျေးရွာအုပ်စု ကိုးအုပ်စုတွင် ကွင်းပေါင်း ၃၉ ကွင်း၊ ဦးပိုင်ပေါင်း ၈၅၆ ၊တောင်သူပေါင်း ၆၇၇ ဦး၊ နှမ်းစပါး ၁၃ဧက၊ မိုးကြိုငရုတ် ၂၈၆ ဒသမ ၉၃ဧက၊ ပဲတီစိမ်း ၁၇၈ ဒသမ ၀၅ ဧက၊ နှမ်းနမ်း ၈၇၇ ဒသမ ၂၄ ဧက၊ နွားစာ ၅၄ ဧက ထိခိုက်ပျက်စီးမှုများရှိခဲ့သည်။

ယင်းထိခိုက်ပျက်စီးမှုများနှင့်ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်၊ စိုက်ပျိုးရေးဦးစီးအရာရှိ ဦးအောင်သိန်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသန့်တင်နှင့် စက်မှုလယ်ယာဦးစီးမှူးတို့က ကွင်းဆင်းစိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဌေးလှိုင်(မြန်/ဆက်)**



# ရဲလေ့ကျင့်ရေးကျောင်း အမှတ်(၁)နှင့် (၂)တို့တွင် ရဲတပ်သားသစ် သင်တန်းများဆင်း

**နေပြည်တော် ဇွန် ၅**
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း၊ ရမည်းသင်း၌ အမျိုးသမီး ရဲတပ်သားသစ်သင်တန်း အမှတ်စဉ်(၂၈/၂၀၁၅) စည်သူတပ်ခွဲ သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၃ ရက် နံနက် ၇ နာရီခွဲက အဆိုပါလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ သုတေသနစီမံကိန်းနှင့် အုပ်ချုပ်ရေးဌာနမှူး ရဲမှူးကြီး ဥမ္မာရင်မိ တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်း ပြောကြားပြီး သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ သည်။ **(ဝဲပုံ)** အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၁၈ ဦး တက်ရောက်အောင်မြင်ခဲ့သည်။



အလားတူ အမှတ်(၂)ရဲလေ့ကျင့်ရေးကျောင်း ဝက်ထီးကန်၌ ရဲတပ်သားသစ်သင်တန်း အမှတ်စဉ်(၂၈၄/၂၀၁၅) တေဇတပ်ခွဲသင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၃ ရက် နံနက် ၇ နာရီက အဆိုပါလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက် တက်ရောက်၍ သင်တန်းဆင်း မိန့်ခွန်းပြောကြားပြီး သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့် ခဲ့ သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၁၉၉ ဦး တက်ရောက်အောင်မြင်ခဲ့သည်။

**(သတင်းစဉ်)**

# ကျောင်းတက် ကျောင်းဆင်းချိန်များ၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

**ရန်ကုန် ဇွန် ၅**
ကျောင်းတက်ကျောင်းဆင်းချိန် ယာဉ်အန္တရာယ် ကင်းဝေးစေရန် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ယုနိုင်ကြီးကြပ်မှုဖြင့် ဘုရင့်နောင်နယ်မြေ ရဲတပ်ဖွဲ့စခန်းမှ ရဲအုပ် သန်းဝင်းဦးစီးသော ပုံလွှားမီးတန်းယာဉ်(၂၀၂) တာဝန်ကျ ရဲတပ်ဖွဲ့ဝင်များနှင့် မရမ်းကုန်းမြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့စုအမှတ် (၄၇) မှ ဒုတိယ ရဲမှူး စိုးနိုင်ဦးဆောင်သော တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်းကာ ယာဉ်ကြောကျပ်တည်းမှု မဖြစ်ပေါ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောင်းသားကျောင်းသူများ ကျောင်းတက်ကျောင်းဆင်းချိန် ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် မရမ်းကုန်း (အထက-၂) စာသင်ကျောင်းအရှေ့ရှိ ရန်ကုန်အင်းစိန်ကားလမ်းမပေါ်၌ ယာဉ်ကြောများ ရှင်းလင်းခြင်း ကျောင်းသားကျောင်းသူများ အန္တရာယ်ကင်းစွာ လမ်းဖြတ်ကူးနိုင်ရေး ကျောင်းကြို/ပို့ယာဉ်များကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရေးအတွက် ဇွန် ၃ ရက် မွန်းတည့် ၁၂ နာရီက ယာဉ်ကြောရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ယာဉ်အန္တရာယ်ကင်းဝေးရေးဆောင်ရွက်ချက်ကို ကျောင်းဖွင့်ရက်များတွင် ကျောင်းတက်ကျောင်းဆင်းချိန်တိုင်းတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# အင်း၊ ချောင်းများအတွင်း ရွှေတူးဖော်လုပ်ကိုင်နေမှုများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းသိမ်းဆောင်ရွက်မည်

**စစ်ကိုင်း ဇွန် ၅**
အင်း၊ ချောင်းများအတွင်း ရွှေသတ္တုတူးဖော်လုပ်ကိုင်နေမှုများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ငါးသယံဇာတထိန်းသိမ်းရေးအတွက် ပိုစတာတွေစိုက်ထူထားသလို မြစ်ကမ်းတစ်လျှောက်မှာရှိတဲ့ ကျေးရွာတွေနဲ့ ငါးလုပ်ငန်းလုပ်ကိုင်နေတဲ့ ကျေးရွာတွေမှာ အသိပညာပေး ဟောပြောတာနဲ့ ငါးသယံဇာတထိန်းသိမ်းရေး လက်ကမ်းစာစောင် ဖြန့်ဝေတာတွေကို ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် အင်းချောင်းတွေထဲ ရွှေသတ္တုတူးဖော်နေတာတွေကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဖို့အတွက် တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေလုပ်ထုံးလုပ်နည်းများနဲ့အညီ ထိန်းသိမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူးက ပြောပြသည်။

သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို ဖြစ်စေသော ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းဆီးခြင်းများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ မေ ၁ ရက်မှ ၂၅ ရက်အတွင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဖွတ်လိုင်းနှင့် ကျွဲဇင်းကျေးရွာ၊ ရွှေဘိုမြို့နယ် သီးလုံးကျေးရွာ၊ ရေဦးမြို့နယ် ရွာမိဿာကျေးရွာ၊ ခင်ဦးမြို့နယ် တည်ဘိုပင်ကျေးရွာ၊ ကသာခရိုင် ကသာမြို့နယ် ဧရာဝတီမြစ်အတွင်းနှင့် ထီးချိုင့်မြို့နယ်အင်းများအတွင်း ဘက်ထရီရှော့တိုက်သည့် ပစ္စည်း၊ ငါးဖမ်းပိုက် စသည်တို့ဖြင့် ငါးဖမ်းနေစဉ် ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများ မပြုန်းတီးရေးအတွက် မြစ်ချောင်း၊ အင်းအိုင်၊ ကန်များနှင့် ဆည်တမံများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း ငါးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တိုင်းဒေသကြီးအခွန်ငွေများ တိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**သထုံ ဇွန် ၅**
ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့သစ်ပင်စိုက်ပျိုးပွဲကို မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ဇရစ်ချောင်းကျေးရွာအုပ်စု ဇရစ်ချောင်းကျေးရွာ အမက(မူလွန်)ကျောင်းဝင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(အပေါ်ပုံ)**

သစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးမြမြကြိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ကျေးလက်နေပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ သဃ်န်း၊ ငု၊ စိန်ပန်းကြီး၊ ခရေ၊ မဟော်ဂနီနှင့် မန်ဂျန်ရှား စုစုပေါင်းအပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ ဆက်လက်၍ သထုံမြို့နယ် ဂေါ့ကျေးရွာအုပ်စု ဂေါ့တောရပိုင်း ကွန်ပျူတာတက္ကသိုလ်ကျောင်းဝင်းအတွင်း၌ သစ်ပင်ချစ်သူများအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်၍ အရိပ်ရသစ်ပင် ၂၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက္ကံ)**

# မိုးမပြတ်ရွာ၍ ချောင်းကူးတံတား ချဉ်းကပ်လမ်းမြေသားအချို့ပြိုကျ

**မိတ္ထီလာ ဇွန် ၅**

မိတ္ထီလာမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လက်ပံ-ခါးကော့ ကျေးရွာချောင်းကူးတံတား၏ ချဉ်းကပ်မြေသားလမ်းမှ လမ်းမြေအချို့ ချောင်းအတွင်းသို့ ပြိုကျပျက်စီးလျက်ရှိရာ အချိန်မီ ပြုပြင်ထိန်းသိမ်းပေးရန် ဒေသခံပြည်သူများက လိုလားနေကြကြောင်း သိရသည်။

"မိတ္ထီလာမှာ နေ့စဉ် မိုးက အဆက်မပြတ်ရွာသွန်းနေတာ တစ်ပတ်ဆယ်ရက် ရှိသွားပြီ။ မိုးအဆက်မပြတ်ရွာသွန်းတာကြောင့် လက်ပံ-ခါးကော့ ကျေးရွာချောင်းကူးတံတား ချဉ်းကပ်မြေသားလမ်းက လမ်းမြေတစ်ချို့ ချောင်းထဲကို မိုးရေနဲ့အတူ ပြိုကျပျက်စီးသွားတယ်။ တံတားအရှေ့ဘက်၊ တောင်ဘက်ဘေးက ပိုများတယ်။ အနောက်ဘက်တော့ နည်းနည်းပဲပြိုကျတယ်။လမ်းမြေတွေက မိုးကြောင့်အက်ကွဲနေတယ်။ တံတားအရှေ့ဘက်ထိပ်နဲ့ အနောက်ဘက်ထိပ် မြေသားချဉ်းကပ်လမ်းကို ဘေးနှစ်ဖက်က ကျောက်ရိုးစီထားတာမဟုတ်တော့ မိုးရွာရင် မိုးရေတိုက်စားပြီး လမ်းမြေက ချောင်းထဲပြိုကျတာ။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်ထဲကပဲ ဒီတံတားနေရာက ပျဉ်တံတားအဟောင်းအပျက်ကို ဖယ်ရှားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လာရောက်တည်ဆောက်ပေးသွားတာပါ"ဟု လက်ပံ-ခါးကော့ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ယခု လက်ပံ-ခါးကော့ ကျေးရွာချောင်းကူးတံတား ချဉ်းကပ်မြေသားလမ်း မိုးရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးမှုမှာ အနည်းငယ်သာဖြစ်သော်လည်း အချိန်မီ ပြုပြင်ထိန်းသိမ်းခြင်းမရှိပါက တံတား၏ကြံ့ခိုင်မှုကို ပိုမိုထိခိုက် ပျက်စီးလာစေနိုင်သဖြင့် အချိန်မီ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ပေးရန် တံတားပေါ်မှ နေ့စဉ်ဖြတ်သန်းသွားလာနေသည့် လက်ပံ-ခါးကော့၊ ဂဠုန်ကုန်း၊ အုတ်မြေကန်စသည့် ကျေးရွာများမှ ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# အမျိုးသမီးများဘဝ ပြောင်းလဲတိုးတက်ရေး ဟောပြောပွဲပြုလုပ်

**ရန်ကုန် ဇွန် ၅**

မြန်မာအမျိုးသမီးများ၏ ဘဝနှင့်ဆန္ဒ တစ်ထပ်တည်းကျစေရန်နှင့် ဘဝ ပြောင်းလဲတိုးတက်စေရန် ရည်ရွယ်၍ လမ်းညွှန်ဟောပြောပွဲတစ်ခုကို ရန်ကုန်မြို့ပြည်လမ်းရှိ Jasmine Palace ဟိုတယ်၌ ဇွန် ၄ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲကို Wisdom & Miracle, Women's Leadership & Sisterhood Empowerment, 1-day Transformational Event အမည်ဖြင့် ကျင်းပပြီး စီစဉ်ကျင်းပသည့် ဒါရိုက်တာတစ်ဦးဖြစ်သူ Aundria Khine က "မြန်မာအမျိုးသမီးတွေမှာ သူတို့ဘဝကို သူတို့တည်ဆောက်ချင်တဲ့အတိုင်း အိမ်ထောင်ရေးမှာပဲဖြစ်ဖြစ်၊ လူမှုရေးမှာပဲဖြစ်ဖြစ်၊ စီးပွားရေးမှာပဲဖြစ်ဖြစ် သူတို့မှာ တည်ဆောက်နိုင်တဲ့ အရည်အချင်းတွေ အပြည့်အဝရှိတယ်။ ဒီအရည်အချင်းတွေကို အကောင်းဆုံး ဘယ်လိုအသုံးချသွားမလဲဆိုတာ သိသွားလို့ရှိရင် သူတို့လိုချင်တဲ့နေရာတစ်ခုကို နည်းမှန်လမ်းမှန်နဲ့ အဓိပ္ပာယ်ရှိစွာ ရောက်သွားမယ်လို့ ယုံကြည်တဲ့အတွက် ဒီ Event ကို လုပ်ဖြစ်တာဖြစ်ပါတယ်။ ကိုယ့်ဘဝကို အပြောင်းအလဲလုပ်ချင်ပြီးတော့ လက်ရှိတစ်နေရာကနေ နောက်ထပ်မြင့်တဲ့ တစ်နေရာကိုသွားချင်တဲ့ ရည်ရွယ်ချက်ကြီးမားတဲ့ မြန်မာအမျိုးသမီးတွေအတွက် ရည်ရွယ်ပြီး လုပ်တာပါ" ဟု ပြောသည်။

အဆိုပါဟောပြောပွဲတွင် အဓိကဟောပြောပို့ချမည့် International Speaker ဖြစ်သူ Arabelle Yee က သင်ကြားပို့ချမည့် အကြောင်းအရာနှင့်ပတ်သက်၍ "မြန်မာအမျိုးသမီးတွေမှာက အရည်အချင်းတွေ အများကြီးရှိတယ်။ နိုင်ငံဟာ အရင်တုန်းက ပိတ်နေတဲ့ အခြေအနေကြောင့်ရော၊ အခြားအဘက်ဘက်က အကြောင်းအရာတွေကြောင့်ရော ဘောင်တွေ ပုံစံခွက်တွေထဲကနေ သူတို့မထွက်နိုင်တဲ့ အကြောင်းအရာတွေ ရှိတယ်။ အဲဒါတွေကို ကျော်ဖြတ်ထိုးဖောက်ပြီးတော့ ကိုယ့်ဘဝမှာ အောင်မြင်မှုတစ်ခုကိုရောက်ဖို့ ယုံကြည်ချက် ခိုင်ခိုင်မာမာနဲ့လျှောက်ဖို့ အရေးအကြီးဆုံးက စိတ်ဓာတ်ပါ။ ဒီပွဲတစ်ခုကနေ စိတ်ပိုင်းဆိုင်ရာ ဘယ်လိုမြှင့်တင်မလဲ၊ အခက်အခဲတွေကိုရော ဘယ်လိုကျော်ဖြတ်မလဲ၊ မြန်မာအမျိုးသမီးတွေ ယုံကြည်မှုရှိရှိနဲ့ ရှေ့ကို ဘယ်လို လမ်းဆက်လျှောက်မလဲ။ ဒီလိုဟာတွေကို ကျွန်မလည်း ဟောပြောသွားမှာပါ။ နောက် စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်ခန်းတွေကိုလည်း တစ်နေ့လုံး လုပ်သွားမှာပါ"ဟု ပြောကြားသည်။

Wisdom Miracle ကို ဩစတြေးလျနိုင်ငံမှ လာရောက်ပြုလုပ်ပေးခြင်းဖြစ်ပြီး အောက်တိုဘာလခန့်တွင် ထပ်မံလာရောက်၍ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်း အုပ်စုလိုက်သော်လည်းကောင်း သင်တန်းများထပ်မံပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**




# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး

**ရေး**

မွန်ပြည်နယ် ရေးမြို့နယ် အဘော်ကျေးရွာအုပ်စု ကင်းဘုရား အမကကျောင်းဝင်းအတွင်း၌ ဇွန်၅ရက်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပရာမြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ စုပေါင်း၍ စုစုပေါင်းပျိုးပင် ၄၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**

**ရေစကြို**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၅ ရက်က ရေစကြိုမြို့နယ် ဖူလုံကျေးရွာ ဖူလုံ အထက ကျောင်းဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များက စုစုပေါင်းပျိုးပင် ၃၅၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

**မလှိုင်**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က မလှိုင်မြို့နယ် လယ်ကြီးကျေးရွာ အမက ကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဦးဆောင်၍ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးချစ်သိန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လယ်ကြီးကျေးရွာ ဒေသခံပြည်သူများ၊ လယ်ကြီး အမကကျောင်းအုပ်ဆရာမကြီးနှင့်ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက အပင်ရေ ၅၀၀ ကို စုပေါင်း စိုက်ပျိုးခဲ့ကြသည်။

**အောင်ဌေး(မလှိုင်)**

**မုဒုံ**

မုဒုံမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က မြို့မ ၄ ရပ်ကွက် ရွှေဟသာ်ာဂေါက်ကွင်း၌ ကျင်းပရာ စိုက်ပျိုးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများက စိုက်ကွင်းများ၌ အပင်ပေါင်း ၄၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**အောင်လံ**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က အထက(၁) ကျောင်းဝင်းအတွင်းရှိ ရွှေရတုခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မြင့်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည် ။

ထို့နောက် အထက(၁)ကျောင်းဝင်းအတွင်းရှိ အရှေ့ဘက် ကုန်းမြေတွင် ၊ တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ပျိုးပင်ပေါင်း ၂၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည် ။

**သိန်းလွင်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး၌ မေလအတွင်းယာဉ်တိုက်မှု ၂၄၃ မှုဖြစ်ပွား ၂၅၇ ဦးဒဏ်ရာရရှိပြီး ၆၄ ဦးသေဆုံး

**ရန်ကုန် ဇွန် ၅**

ရန်ကုန်တိုင်းဒေသကြီး၌ လွန်ခဲ့သည့် မေလအတွင်း ယာဉ်တိုက်မှု ၂၄၃ မှုဖြစ်ပွားခဲ့ပြီး ၂၅၇ ဦး ဒဏ်ရာရရှိကာ ၆၄ ဦး သေဆုံးကြောင်း တိုင်းဒေသကြီး အမှတ်(၂) ယာဉ်ထိန်း တပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးကြီး အောင်ကိုဦးက ပြောသည်။

ပြီးခဲ့သည့် မေ ၁ ရက်မှ ၃၁ ရက်အထိ နေ့အချိန် ယာဉ်တိုက်မှု ၁၂၉ မှု၊ ညအချိန် ယာဉ်တိုက်မှု ၁၁၄ မှု စုစုပေါင်း ၂၄၃ မှုဖြစ်ပွားခဲ့ကြောင်း အမှတ်(၂) ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ရှိသူများက ပြောသည်။ ယင်းသို့ မူးယစ်သောက်စား၍ ယာဉ်မောင်းမှုကြောင့် ခြောက်မှု၊ မဆင်မခြင် မောင်းနှင်မှုကြောင့် ၁၀၁ မှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာမှုကြောင့် ၇၃ မှု၊ ယာဉ်မောင်း မကျွမ်းကျင်မှု ၂၅ မှု၊ ခရီးသည် ပေါ့ဆမှုကြောင့် ၁၇ မှု၊ လမ်းသွားလမ်းလာပေါ့ဆမှုကြောင့် ၂၁ မှုဖြစ်ပွားခဲ့ကြောင်း ယာဉ်ထိန်း တပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ ယာဉ်တိုက်မှုများတွင် ယာဉ်အမျိုးအစားအရဆိုလျှင် ဘတ်စ်ကား ၂၁ မှု၊ တက္ကစီ ၅၈ မှု၊ ကုန်သယ်ယာဉ် ၂၂ မှု၊ ကိုယ်ပိုင်ယာဉ် ၉၉ မှု၊ ဌာနဆိုင်ရာ ၁၉ မှုနှင့် စက်ဘီးအနေးယာဉ် နှစ်မှုတို့ဖြစ်ကြောင်း သိရသည်။

တစ်ပတ်အတွင်း မေ ၂၇ ရက်မှ ဇွန် ၂ ရက်အထိ တိုင်းဒေသကြီးအတွင်း ယာဉ် တိုက်မှု ၅၀ ဖြစ်ပွားခဲ့ပြီးသေဆုံးသူ ၁၅ ဦးရှိကာ ဒဏ်ရာရသူ ၄၄ ဦးရှိကြောင်း သိရသည်။ တစ်ပတ်အတွင်း ယာဉ်တိုက်မှု ၅၀ ဖြစ်ရာတွင် တိုက်ပြေး ၁၄ မှုပါဝင်ပြီး သိပြေး ခြောက်မှု၊ မသိပြေး ရှစ်မှု စုစုပေါင်း ၁၄ မှုဖြစ်ပွားခဲ့ရာ ယင်းတို့အနက် သိပြေးသုံးမှုနှင့် မသိသုံးမှုတို့ကို စုံစမ်းဖော်ထုတ်နိုင်ပြီး ကျန်တိုက်ပြေးအမှုများ ဆက်လက်စုံစမ်းနေကြောင်း သိရသည်။

အဆိုပါတိုက်ပြေးမှုများတွင် အချို့သောယာဉ်မောင်းများမှာ ယာဉ်မောင်းလိုင်စင်မရှိခြင်း၊ ကျွမ်းကျင်မှုအားနည်းခြင်း၊ စည်းကမ်းလိုက်နာမှုမရှိခြင်းတို့ကြောင့် တိုက်ပြေးမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

တစ်လအတွင်းသေဆုံးသူ ၆၄ ဦးတွင် အသက်ငါးနှစ်မှ ၁၄ နှစ်အတွင်း နှစ်ဦး၊ ၁၅ နှစ်မှ ၂၉ နှစ်အတွင်းလေးဦး၊ အသက် ၃၀ မှ ၄၄ နှစ်အတွင်း ၂၆ ဦး၊ အသက် ၄၄ မှ ၅၉ နှစ်အတွင်း ၂၅ ဦး၊ အသက် ၆၀ မှ ၆၉ နှစ်အတွင်းငါးဦး၊ ၇၀ နှင့်အထက် နှစ်ဦးဖြစ်ကြောင်း သိရသည်။ "အသက် ၃၀ ကနေ ၅၀ အတွင်းရှိတဲ့သူတွေ သေဆုံးနေတာဟာ အလုပ်လုပ်နိုင်တဲ့သူတွေဖြစ်လို့ တိုင်းပြည်အတွက် လုပ်အားတွေအများကြီး ဆုံးရှုံးနေပါတယ်"ဟု ဒုတိယရဲမှူးကြီး အောင်ကိုဦးက ပြောသည်။

**မြင့်မောင်စိုး**

# ပီရူးသမ္မတရွေးကောက်ပွဲ ကျင်းပစဉ်အတွင်း အရက်ရောင်းချခြင်းပိတ်ပင်

**လီမာ ဇွန် ၅**

တနင်္ဂနွေနေ့၌ ပြုလုပ်မည့် ပီရူးနိုင်ငံ၏ သမ္မတရွေးကောက်ပွဲ၌ အရက်သောက်သုံးခြင်းကို ပိတ်ပင်မည်ဖြစ်သည်။ ညွှန်ကြားချက်များကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် နိုင်ငံအတွင်း ရွေးကောက်ပွဲကျင်းပနေစဉ်အတွင်း ၄၈ နာရီကြာ အရက်ရောင်းချခြင်းနှင့်သောက်သုံးခြင်းကို တားမြစ်ထားမည်ဖြစ်သည်။ မဲစတင်မပေးမီ နံနက် ၈ နာရီမှ စတင်၍ အရက်ရောင်းချသောက်သုံးခြင်းကို ပိတ်ပင်မည်ဖြစ်ပြီး နောက်တစ်နေ့ နံနက် ၈ နာရီအထိ အကျိုးသက်ရောက်မည် ဖြစ်သည်။ ယင်းအမိန့်ကိုချိုးဖောက်သော စီးပွားရေးလုပ်ငန်းရှင်များသည် ဒေါ်လာ ၆၄၀ ဒဏ်ငွေပေးဆောင်ရမည်ဖြစ်သည်။

အသက် ၂၇ နှစ်အရွယ် အမျိုးသားတစ်ဦးက ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ တာဝန်ကျေပွန်စွာ မဲပေးနိုင်မည်ဟု ပြောသည်။ အသက် ၃၁ နှစ်အရွယ်ရှိ ကုမ္ပဏီဝန်ထမ်းတစ်ဦးကမူ ယင်းအမိန့်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း ပြောသည်။

**(အင်န်အိတ်ချ်ကေ)**

# ကယ်လီဖိုးနီးယားတောင်ပိုင်း တောမီးကြောင့် လူပေါင်းများစွာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရ

**ဝါရှင်တန် ဇွန် ၅**

လော့စ်အိန်ဂျလိစ်မြို့အပြင်ဘက်၌ တောမီးလောင်ကျွမ်းမှုကြောင့် အိမ်ပေါင်းများစွာ ကူးစက်နိုင်သည့်အတွက် ဒေသခံများကို ဘေးကင်းရာသို့ ပြောင်းရွှေ့နေထိုင်ကြရန် အာဏာပိုင်များက စနေနေ့က ပြောကြားခဲ့သည်။

ပစိဖိတ်သမုဒ္ဒရာမှ ကုန်းတွင်းပိုင်း ၁၀ မိုင်အကွာရှိ ကလာဘက်ဆာတွင် ဧက ၂၀၀ ခန့် တောမီးလောင်ကျွမ်းနေကြောင်း သိရသည်။ အိမ်ပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင် ၂၅၀ ခန့် မီးငြိမ်းသတ်ရန် ကြိုးစားခဲ့ရကြောင်း သိရသည်။ မီးငြိမ်းသတ်ရန်အတွက် ရဟတ်ယာဉ်များဖြင့် ရေသယ်ယူ ငြိမ်းသတ်ခဲ့ရကြောင်း မီးသတ်ဌာနက ပြောသည်။

လူဦးရေ ၅၀၀၀ ခန့် ရွှေ့ပြောင်းပေးခဲ့ကြောင်း ကလာဘက်ဆာမြို့တော်ဝန် တိုနီကော်ရိုလာ၏အပြောကို စီအင်န်အင်န်သတင်းဌာနက ကိုးကားဖော်ပြသည်။

**(ရိုက်တာ)**

# အိန္ဒိယနိုင်ငံရှိ ပုဂ္ဂလိကဆေးရုံတစ်ရုံ၌ တရားမဝင်ကျောက်ကပ်ရောင်းဝယ်မှုကို ဖမ်းဆီး

**နယူးဒေလီ ဇွန် ၅**

အိန္ဒိယရဲများသည် ဒေလီမြို့ရှိ ပုဂ္ဂလိကဆေးရုံတစ်ရုံ၌ တရားမဝင်ကျောက်ကပ်ရောင်းဝယ်မှုကို ဖော်ထုတ်နိုင်ခဲ့ကြောင်း ပြောသည်။ အက်ပိုလိုဆေးရုံမှ အလုပ်သမားနှစ်ဦးအပါအဝင် လူငါးဦးကို ဖမ်းဆီးထားကြောင်း ရဲများကပြောကြား သည်။ ၎င်းတို့သည် ဆင်းရဲသူများထံမှ ဒေါ်လာ ၇၅၀၀ ဖြင့် ကျောက်ကပ်ရောင်းရန် ဖြားယောင်းသူများဟု သံသယရှိသူများဖြစ်ကြသည်။ ဆေးရုံကမူ ဆရာဝန်များအနေဖြင့် လှည့်စားခံရခြင်းဖြစ်ကြောင်း ပြောသည်။

ကျောက်ကပ်ရောင်းဝယ်သည့် ဂိုဏ်းများက လူနာရှင်များကို ၎င်းတို့၏ဆွေမျိုးများက ကျောက်ကပ်လှူဒါန်းသည်ဟု ဆရာဝန်များ ယူဆစေရန် စာရွက်စာတမ်းအတုများ ပြုလုပ်ခဲ့ကြောင်း ယူဆရသည်။

ဆေးရုံနှင့်လူနာရှင်များအားလုံး လိမ်ညာခံရခြင်းဖြစ်ကြောင်း အက်ပိုလိုဆေးရုံမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

**(ဘီဘီစီ)**

# အကြမ်းဖက်မှုတန်ပြန်ထောက်လှမ်းရေးအတွက် ပြင်သစ်နှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း တရုတ်ပြော

**ပေကျင်း ဇွန် ၅**

အာရှဒေသအနေဖြင့် အကြမ်းဖက်မှု ဆန့်ကျင် တိုက်ခိုက်မှုများအတွက် နိုင်ငံတကာကူညီ ထောက်ပံ့မှုများ ရှာဖွေနေသော တရုတ်နိုင်ငံသည် အကြမ်းဖက်မှုတန်ပြန်ထောက်လှမ်းရေးကို ပြင်သစ်နိုင်ငံနှင့်အတူ လက်တွဲလုပ်ဆောင်လိုကြောင်း နှစ်နိုင်ငံအရာရှိများ တွေ့ဆုံဆွေးနွေးစဉ် ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ကိုးကားဖော်ပြသည်။



ပြီးခဲ့သော နှစ်အနည်းငယ်က တရုတ်နိုင်ငံအနောက်ပိုင်း မူဆလင်လူမျိုးအများစုနေထိုင်ရာ စင်ကျန်းဒေသ၌ လူပေါင်းများစွာ အသတ်ခံခဲ့ရသည်။ အရှေ့တာကစ္စတန်ဟုခေါ်သော လွတ်လပ်သောပြည်နယ် ခွဲထွက်လိုကြသည့် အစ္စလာမ္မစ် စစ်သွေးကြွများ၏ အကြမ်းဖက်လုပ်ရပ်ကို အစိုးရက အပြစ်တင်ပြောဆိုခဲ့သည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ ဒုတိယအကြီးအကဲဖြစ်သူ စန်ကျင်းကိုက ပြင်သစ်ကာကွယ်ရေးနှင့် အမျိုးသားလုံခြုံရေးတပ်ဖွဲ့မှ ဒုတိယဗိုလ်ချုပ်ကြီး လူးဝစ်ဂေါ်တီယာကို တရုတ်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့သည် နှစ်နိုင်ငံ စစ်ဘက်ဆက်ဆံရေးကို စံပြတစ်ခုဖြစ်စေလိုကြောင်း ပြောခဲ့သည်။

ပြီးခဲ့သောနှစ်က ပြင်သစ်နိုင်ငံ အကြမ်းဖက်တိုက်ခိုက်ခံရမှုကို တရုတ်နိုင်ငံအနေဖြင့် အမှန်တကယ်ဝမ်းနည်းမိကြောင်း စင်ကာပူ၌ ကျင်းပသော လုံခြုံရေးဖိုရမ်တွင် သီးခြားတွေ့ဆုံစဉ် စန်က ဂေါ်တီယာကို ပြောခဲ့သည်။

"အကြမ်းဖက်လုပ်ရပ်တွေကို ဆန့်ကျင်တဲ့စစ်ပွဲအတွက် စုံစမ်းထောက်လှမ်းရေးက အဓိကကျတယ်လို့ထင်တယ်"ဟု စန်ကပြောသည်။ တရုတ်နိုင်ငံသည် အကြမ်းဖက်သမားများကို ဆန့်ကျင်တိုက်ခိုက်ရန် စုံစမ်းထောက်လှမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ပြင်သစ်နှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း ပြောခဲ့သည်။ ပြင်သစ်နိုင်ငံအနေဖြင့်လည်း သဘောတူညီကြောင်း တုံ့ပြန်ပြောဆိုခဲ့သည်ဟု သိရသည်။ **(ရိုက်တာ)**

# ကျူးဘားနိုင်ငံသည် အမေရိကနိုင်ငံများအဖွဲ့သို့ ပြန်လည်ဝင်ရောက်မည်မဟုတ်ဟုဆို

**ဟာဗားနား ဇွန် ၅**

ကျူးဘားသမ္မတ ရာအူးလ်ကက်စထရိုက ကျူးဘားနိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံနှင့် စည်းလုံးညီညွတ်မှုကို ပြသရန်အတွက် အမေရိကနိုင်ငံများအဖွဲ့ (OAS)သို့ ပြန်လည်ဝင်ရောက်မည်မဟုတ်ဟု ပြောသည်။

OAS မှ အထွေထွေအတွင်းရေးမှူးချုပ် လူးဝစ်အယ်မာဂိုက ဗင်နီဇွဲလားနိုင်ငံအပေါ်ပိတ်ဆို့မှုများ ပြုလုပ်ရန် တောင်းဆိုခဲ့သည်။ ဟာဗားနား၌ပြုလုပ်သည့် ကာရေဘီယံ တိုင်းပြည်များအစည်းအဝေး၌ မစ္စတာကက်စထရိုက OAS အဖွဲ့ကို နယ်ချဲ့အရင်းရှင်စနစ်ကြီးစိုးရာ အဖွဲ့အစည်းဟု ခေါ်ဝေါ်ခဲ့သည်။



ထိုအချိန်၌ ယခင် စပိန်ဝန်ကြီးချုပ်ဟောင်း ဂျိုးဇက်လူးဝစ်ရိုဒရီဂုစ်ဇက်ပတာရိုသည် အကျဉ်းကျခံနေသည့် ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် လီယိုပိုဒိုလိုပက်ဇ်နှင့် တွေ့ဆုံခဲ့သည်။ လိုပက်ဇ်သည် လွန်ခဲ့သောနှစ်က ထောင်ဒဏ် ၁၄ နှစ် ကျခံပြီးနောက်ပိုင်း မိသားစုဝင်အပြင် အခြားသောလူနှင့် ပထမဆုံးတွေ့ဆုံခြင်းဖြစ်သည်။

ကရာကတ်မြို့အပြင်ဘက်ရှိ ရာမိုမာဒီအကျဉ်းထောင်၌ တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး မိနစ် ၉၀ ကြာ တွေ့ဆုံမှုပြုလုပ်ခဲ့သည်ဟု လိုပက်ဇ်၏ အစ်မဖြစ်သူက ပြောသည်။ မစ္စတာဇက်ပတာရိုသည် ဗင်နီဇွဲလားနိုင်ငံရေး ပဋိပက္ခများအတွင်း အစိုးရနှင့် အတိုက်အခံအုပ်စုများကြား စေ့စပ်ညှိနှိုင်းမှုရရှိစေရေး ကြိုးပမ်းလျက်ရှိသည်။

**(ဘီဘီစီ)**




# ဗြိတိန်ထွက်ခွာခြင်းက ဥရောပစီမံကိန်းများကို အဆုံးသတ်စေမှာမဟုတ်ဟုဆို

**လန်ဒန် ဇွန် ၅**

ဥရောပသမဂ္ဂမှ ဗြိတိန်ထွက်ခွာခြင်းသည် ဥရောပစုစည်းညီညွတ်မှုပုံရိပ်ကို အဆုံးသတ်စေမည်မဟုတ်သည့်အပြင် မကောင်းသောအမြင်အဖြစ် မရှုမြင်သင့်ကြောင်း ဥရောပလွှတ်တော် ဒုတိယဥက္ကဋ္ဌ အလက်ဇန်းဒါးလမ်ဒ့ော်ဖ်က ဂျာမနီရေဒီယိုအင်တာဗျူးတစ်ခုတွင် ပြောဆိုခဲ့သည်။

ဂျာမနီ လစ်ဘရယ်အမတ် လမ်ဒ့ော်ဖ်က ဗြိတိန်မဲပေးသူများအနေဖြင့် အီးယူတွင် ဆက်ရှိနေရန် ဆုံးဖြတ်လိမ့်မည်ဟု မျှော်လင့်ကြောင်း၊ သို့သော်လည်း ရလဒ်သည် မည်သို့ပင်ထွက်ပေါ်စေကာမူ အီးယူအဖွဲ့အနေဖြင့် ဆက်လက်ရှင်သန်ရပ်တည်သွားမည်ဖြစ်ကြောင်း ဆိုသည်။

ဥရောပသမဂ္ဂအဖွဲ့သည် ဂျာမနီနှင့် ပြင်သစ်မရှိလျှင် မတွေးဝံ့စရာအခြေအနေနှင့် ကြုံတွေ့ရနိုင်ကြောင်း၊ မူလကတည်းက ဗြိတိန်မပါဘဲ အီးယူကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဖြစ်ရပ်သည် ဥရောပစီမံကိန်းတစ်ခုလုံးကို အဆုံးသတ်စေနိုင်မည်မဟုတ်ကြောင်း ၎င်းကအင်တာဗျူးတစ်ခုတွင် ပြောဆိုခဲ့သည်။

**(ရိုက်တာ)**

# အိုင်အက်စ်တို့ထိန်းချုပ်မှုအောက်မှ မိုဆူးလ်တက္ကသိုလ်

ချြူးစန္ဒီနွေး

*လွန်ခဲ့သော နှစ်နှစ်ခန့်က အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့တော်မိုဆူးလ်ကို အိုင်အက်စ်အကြမ်းဖက်သမားများက သိမ်းပိုက်ခဲ့သည်။ သို့သော် မိုဆူးလ်မြို့ရှိ တက္ကသိုလ်ကိုမူ ပိတ်ပစ်ခြင်းမပြုခဲ့ဘဲ ဆက်လက်ဖွင့်လှစ်ခဲ့သည်။*



မြို့တော်ကို အဓမ္မသိမ်းပိုက်ခဲ့သော်လည်း အရာအားလုံးပုံမှန်အတိုင်းရှိနေသည်ဟု ထင်မြင်ယူဆစေရန် တက္ကသိုလ်ကို ဆက်လက်ဖွင့်လှစ်ခဲ့သလား (သို့မဟုတ်) စစ်ပွဲ၌အသုံးပြုရန် ဓာတုလက်နက်များအပါအဝင် အခြားသော စစ်လက်နက်များထုတ်လုပ်ရန် တက္ကသိုလ်ကို မပိတ်ဘဲထားသလားဆိုသည်မှာ စိတ်ဝင်စားဖွယ်ရာ ကိစ္စတစ်ခုပင်ဖြစ်သည်။ သို့သော် မြို့တော်အတွင်း ပို၍ဆိုးရွားလာသောအခြေအနေများနှင့် အိုင်အက်စ်တို့ထိန်းချုပ်ထားရာ တက္ကသိုလ်အတွင်း ဖြစ်ပျက်နေသောကိစ္စရပ်များကို ကမ္ဘာကသိရှိစေလိုသော တက္ကသိုလ်ဆရာများနှင့် ကျောင်းသားများလည်းရှိသည်။

အပြည်ပြည်ဆိုင်ရာ ပညာရေးအင်စတီကျူ့၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် နယူးယောက်မြို့အခြေစိုက် Scholar Rescue Fund က ၎င်းတို့ကို အကူအညီများပေးလျက်ရှိသည်။ အမည်ထုတ်ဖော်မပြနိုင်သည့် အခြေအနေတစ်ရပ်၌၎င်းတို့သည် မြို့တော်၏အခြေအနေမှာ အကြမ်းဖက်မှုများ၊ ကြောက်ရွံ့မှုများ၊ သေဒဏ်စီရင်မှုများ၊ နိုင်ငံရေး၊ ဘာသာရေးအရ ညှဉ်းပန်းနှိပ်စက်မှုများ ကြုံတွေ့နေရကြောင်း ဖော်ပြခဲ့သည်။ ထို့အပြင် မြို့တော်၌ ရိက္ခာပြတ်လပ်မှုများနှင့်ကြုံတွေ့နေရပြီး အဆိုးဆုံးမှာ ဆက်သွယ်ရေးစနစ် ဖြတ်တောက်ခံရခြင်းပင်ဖြစ်သည်ဟု ၎င်းတို့က ပြောသည်။ မြို့ရှိလူများမှာ နေ့စဉ်နှင့်အမျှ ကြောက်မက်ဖွယ်ရာ အခြေအနေများနှင့် ရင်ဆိုင်နေရသည်။ မိုဆူးလ်မြို့၌ ဈေးဝယ်ရာမှပြန်လာသော လူတစ်ဦးကို အိုင်အက်စ်အဖွဲ့သားများက အတင်းရပ်တန့်စေပြီး လူအများရှေ့၌ ခေါင်းဖြတ်ပြခဲ့သည်။ ထိုရန်များအပြင် မဟာမိတ်တို့၏ လေကြောင်းတိုက်ခိုက်မှုကိုလည်း ကြောက်ရွံ့နေရသေးသည်။ လွန်ခဲ့သော သီတင်းပတ်က မိုဆူးလ်မြို့တစ်ဝိုက်တွင် လေကြောင်းတိုက်ခိုက်မှု ၃၂ ကြိမ် ပြုလုပ်ခဲ့သည်။

**အိုင်အက်စ်တို့၏ ထိန်းချုပ်မှုအောက်မှ တက္ကသိုလ်အတွင်းအခြေအနေ**

အိုင်အက်စ်တို့ထိန်းချုပ်မှုအောက်၌ ရှင်သန်ရခြင်းသည် စိုးရိမ်ထိတ်လန့်မှုအပြည့်ဖြင့် ဘဝကိုဖြတ်သန်းနေရခြင်းပင်ဖြစ်သည်ဟု မိုဆူးလ်မြို့ရှိ သတင်းအရင်းအမြစ်တစ်ခုက ပြောသည်။ သူလျှိုမှုများ၊ သစ္စာဖောက်မှုများ၊ အကျပ်ကိုင်ငွေညှစ်မှုများ၊ ဂုဏ်သိက္ခာဖျက်ဆီးမှုများသည် အကျိုးဆက်များပင်ဖြစ်သည်။

မည်သူ့ကိုမဆို အလွယ်တကူ သတ်ဖြတ်နိုင်သည်။ အိုင်အက်စ်တို့၏ တရားစီရင်မှုသည် ဆုံးဖြတ်ချက်ချပြီး မိနစ်အနည်းငယ်မှာပင် သေဒဏ်ချမှတ်သည်။ တချို့ကျောင်းသားများသည် အိုင်အက်စ်တို့နှင့် အလုပ်တွဲလုပ်ပြီး မိမိတို့အတွက် တန်ပြန်ထောက်လှမ်းပေးသည်ဟု ၂၀၁၄ ခုနှစ် မိုဆူးလ်တက္ကသိုလ်ကို အိုင်အက်စ်တို့က သိမ်းပိုက်လိုက်သည်ကို မျက်မြင်ကိုယ်တွေ့မြင်လိုက်ရသူ သတင်းအရင်းအမြစ်တစ်ခုက ဆိုသည်။

စာပေနှင့်အတွေးအခေါ်ပညာရပ် အစရှိသည့်ဘာသာရပ်များ သင်ကြားမှုကို ရပ်တန့်ထားပြီး အိုင်အက်စ်တို့သည် ၎င်းတို့၏ဘာသာရေးအတွေးအခေါ်များကို ဆန့်ကျင်သည်ဟု ထင်မြင်ယူဆသောအရာများကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ ထို့အပြင် ဗဟိုစာကြည့်တိုက်အတွင်းမှ စာအုပ်များကို မီးရှို့ဖျက်ဆီးခဲ့သည်။ ရှေးဟောင်းပစ္စည်းများကို ဖျက်ဆီးခဲ့သည်။

အီရတ်အစိုးရ၏ သစ္စာခံ(သို့မဟုတ်)အနောက်အုပ်စုနှင့် အဆက်အသွယ်ရှိသော ဆရာများကို သတ်ပစ်ခဲ့သည်။ တက္ကသိုလ်ကို လက်ရှိဖြစ်ပွားနေသော စစ်ပွဲများ အထောက်အကူပြုနိုင်ရန် ပြောင်းလဲလိုက်ပြီး နိုင်ငံခြားတိုက်ခိုက်ရေးသမားများသည် တက္ကသိုလ်အဆောက်အအုံများကို နေစရာအဖြစ် အသုံးပြုခဲ့သည်။

ကာယသိပ္ပံဘာသာရပ်သည် ဦးစားပေးဘာသာရပ်ဖြစ်လာသည်။ အိုင်အက်စ်အုပ်ချုပ်သူများသည် ဆေးပညာ၊ ဆေးဝါးပညာ၊ သူနာပြုဘာသာရပ်နှင့် သွားဆေးပညာရပ်တို့ကို အထူးအားပေးသည်။ မြို့အတွင်းမှ ထွက်ပြေးသွားသော ဆရာဝန်များနေရာတွင် အစားထိုးရန်အတွက်ဖြစ်သည်။

တက္ကသိုလ်၌ ဘာသာစကားသင်ကြားမှုကိုလည်း အားပေးသည်။ အကြောင်းမှာ နိုင်ငံခြားသားတိုက်ခိုက်ရေးသမားများနှင့်အတူတကွ အလုပ်လုပ်ရာတွင် ဘာသာစကားအခက်အခဲမရှိစေရန်နှင့် ၎င်းတို့၏ ဝါဒဖြန့်ချိရေးကို အထောက်အကူပြုနိုင်ရန် ဖြစ်သည်။

အားကစားနှင့် ကိုယ်ကာယလေ့ကျင့်ခန်းများ၌မူ ဂျီဟတ်လေ့ကျင့်မှုပုံစံဖြင့် ပြောင်းလဲသင်ကြားပြီး စစ်ရေးလေ့ကျင့်ခန်းများကိုလည်း သင်ကြားသည်။

**ဆက်သွယ်ရေးစနစ်ဖြတ်တောက်ခြင်း**

အိုင်အက်စ်တို့သည် အင်တာနက်အသုံးပြုခွင့်နှင့်ပတ်သက်၍ ပို၍တင်းကျပ်သော စည်းကမ်းများ ထုတ်လာခဲ့သည်။ အိမ်တိုင်းအိမ်တိုင်းသို့ ဝင်ရောက်ကာ အင်တာနက်အကောင့်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ စစ်မေးသည်။ လူများသည် လူမှုမီဒီယာမှတစ်ဆင့် သတင်းအချက်အလက်များရရှိသော်လည်း ၎င်းတို့ကိုယ်၌မူ မည်သည့်သတင်းကိုမျှ မတင်ဝံ့ကြချေ။

တက္ကသိုလ်မှ ဝန်ထမ်းများကိုလည်း ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များ ထွက်ပြေးမည့်အစီအစဉ်ကို ဖော်ထုတ်ရန်ပျက်ကွက်ခဲ့ပါက ပြစ်ဒဏ်ပေးမည်ဟု သတိပေးမှုများ ပြုလုပ်ခဲ့သည်။

**လက်နက်များထုတ်လုပ်ရန် တက္ကသိုလ်၌ ဆောင်ရွက်နေပြီလား**

ဓာတုနှင့်ဇီဝလက်နက်များ ထုတ်လုပ်ရန် တက္ကသိုလ်၏ ဓာတ်ခွဲခန်းများကို အိုင်အက်စ်တို့အသုံးပြုနေကြပြီလားဆိုသည်မှာ စိုးရိမ်ဖွယ်ရာကိစ္စပင်ဖြစ်သည်။ သို့သော် ကမ္ဘာတစ်ဝန်းမှ သေနတ်နှင့်လက်နက်ကြီးများကို ဝယ်ယူရရှိနိုင်သည့်အတွက် တက္ကသိုလ်ဓာတ်ခွဲခန်းမှ လက်နက်များ ပြုပြင်တိုးတက်ထုတ်လုပ်မည်ကို အဘယ်ကြောင့် စိုးရိမ်နေရသနည်းဟူသော သံသယဖြစ်ဖွယ်ကိစ္စကို ဖော်ထုတ်ပြောဆိုလာပြန်သည်။

အိုင်အက်စ်တို့သည် တက္ကသိုလ်ကို လက်တွေ့ကျသည့် အချက်တစ်ချက်ကြောင့် အသုံးပြုနေခြင်းဖြစ်သည်ဟူသော အကြံပြုချက်တစ်ခု ထွက်ပေါ်လာသည်။ တက္ကသိုလ်သည် သီးခြားနှင့်လုံခြုံစိတ်ချရသော စွမ်းအင်ထောက်ပံ့မှုတစ်ရပ် ပိုင်ဆိုင်ထားသည်။

အိုင်အက်စ်တို့သည် တက္ကသိုလ်မှ လက်နက်စမ်းသပ်ချက်များနှင့် လျှို့ဝှက်ပစ္စည်းများကို ရပ်ကွက်များအတွင်းသို့ ပြောင်းရွှေ့သည်ဟူသော သတင်းပို့မှု ထွက်ပေါ်လာသည်။ ဓာတုဗေဒနှင့် ရူပဗေဒစမ်းသပ်ခန်းများ၊ စိုက်ပျိုးရေးသုံး ပစ္စည်းများအစရှိသည်တို့၌ လျှို့ဝှက်ချက်များစွာရှိနေသော်လည်း အိုင်အက်စ်တို့ မည်သည့်ကိစ္စဆောင်ရွက်နေသည်ကိုမူ မည်သူမျှမသိကြပေ။

**ငတ်ပြတ်ခြင်း**

အိုင်အက်စ်တို့သည် တိုက်ပွဲ၌ တိုက်ခိုက်ရေးသမားများ ဆုံးရှုံးနေရသည်။ ထို့အပြင် ၎င်းတို့ထိန်းချုပ်ထားရာနယ်မြေများကိုလည်း လက်လွှတ်နေရသည်။ မြို့အတွင်း၌ ငတ်ပြတ်မှုများ များစွာဖြစ်ပေါ်နေသည်ဟု လူတစ်ဦးက ပြောသည်။ လူများသည် အိုင်အက်စ်အဖွဲ့အတွင်းသို့ ဝင်မလား သို့မဟုတ် အိုင်အက်စ်တို့အတွက် အလုပ်လုပ်ကိုင်ပေးမလားဟူသော ရွေးချယ်စရာနှစ်ခုရှိလာသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ စားဝတ်နေရေးအတွက် ငွေလိုအပ်လာသောကြောင့်ဖြစ်သည်။ အိုင်အက်စ်တပ်သားသစ်စုဆောင်းသူများသည် ကျေးလက်ဒေသမှ ပုံမှန်ဝင်ငွေမရှိသောလူငယ်များကို စုဆောင်းသည်။ ယခုအခါ၌ အိုင်အက်စ်အဖွဲ့အတွင်းမှ ထွက်ခွာလိုသူ အမြောက်အမြားရှိနေသော်လည်း ချက်ချင်းအသတ်ခံရမည်ကိုစိုးရိမ်၍ မထွက်ဝံ့ကြကြောင်း လူတစ်ဦးက ပြောသည်။

**တိုက်ခိုက်ဖို့စောင့်ဆိုင်းနေကြပြီ**

အိုင်အက်စ်တို့သည် သိက္ခာမဲ့သောလုပ်ရပ်များကို လုပ်ဆောင်နေသည်ဟူသော သတိပေးချက်များထွက်ပေါ်လာသည်။ အိုင်အက်စ်တို့သည် မဟာမိတ်တပ်ဖွဲ့များက လေကြောင်းတိုက်ခိုက်မှုပြုလုပ်စဉ် မြို့အတွင်းအရပ်သားများနှင့် မဟာမိတ်တပ်ဖွဲ့ဝင်တို့အကြား သူလျှိုသည့်လုပ်ငန်းများ လုပ်ကိုင်နေကြောင်းလည်း သတိပေးထားသည်။

အရပ်သားများကို ကယ်တင်နိုင်ရေးအရေးပေါ်အစီအစဉ်များ တောင်းဆိုမှုရှိလာသည်။ တိုက်ပွဲများပို၍ပြင်းထန်လာမည်ဟု ခန့်မှန်းချက်များလည်းရှိသည်။ မိုဆူးလ်မြို့သည် ၎င်းတို့၏ နောက်ဆုံးခံတပ်ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် နောက်ဆုံးလူတစ်ဦးသာကျန်တော့သည်အထိ တိုက်ခိုက်သွားမည်ဟုလည်း လူတစ်ဦးကပြောသည်။

အပြည်ပြည်ဆိုင်ရာပညာရေးအင်စတီကျူ့မှဉက္ကဋ္ဌ အယ်လင်ဂွဒ်မန်းက မိုဆူးလ်မြို့မှ တက္ကသိုလ်ဆရာတစ်ဦးနှင့် ချိတ်ဆက်၍ ကြောက်ရွံ့ထိတ်လန့်ဖွယ် အကြောင်းအရာများကို ဖော်ပြခဲ့သည်။ အိုင်အက်စ်တို့ ထိန်းချုပ်ထားရာဒေသ၌နေထိုင်ရသည့် လူတိုင်းလူတိုင်းသည် နေ့စဉ်နှင့်အမျှ ကြောက်ရွံ့နေရကြောင်း ဒေါက်တာဂွဒ်မန်းက ပြောသည်။

**ကိုးကား-ဘီဘီစီ**

> **မြို့တော်အတွင်း ပို၍ဆိုးရွားလာသောအခြေအနေများနှင့် အိုင်အက်စ်တို့ ထိန်းချုပ်ထားရာ တက္ကသိုလ်အတွင်း ဖြစ်ပျက်နေသော ကိစ္စရပ်များကို ကမ္ဘာကသိရှိစေလိုသော တက္ကသိုလ်ဆရာများနှင့် ကျောင်းသားများလည်း ရှိသည်**

## ဂျာမန်တေးဂီတဖျော်ဖြေပွဲ၌ မိုးကြိုးပစ်မှုဖြစ်ပွား လူ ၅၁ ဦးထက်မနည်း ဒဏ်ရာရရှိ

**ဘာလင် ဇွန် ၅**

ဂျာမနီနိုင်ငံအနောက်ဘက် မဲန်ဒင်းမြို့တွင် ကျင်းပပြုလုပ်သော Rock am Ring အမည်ရှိ တေးဂီတဖျော်ဖြေပွဲတစ်ခုတွင် ဇွန် ၃ ရက် ညနေပိုင်းက မိုးကြိုးပစ်မှုဖြစ်ပွားခဲ့ရာ လူ ၅၁ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဂျာမနီရဲတပ်ဖွဲ့က ပြောသည်။

ယခုအခါ ၃၁ ကြိမ်မြောက်ရှိပြီဖြစ်သော အဆိုပါတေးဂီတဖျော်ဖြေပွဲကို ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့မှ ကီလိုမီတာ ၁၅၀ ခန့်အကွာတွင်တည်ရှိသော မြို့ငယ်လေးတစ်မြို့ဖြစ်သည့်မဲန်ဒင်းလေဆိပ်တွင် ပြုလုပ်ခဲ့စဉ် မိုးကြိုးပစ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပွဲတော်စီစဉ်သူတစ်ဦး၏ဝက်ဘ်ဆိုက်ပေါ်၌ လွှင့်တင်ထားသည့် သတင်းများအရ တေးဂီတဖျော်ဖြေပွဲအစီအစဉ်တွင် မိုးကြိုးပစ်မှုကြောင့် လူ ၄၂ ဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အနက် ရှစ်ဦးမှာ ဒဏ်ရာပြင်းထန်သည်ဟုဖော်ပြထားသော်လည်း ပွဲကြည့်ပရိသတ်များထဲမှဒဏ်ရာရရှိသူဦးရေ နောက်ထပ်တိုးလာသောကြောင့် ဒဏ်ရာရရှိသူဦးရေမှာ ၅၁ ဦးအထိ မြင့်တက်လာခဲ့ကြောင်း ဂျာမန်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အလားတူပင် ဂျာမနီနိုင်ငံတွင် ယမန်နှစ်က ပွဲတော်တစ်ခု၌ မိုးကြိုးပစ်မှုဖြစ်ပွားခဲ့ရာ လူ ၃၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း ယခုနှစ်တွင် ကျင်းပသော တေးဂီတဖျော်ဖြေပွဲသို့ ပါဝင်တက်ရောက်သူဦးရေမှာ ၄၅၀၀၀ ခန့်ရှိကြောင်း ဒေသဆိုင်ရာမီဒီယာများ၏ သတင်းဖော်ပြချက်အရ သိရသည်။

**ဂျေတီ**

## တက္ကသိုလ်ကထိက ဆရာမတစ်ဦး ဓားဖြင့်အထိုးခံရ

**ရန်ကုန် ဇွန် ၅**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောတောင်ရပ်ကွက် ညောင်တုန်းလမ်း တိုက်တစ်တိုက်၌ ယမန်နေ့ ညနေ ၅ နာရီခန့်တွင် အမျိုးသားလူငယ်တစ်ဦးက အမျိုးသမီးတစ်ဦးကို ဓားဖြင့်ထိုးမှုဖြစ်ခဲ့သည်။

ပခုက္ကူတက္ကသိုလ်မှ ကထိက ဒေါ် - - - (၄၂ နှစ်) ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၄၁) ရပ်ကွက်နေသူသည် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ပုလဲကွန်ဒို တိုက် B ၁၀ လွှာ အခန်း ------ နေ မင်းခန့်ကျော် (နည်းပညာတက္ကသိုလ်) နှင့်အတူ ပြန်လာစဉ် ပြဿနာဖြစ်ခဲ့ပြီး ညောင်တုန်းလမ်းအရောက်၌ အမျိုးသမီးက နီးစပ်ရာတိုက်အတွင်း ဝင်ရောက်ထွက်ပြေးရာ အမျိုးသားလူငယ်က ဝမ်းဗိုက်နှင့် ရင်ညွန့်ကို ဓားဖြင့်ထိုး၍ ထွက်ပြေးသွားကြောင်း သိရသည်။

အခင်းဖြစ်ပွားသည့် ညောင်တုန်းလမ်း တိုက်အမှတ် ၄၅ ပထမထပ်နေ ရာအိမ်မှူး ဦးမောင်ရွှေက "ကျွန်တော် အပြင်သွားတုန်းဖြစ်တာပါ။ ဘယ်ကသူတွေလဲတော့ မသိဘူး"ဟု ဆိုခဲ့သည်။

မြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းတပ်ကြပ်ကြီး ဟန်ဝင်းနိုင်ကလည်း အခင်းဖြစ်စဉ်ကို မြင်တွေ့သူအား မေးမြန်းရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

ဓားထိုးခံရသူ တက္ကသိုလ်မှ ဆရာမအား ကျွန်းတောတောင်ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းမြင့်နှင့်အဖွဲ့က ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီးသို့လိုက်ပို့ခဲ့ရာ စိုးရိမ်ရမှု အခြေအနေမရှိကြောင်း သိရသည်။

အုပ်ချုပ်ရေးမှူးအား တက္ကသိုလ်ဆရာမ၏ ပြောပြချက်အရသိရသည်မှာ ကျောင်းဖွင့်၍ ပခုက္ကူတက္ကသိုလ်သို့ အပြန်ခရီးတွင် ပြစ်မှုကျူးလွန်သူက လိုက်ပါလိုသည်ဟု ဆိုသည်ကို ငြင်းဆန်ရာမှ ယခုကဲ့သို့ ဖြစ်ရကြောင်း သိရသည်။

**ကိုကြီးတင်**

## ပဲခူးမြို့တွင် တောဆင်ရိုင်းသုံးကောင်ဝင်ရောက်၊ အမျိုးသားတစ်ဦး ဆင်နင်းခံရ

**ပဲခူး ဇွန် ၅**

ပဲခူးမြို့ ရပ်ကွက်ကြီး(၅)မြေတိုင်(၁၉) နောက်ကျောရှိ တဂူပြွန်တဲစုတွင် ယနေ့ နံနက် ၅ နာရီခန့်ကတောဆင်ရိုင်း သုံးကောင် ဝင်ရောက်ခဲ့ပြီး အမျိုးသားတစ်ဦး ဆင်နင်းခံရသည့်အတွက် ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

"အဲဒီဆင်တွေက မနက်အစောကြီး ကတည်းက တဂူပြွန်တဲစုနားက ပိန်းနဲ့ ပင်တောရ ဘုန်းကြီးကျောင်းဝင်းအတွင်းက ဘုရားရှေ့တည့်တည့်မှာ ကပ်ပြီး ရပ်နေတာကို ဆရာတော်ကတွေ့တဲ့အတွက် ထွက်သွားဖို့ မောင်းထုတ်လိုက်တော့ တောထဲကိုထွက်သွားပါတယ်။ မနက် ၇ နာရီလောက်မှာ ကလေးတွေက လိုက်ကြည့်ကြတယ်ထင်တယ်။ အဲဒါကို ရပ်ကွက်ကြီး(၆)ကနေပြီး သဲဆယ်တဲ့လူက ကလေးတွေဆင်နင်းမှာစိုးလို့ဆိုပြီး လေးခွနဲ့ခြောက်လှန့်တဲ့အတွက် ဆင်တွေကသူ့ကို ပြေးထိုးတာမှာ ဘုန်းကြီးကျောင်းခြံစည်းရိုးနားမှာလဲပြီး ခုလို အနင်းခံရတာဖြစ်တယ်"ဟု မျက်မြင်တွေ့ရှိသူ ပိန်းနဲ့ပင်တောရကျောင်းဆရာတော် ဦးဩဘာသက မိန့်ကြားသည်။

"အခုလို ပဲခူးမြို့ ရပ်ကွက်ကြီး(၅)မှာ တောဆင်ရိုင်းတွေ ဝင်ရောက်တယ်ဆိုတဲ့သတင်းအရ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနဲ့ သစ်တောကတာဝန်ရှိသူတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ ရောက်ရှိလာပြီး အခင်းဖြစ်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ပါတယ်။ ပြီးတော့ သာယာဝတီခရိုင် မြန်မာ့သစ်ထုတ်လုပ်ငန်းက ဆင်အယဉ်တွေနဲ့ ညှပ်ဆွဲပြီး မောင်းထုတ်ဖို့စီစဉ်နေတယ်"ဟု မြို့နယ်သစ်တောဦးစီးမှူး ဦးမင်းကျော်အောင်က ပြောသည်။

**ဘမောင်(ပဲခူး)**

## တရားမဝင်ပိတောက်ခွဲသား သစ်ငါးတန်ခန့်တင်ဆောင်ထားသောယာဉ်တစ်စီး ပိုင်ရှင်မဲ့ဖမ်းဆီးရမိ

**ဆားလင်းကြီး ဇွန် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် မြေစွန်ကျေးရွာ၌ ဇွန် ၅ ရက် နံနက် ၅ နာရီခွဲက တရားမဝင်ပိတောက်ခွဲသား သစ်ငါးတန်ခန့်တင်ဆောင် ရပ်တန့်ထားသော ယာဉ်တစ်စီးအား ပိုင်ရှင်မဲ့သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းမာပင်ခရိုင် မှုခင်းနှိမ်နင်းရေး အဖွဲ့မှ ဒုရဲအုပ်လင်းထိန်၊ ရဲတပ်သားဇော်ဇော်အောင်၊ ဆားလင်းကြီး မြို့မစခန်းမှူး၊ နယ်ထိန်းခေါင်းဆောင်နှင့်အဖွဲ့၊ ဆားလင်းကြီးမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် ဦးဝင်းအောင်နှင့်အဖွဲ့တို့သည် သတင်းအရ ပုသိမ်-မုံရွာ ကားလမ်း အမှတ် ၁ ရပ်ကွက် မြေစွန်ကျေးရွာ မြောက်ဘက် ဘီးခွန်ဂိတ်အနီး မိုင်တိုင်အမှတ် (၄၃၄/၃)နှင့် (၄၃၄/၂)အကြားတွင်GMC ဟီးနိုးယာဉ်အစိမ်းရောင် နံပါတ်မပါ မိုးကာအပြာအုပ်ထားသော ခြောက်ဘီးယာဉ်တစ်စီး ရပ်တန့်ထားသည်ကိုတွေ့ရှိရ၍ ကြည့်ရှုစစ်ဆေးရာယာဉ်ပေါ်တွင် ယာဉ်မောင်းနှင့်အခြား လိုက်ပါစီးနင်းလာသူ၊ စာရွက်စာတမ်းများ စစ်ဆေးတွေ့ရှိမှု မရှိဘဲ တရားမဝင် သယ်ဆောင်လာသော ပိတောက်ခွဲသား သစ်ငါးတန်ခန့်နှင့်ယာဉ်ကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသော တရားမဝင် ပိတောက်ခွဲသား သစ်ငါးတန်ခန့်နှင့်ယာဉ်ကို ဆားလင်းကြီးမြို့နယ် သစ်တောဦးစီးဌာနတွင် သိမ်းဆည်းထားပြီး ယာဉ်မောင်းနှင့် ယာဉ်ပိုင်ရှင်ကို သစ်တောဥပဒေအရ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းအထက်၌ မီးလောင်

**ရန်ကုန် ဇွန် ၅**

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း (အထက်လမ်း)၌ ဇွန် ၅ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်ရာတွင် မီးတောက်အားမများသော်လည်း မီးခိုးများအထွက်များသည့်အတွက် မီးသတ်တပ်ဖွဲ့ဝင်များက တစ်နာရီခွဲနီးပါး အချိန်ပေး၍ ခက်ခက်ခဲခဲ ငြိမ်းသတ်ပေးခဲ့ရသည်။

ရွှေဘုံသာ(အထက်လမ်း) တိုက်အမှတ် ၄၀၀၊ ငါးထပ်-ရင်ခွဲတိုက်အတက်အဆင်းလှေကားရင်း အောက်ခြေရှိ သားရေအိတ်များရောင်းချသည့်ဆိုင်မှ စတင်လောင်ခြင်းဖြစ်ကြောင်း သိရသည်။

အနောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးဝင်းက "ဓာတ်လှေကားဟောင်းနေရာ ၁၀ ပေ၊ ၁၅ ပေ ပတ်လည်အခန်းလေးထဲမှာ ၁၀၀ အမ်ပီယာဖြူးစ်ခုံပေါ်မှာ ရောင်းတဲ့သားရေအိတ်တွေတင်ထားပြီး အတင်အချ ပြုလုပ်ခဲ့မှုကြောင့် ရှော့ခ်ဖြစ်ပြီး စလောင်တာပါ"ဟု ဆိုခဲ့သည်။ မြို့နယ်-လျှပ်စစ်တာဝန်ခံ ဦးဘုန်းနိုင်ကလည်း ထို့ကြောင့် ပင်ဖြစ်ကြောင်း သုံးသပ်ပြောခဲ့သည်။

မီးတောက်အားထွက်ရှိမှုမရှိဘဲ သားရေအိတ်များ လောင်ခြင်းကြောင့် အနီးဝန်းကျင်၌ မီးခိုးများဖုံးအုပ်သွားခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များက အောက်ဆီဂျင်ဘူးများအသုံးပြု၍ ခက်ခဲစွာ ဝင်ရောက်ငြိမ်းသတ်ပေးခဲ့ရခြင်းဖြစ်သည်။

အဓိက အတက်အဆင်းလှေကားအောက်ခြေတွင် မီးလောင်ခြင်းဖြစ်သည့်အတွက် ငါးလွှာမှ မိသားစုဝင်များကို မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ပါ အမြင့်တင်လှေကားဖြင့် ကယ်ဆယ်မှုများပြုလုပ်ပေးခဲ့ရသည်။

ကယ်ဆယ်ရေးတွင်ပါဝင်သည့် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက "အားလုံး ၁၈ ဦးလောက်ရှိတယ်။ လသားအရွယ်ကအစ အသက် ၇၀ ကျော်အရွယ်လူကြီးတွေပါ ပါတယ်"ဟုဆိုခဲ့သည်။

မီးငြိမ်းသတ်ရာတွင် မီးခိုးများလွန်စွာထွက်ရှိမှုကြောင့် ညနေ ၃ နာရီ ၅ မိနစ်တွင် ဖယ်ရှားရှင်းလင်းနိုင်ခဲ့ပြီး မီးခိုးမွှန်သဖြင့် အသက် ၁၈ နှစ်၊ ၂၅ နှစ် အမျိုးသားနှစ်ဦး၊ အသက် ၁၀ နှစ်၊ ၁၉ နှစ်နှင့် ၇၀ အရွယ်၊ အသက် ၁၈နှစ်အရွယ်နှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးတို့အား ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ရသည်။

မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသော်ဒါ ဦးဆောင်သော အုပ်ချုပ်မှုယာဉ် သုံးစီးနှင့်အတူ မီးငြိမ်းသတ်ရေယာဉ် ၂၁ စီး၊ အထောက်အကူပြုယာဉ် ၁၂ စီး ကြက်ခြေနီယာဉ် ကိုးစီးတို့နှင့်အတူ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၁၅၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ ကျော်တို့က ငြိမ်းသတ်ပေးခဲ့သည်။ ဆိုင်ပိုင်ရှင် ဦးသန်းထွန်းအား ပန်းဘဲတန်းမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သတင်း-တင်ဝင်းလေး**



**မီးသတ်တပ်ဖွဲ့ဝင်များ ခက်ခက်ခဲခဲမီးငြိမ်းသတ်နေသည်ကို တွေ့ရစဉ်**
ဓာတ်ပုံ - ပုံပုံ

**ဖခင်အမည်မှန်**
ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ် အမက-သဲကုန်း(၁)၊ တတိယတန်းမှ မပြည့်ဖြိုးခင်၏ ဖခင်အမည်မှန်မှာ ဦးချစ်ကို ၁၂/မဘန(နိုင်)၀၈၃၉၈၀ ဖြစ်ပါကြောင်း။ **ဦးချစ်ကို**

**ဖခင်အမည်မှန်**
ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လိပ်ပွတ်ကျေးရွာ၊ အမက-သဲကုန်း(၁)၊ တတိယတန်းမှ မောင်ကောင်းမြတ်စိုး၏ ဖခင်အမည်မှန်မှာ ဦးရှင်းရှင်း ၁၄/မပန(နိုင်)၁၁၅၁၇၂ ဖြစ်ပါကြောင်း။
**ဦးရှင်းရှင်း**

**အိမ်နှင့်ခြံရောင်းမည်**
ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၅၀)ရပ်ကွက်၊ ၅၀ကွေ့အနီး၊ ပေ(၄၀×၆၀)၊ နှစ် ၆၀ဂရန်၊ 8P၊ ရေ၊ မီးစုံ
**ဖုန်း - ၀၉-၂၅၅၇၆၀၈၀၉**
**၀၉-၄၂၀၇၆၂၂၆**
**၀၉-၄၂၂၂၀၀၇၅၆**

**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**
**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန**
**ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ကသာခရိုင်၊ ကသာမြို့တွင် ကသာခရိုင်ဦးစီးမှူးရုံး၊ ဝန်ထမ်းအိမ်ရာ(၆)ခန်းတွဲ (၂)ထပ်ပေ(၁၅၀×၄၀×၂၈) RCC ကွန်ကရစ်ကြမ်းခင်း ရေမီးအပါအဝင် အဆောက်အအုံအတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ် ယူအပ်ပါသည်။

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၆-၆-၂၀၁၆ ရက် မှ ၁၅-၆-၂၀၁၆ ရက်အထိ
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်**- ၁၆-၆-၂၀၁၆ ရက်မှ ၃၀-၆-၂၀၁၆ရက်အထိ
(ဂ) **တင်ဒါရောင်းချတင်သွင်းမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဦးစီးဌာန၊ မုံရွာတက္ကသိုလ်အနီး၊ သစ်တောပျိုးဥယျာဉ် အနောက်ဘက်၊ မုံရွာမြို့

၂။ အသေးစိတ်အချက်အလက်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး ဖုန်း-၀၇၁-၂၃၂၂၁၊ ၀၉-၄၂၈၃၃၅၆၁၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ပညာရေးဝန်ကြီးဌာန**
**နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန**
**ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)အတွက်**
**သင်တန်းသားများခေါ်ယူခြင်း**

၁။ ၂၀၁၆ခုနှစ် ဇွန် ၁ ရက်တွင် ပညာရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့ပူးပေါင်း၍ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ ပညာရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ပူးပေါင်း၍ သက်မွေးပညာရပ်ဆိုင်ရာ သင်တန်းများကို ညောင်ရွှေ သက်မွေးပညာသင်တန်းကျောင်း (NVTI)တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ **လျှောက်ထားသူသည်-**
(က) မည်သည့်နှစ်တွင်မဆို အခြေခံပညာမူလတန်း(စတုတ္ထတန်း) အောင်မြင်သူဖြစ်ရမည်။
(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်း ကျန်းမာသူ ဖြစ်ရမည်။

၃။ အပတ်စဉ်တစ်ခုလျှင် သင်တန်းသား ၂၀ ဦးစီ လက်ခံသင်ကြားပေးမည်ဖြစ်သည်။

၄။ လုပ်ငန်းခွင်ကျွမ်းကျင်သော သင်တန်းသားများ မွေးထုတ်ပေးနိုင်ရေးအတွက် စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြု အောင်လက်မှတ် (Certificate)ရရှိမည်ဖြစ်ပါသည်။

၅။ ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)သို့ တက်ရောက်ခွင့်ရရှိသော သင်တန်းသားများအတွက် သင်တန်းတက်သည့်ကာလများအတွင်းသင်တန်းကြေးနှင့် စားစရိတ်မှာ အခမဲ့ဖြစ်ပြီး နေထိုင်ရန် အဆောင်စီစဉ်ပေးပါမည်။

**ဖွင့်လှစ်မည့်သင်တန်းများနှင့်သင်တန်းကာလ**
(က) လယ်ယာသီးနှံနှင့် ဥယျာဉ်ခြံသီးနှံများအား GAP နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းသင်တန်း (သင်တန်းကာလ-၁ လ)
(ခ) ငါးဖိန်းသားဖောက်သင်တန်းနှင့်ငါးဆေးထိုးသားဖောက်သင်တန်း (သင်တန်းကာလ-၂ ပတ်)
(ဂ) တစ်လုံးထိုးအင်ဂျင်ပြုပြင်ခြင်းသင်တန်း (သင်တန်းကာလ-၁ လ)
(ဃ) အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း (သင်တန်းကာလ- ၁လ)

**သင်တန်းဖွင့်လှစ်မည့်ရက်**
ဇွန် ၁၅ရက်၊ ၂၀၁၆ ခုနှစ်

**သင်တန်းနေရာ**
ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)၊ မိုင်းပေါက်လမ်း၊ မကျီးစင်ကျေးရွာအနီး၊ ညောင်ရွှေမြို့

**ဆက်သွယ်စုံစမ်းရန် ဖုန်းနံပါတ်**
ငါးလုပ်ငန်းဦးစီးဌာန ဖုန်း- ၀၉-၅၁၈၇၁၂၄
စိုက်ပျိုးရေးဦးစီးဌာန ဖုန်း-၀၉-၄၂၈၂၀၈၄၀၀
ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၉-၄၃၀၂၆၃၄၃၊ ၀၆၇-၄၀၉၂၄၃
နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၅၀၅
ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI) ဖုန်း-၀၉-၅၂၁၅၆၄၉

[လျှောက်လွှာများကို ၁၃-၆-၂၀၁၆ရက် နောက်ဆုံးထား၍ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရယူလျှောက်ထားနိုင်ပါသည်။]

**ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)**

# ငလိုက်ချောင်းတံတား၌ ကုန်တင်ကားတစ်စီး တံတားကို ဝင်တိုက်ပြီး ထိုးကျတိမ်းမှောက်

**နေပြည်တော် ဇွန် ၅**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာအုပ်စု ဘောဂသီရိ အဝေးပြေးကားဝင်း ပျဉ်းမနား မြို့ရှောင်လမ်းမကြီးပေါ်ရှိ ငါးလိုက်ချောင်းတံတား၌ ဇွန် ၅ ရက် နံနက် ၁ နာရီ ၁၅ မိနစ်ခန့်က ၂၂ ဘီး ကုန်တင်တစ်စီးတံတားကို ဝင်တိုက်မိပြီး တံတားအောက်ကျကာ တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်

ဖြစ်စဉ်မှာအေလာဘက်မှ တပ်ကုန်းဘက်သို့ သကြားအိတ်များတင်ဆောင်၍ ယာဉ်မောင်း ဘိုဘိုနိုင်(၃၂နှစ်)နှင့် ယာဉ်နောက်လိုက် ဘိုဘိုလှိုင် ကျောက်ဆည် မြင်စိုင်းမြို့သစ် မန္တလေးတိုင်းနေသူတို့သည် အဖြူရောင် ၂၂ ဘီးယာဉ်ကို ပျဉ်းမနားမြို့ရှောင်လမ်းအတိုင်း မောင်းနှင်လာစဉ် မိုင်တိုင်အမှတ်(၁၅/၂နှင့် ၁၅/၃)ကြား ငါးလိုက်ချောင်းတံတားကို အရှိန် မထိန်းနိုင်ဘဲ ဝင်တိုက်မိ၍ ထိုးကျတိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်ရာသို့ အမှတ်(၁) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့စု (၆) ပျဉ်းမနားမြို့နယ် ယာဉ်မှူးစစ်ရဲအုပ် ဆန်းမင်းအောင်နှင့်တပ်ဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ် တာဝန်ရှိသူများရောက်ရှိလာပြီး ယာဉ်လမ်းကြောင်း မပိတ်ဆို့စေရေး အတွက် လမ်းများ၊ မော်တော်ယာဉ်များ ရှင်းလင်းပေးခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် လူ အသေအပျောက်မရှိသော်လည်း ၂၂ဘီး ကုန်တင်ယာဉ်မှာပျက်စီးခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းအား အရေးယူဆောင်ရွက်နိုင်ရေးတာဝန်ရှိသူများက ဆက်လက်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**



# စွယ်တော်ခရီးသည်တင်ဟိုင်းလတ် လမ်းဘေးမြောင်းထဲထိုးကျ တိမ်းမှောက်

**ဒိုက်ဦး ဇွန် ၅**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ရှမ်းစုကျေးရွာအုပ်စု အကြောင်ကျေးရွာ၌ ဇွန် ၅ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ က စွယ်တော်ခရီးသည်တင် ဟိုင်းလတ်ယာဉ် လမ်းဘေးသို့ ထိုးကျတိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာဒိုက်ဦးမှ ပဲခူးဘက်သို့ ယာဉ်မောင်း စည်သူထွန်း(၃၅ နှစ်)မြို့မ(၂)ရပ်ကွက် ပြွန်တန်ဆာမြို့နေသူမောင်းနှင်လာသောယာဉ်အမှတ် န/----- ဟိုင်းလတ်အဖြူရောင်(စွယ်တော်) ခရီးသည်တင်ယာဉ်သည် ရန်ကုန်-မန္တလေး ကားလမ်းမိုင်တိုင်အမှတ်(၈၂/၂)နှင့် (၈၂/၃) အကြား အကြောင်ကျေးရွာသို့ အရောက်တွင် မျက်နှာချင်းဆိုင်မှ လမ်းလယ်မျဉ်းကိုကျော်တက်လာသောယာဉ်ကြီးတစ်စီးအား မြင်၍ လမ်းဘေးသို့ဆွဲချစဉ် အရှိန်လွန်၍ လမ်း၏အနောက်ဘက်ဘေးမြောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်သွားသဖြင့် ယာဉ်ပေါ်ပါလာသူခရီးသည် တင်မျိုးနိုင်(၂၇နှစ်) ဒိုက်ဦးမြို့နေသူတွင် (ပြင်ပလူနာ မစိုးရိမ်ရ)၊ ဒေါ်သောင်းခင် (၆၅ နှစ်) မကျည်းတန်းရွာ ဒိုက်ဦးမြို့နယ်နေသူတွင် (အတွင်းလူနာ-စိုးရိမ်ရ)၊ ဒေါ်သန်းနု (၅၅ နှစ်) ဝါဆိုရပ်ကွက်နေသူတွင် (အတွင်းလူနာ-စိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ပြီး ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်၏ ရှေ့ဘက်ခြမ်းပျက်စီးဆုံးရှုံးခဲ့ပြီး ယာဉ်မောင်း စည်သူထွန်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်းသိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကို ဒိုက်ဦးမြို့နယ် ဖောင်တော်သီနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်နေလင်းနှင့် တပ်ဖွဲ့ဝင်များက စစ်ဆေးလျက်ရှိပြီး ယာဉ်မဆင်မခြင် မောင်းနှင်ပြီး ထွက်ပြေးတိမ်းရှောင်သွားသူ စည်သူထွန်းအား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ဘက်ဟိုးကားသုံးစီးနှင့် ဆက်စပ်ပစ္စည်းများဖမ်းဆီး

**ဇန်းမောက် ဇွန် ၅**

ဇန်းမောက်မြို့နယ် မံအင်မင်းကုန်းအုပ်စု အနောက်ကုန်းကျေးရွာအနောက်ဘက် တစ်ဖာလုံခန့်အကွာ တောစပ်၌ ဘက်ဟိုးကားသုံးစီးနှင့် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လေးလုံးထိုးအင်ဂျင်စက် တစ်လုံးတို့အား နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင်များက ဇွန် ၃ ရက် ည ၇ နာရီခန့်တွင် ဖမ်းဆီးလိုက်ကြောင်း သိရသည်။ အဆိုပါ ကားသုံးစီးကို ဇန်းမောက်မြို့နယ် မံစီကြီးနယ်မြေရဲကင်းစခန်းသို့ လွှဲပြောင်းပေးခဲ့ပြီး ဘက်ဟိုးနှစ်စီးပိုင်ရှင်ဖြစ်သည့် ဦးစံဝင်း(၅၄နှစ်)နှင့် အောင်မြင့် (၄၃နှစ်)ဇန်းမောက်မြို့နေသူတို့အား အရေးယူရန် မြို့မရဲစခန်းက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ငွေအိုး(ကသာ)**




# ပြည်ကြီးတံခွန်မြို့နယ်၌ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**မန္တလေး ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲအကူတပ်ဖွဲ့ခွဲ မှုခင်းအကူဌာနစိတ်မှ ရဲအုပ်ရဲမြင့်၊ ရဲအုပ်ဖုန်းသင်းနောင်၊ ဒုရဲအုပ် ကျော်ဇလနှင့်အဖွဲ့သည် ဇွန် ၂ ရက်က ပြည်ကြီးတံခွန်မြို့နယ် ၅၈ လမ်း၊ ပျူစောထီးလမ်းနှင့်ကျန်စစ်သားလမ်းကြားရှိ ပြည်တိုး လက်ဖက်ရည်ဆိုင်တွင် ကျော်ကျော်လင်းနှင့်အောင်နိုင်ဦးတို့မှ မူးယစ်ဆေးဝါး အရောင်းအဝယ်ပြုလုပ်ရန် ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ရှာဖွေခဲ့သည်။ ကျော်ကျော်လင်းနှင့် အောင်နိုင်ဦးတို့အား လက်ဖက်ရည်ဆိုင်တွင်ထိုင်နေ သည်ကိုတွေ့ရသဖြင့် ရှာဖွေရာ ၎င်းတို့နှစ်ဦးထံမှ စုစုပေါင်း အလေးချိန် ၁ ဒသမ ၆၅ ဂရမ်နှင့် မူးယစ်ဆေးဝါး သုံးစွဲရာတွင်အသုံးပြုသည့် ဆေးထိုးအပ်နှစ်ချောင်း၊ လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၅**

မြိတ်ရဲကင်းစခန်း(၁)မှ တပ်ဖွဲ့ဝင်များသည် ဇွန် ၂ ရက်က မြိတ်မြို့နယ် ကလွင်ကျေးရွာ တက္ကသိုလ်ရပ် မိဂဒါဝန်ကျောင်းနှင့် မြရိပ်ညိုလမ်းဘေးတွင် တွေ့ရှိရသူ ဇင်ကိုဦး၊ ကောင်းမြတ်နိုင်၊ သန်းဇော်ထိုက်၊ ရဲလင်းနှင့် ရဲအောင်ဦးတို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၆၀ ကိုလည်းကောင်း၊ ထို့အတူ ဇွန် ၂ ရက်က ကျောက်မဲ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျောက်မဲမြို့ အောင်မြေသာယာ ကျေးရွာအနီး ငြိမ်းချမ်းရေးဘုရားကုန်းရှေ့ ကျောက်မဲ - မိုင်းတင်သွား ကားလမ်းပေါ်တွင် အောင်လွင် မောင်းနှင်ပြီး ကျော်ထွေးလိုက်ပါလာသည့် ယာဉ်အမှတ် ၅ဂ/---- ပါဂျဲရိုး မော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းဖြူအလေးချိန် ၁၇၁ ဒသမ ၆ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၁၈၀ တို့ကို လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။ အလားတူ ဇွန် ၃ ရက်က မူးယစ်တပ်ဖွဲ့စု (၃၄) ကော့သောင်းမှ တပ်ဖွဲ့ဝင်များသည် ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက် ပုလဲအတွင်းလမ်း အိမ်အမှတ်(355/A)နေ ကြည်လွင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၂ ပြား ကိုလည်းကောင်း၊ ဇွန် ၃ ရက်က မူးယစ်တပ်ဖွဲ့စု(၂၆)ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်း- လွိုင်ကော် ကားလမ်း ကောက်မှီးကျေးရွာအနီး အနောက်ဘက် တောစပ်တွင် နေမျိုးအောင်မောင်းနှင်ပြီး အင်ကြင်းမေလိုက်ပါလာသည့် ယာဉ်အမှတ် YGN 9D/---- မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၂၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**

မိုးရာသီ ရွှေဥရာစုသစ် စိန်ရွှေရတနာဆိုင်၏
ဗုဒ္ဓဂါယာဘုရားပုံ ကံ့စမ်းမ ကုသိုလ်ပြုနေပါသည်။
၆-၆-၂၀၁၆ မှ ၃၁-၈-၂၀၁၆ ထိ အထူးအစီအစဉ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်
ရတနာသည်သင့်အတွက်ထာဝရ
ရတနာစုလိုက
- အလျော့တွက် မပါသော ရွှေ လက်ဝတ်ရတနာ ဒိုးထည်၊ စိန် လက်ဝတ်ရတနာ ဒိုးထည် များ ရွေးချယ်ဝယ်ယူဝတ်ဆင်နိုင်ပါသည်။
- ရွှေထည်၊ စိန်လက်ဝတ်ရတနာထည်ပုံအသစ်ပုံဆန်းများအားလည်း ဈေးနှုန်း၊ အလျော့တွက် အထူးလျော့ရောင်းပေးနေပါသည်။




သို့ကြွခဲ့ပါ။
အမှတ် (၆၁၈)၊ မဟာဗန္ဓုလလမ်း၊ ၂၃ - လမ်းနှင့် ဗိုလ်ရွဲလမ်းကြား၊ ပေါ်တီကိုအောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၄၉၃၄၀၁၅၈၊ ၀၉၄၂၀၀၂၉၉၉၉
အမှတ် (၇၀၇)၊ ခေမာသီလမ်း၊ ဈေးရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း - ၀၉၂၅၄၉၅၃၅၁၇၊ ၀၉၇၃၂၀၂၅၂၂

## သတင်းတိုများ

### အမှုစစ်ရဲအရာရှိများမွမ်းမံသင်တန်းဆင်း

ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်ရဲတပ်ဖွဲ့ရုံး ဆင်ဖြူရှင်ခန်းမ၌ မေ ၂၃ ရက်က ဖွင့်လှစ်ခဲ့သည့် အမှုစစ်(အရာရှိ) မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၆) ၏ သင်တန်းဆင်းပွဲကို ဇွန် ၃ ရက်က ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်းက သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး သင်တန်းသားအရာရှိများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များကို ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရဲအရာရှိများအနေဖြင့် တရားဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရေးနှင့် အမှုစစ်လုပ်ငန်းကို ပိုမိုကျွမ်းကျင်တတ်မြောက်ပြီး အရည်အချင်းနှင့် အရည်အသွေးမြင့်မားလာစေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် သင်တန်းသို့ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ အရာရှိဒုရဲအုပ် ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

### ပေါက်ခေါင်းမြို့ မစိုးရိမ်ကျေးရွာ၌ မြေငှားဂရန် ဆက်လက်ထုတ်ပေး

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်ဖြင့် မစိုးရိမ်ကျေးရွာအုပ်စု မစိုးရိမ်ကျေးရွာသို့ ကျေးရွာမြေငှားရမ်းဂရန် ထုတ်ပေးနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မေလစတုတ္ထပတ်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ပေါက်ခေါင်းမြို့နယ် မစိုးရိမ်ကျေးရွာတွင် မြေငှားဂရန်ကို မူလကျေးရွာမြေဧရိယာ ၁၂ ဒသမ ၉၀၉ ဧကအတွင်းရှိ ပြည်သူ ၄၁ ဦးထံသို့ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၉ ရက်က ထုတ်ပေးခဲ့ပါသည်။ လယ်ယာမြေ အခြားနည်းဖြင့် အသုံးပြုလျှောက်ထားသော လယ်မြေ ၂၃ ဒသမ ၆၆ ဧက၊ လ/ယ (၃၀)နှင့် ဂရန်မိန့်ရရှိပြီးသော လယ်ယာမြေဧရိယာအတွင်း နေထိုင်သော ပြည်သူ ၃၃ ဦးထံသို့ ကျေးရွာမြေငှားဂရန် ဆက်လက်ထုတ်ပေးနိုင်မည့် လုပ်ထုံးလုပ်နည်းနှင့်အညီ ရက် ၁၀၀ စီမံချက်အတွင်း ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။

အိမ်ထောင်စု ၁၀၂ စု အိမ်ခြေ ၁၀၀၊ လူဦးရေ ၄၁၀ရှိ ကျွဲပေါင်ပင်ကျေးရွာသို့လည်း မြေငှားဂရန်များ ထုတ်ပေးနိုင်ရေးအတွက် မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျေးရွာအတွင်းရှိ လမ်းများအား သတ်မှတ်အဝန်းအဝိုင်း ရှိ/မရှိ စစ်ဆေးခဲ့ပြီး ကျေးရွာနယ်နိမိတ်မှတ်တိုင်များစိုက်ထူ၍ ရွာအဝန်းအဝိုင်းနှင့် အသေးစိတ် မြေပုံတိုင်းတာခြင်း၊ ကွက်စိပ်မြေပုံတိုင်းတာခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းမှန်ကန်စွာ၊ ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်သွားနိုင်ရန်အတွက် ကျေးရွာဒေသခံပြည်သူများအား အသိပေးပြောကြားခဲ့ကြောင်း သိရှိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မိုင်းမောမြို့ဟောင်းတွင် ရှေးဟောင်းပစ္စည်းများထိန်းသိမ်းပြသရန်အတွက် ပြတိုက်ငယ်တစ်ခုကို ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်လျက်ရှိ

**မြစ်သား ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ မိုင်းမောမြို့ဟောင်းတွင် လေလွင့်လျက်ရှိသော ရှေးဟောင်းပစ္စည်းများကို ထိန်းသိမ်းပြသသွားရန်အတွက် ပြတိုက်ငယ်တစ်ခုကို ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါပြတိုက်ငယ်ကို တည်ဆောက်နေသည့် မိုင်းမောသုခရတနာကျောင်းတိုက် ဆရာတော်က ယင်းကျောင်းတိုက်ဝင်းအတွင်းရှိ အဆောက်အအုံငယ်တစ်ခုတွင် ရှေးဟောင်းအုတ်ချပ်များကို ထိန်းသိမ်းထားကြောင်း၊ သမိုင်းတွင် အရေးပါသော မြင်းစီးယောကျ်ား တစ်ဦး၏ပုံပါ ရုပ်ကြွအုတ်ချပ်များလည်းပါဝင်ကြောင်း၊ ရှေးခေတ်က ပျူလူမျိုးများ မိုင်းမောမြို့ဟောင်းဒေသတွင် နေထိုင်ခဲ့ဖူးကြောင်း သမိုင်းအထောက်အထားအချို့ကို နှောင်းလူများလေ့လာနိုင်အောင် ထိန်းသိမ်းထားခြင်းဖြစ်ကြောင်း၊ ပြတိုက်ငယ်ကို ဆောက်လုပ်ရန်အတွက် ကျောက်ဆည်မြို့ ရှေးဟောင်းသုတေသနဌာနခွဲနှင့် ခရိုင်အုပ်ချုပ်ရေးမှူးထံ အကြောင်းကြားပြီးဖြစ်ကြောင်း မိန့်ကြားသည်။



ထိန်းသိမ်းထားသော မြင်းစီးယောကျ်ားပုံပါ အုတ်ချပ်များ

မိုင်းမောမြို့ဟောင်းသည် သရေခေတ္တရာ၊ ဟန်လင်းနှင့် ပျူမြို့ဟောင်းများနှင့် ခေတ်ပြိုင်ဖြစ်ပြီး သရေခေတ္တရာပြီးလျှင် မိုင်းမောသည် အကြီးဆုံး ပျူမြို့ဟောင်းတစ်ခုဖြစ်ကာ အေဒီ ၃ ရာစုတွင် အခြေတည်ပြီးဖြစ်ကြောင်း ပျူယဉ်ကျေးမှုဆိုင်ရာသမိုင်းအထောက်အထားများအရ သိရသည်။

**ရွှေရည်ဦး(မြစ်သား)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများ ဘားအံမြို့၌ ကျင်းပ



ပန်းချီပြိုင်ပွဲတွင် ယှဉ်ပြိုင်နေသော ကျောင်းသားတစ်ဦး

**ဘားအံ ဇွန် ၅**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများကို ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ဇွန် ၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲမစတင်မီတွင် ကရင်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကျောင်းသားကျောင်းသူများအား ပြိုင်ပွဲတွင်အသုံးပြုရန် ရောင်စုံဖယောင်း၊ စုတ်တံ၊ ရေဆေး၊ Color Pen၊ ရောင်စုံခဲတံ၊ ပုံဆွဲခဲတံ၊ ပုံဆွဲစက္ကူ၊ Soft Pen စသည့် ပုံဆွဲကိရိယာများ(တန်ဖိုးကျပ်ငါးသိန်းကျော်)ကို အခမဲ့ပေးဝေခဲ့ပြီး ပြိုင်ပွဲကို မူးယစ်ကင်းစင် တို့ဘဝအသွင် အစဉ်ဖွံ့ဖြိုးဖို့ကြိုးပမ်းစို့၊ စီးပွားကျန်းမာလူမှုဘဝ မူးယစ်ရှောင်မှ အလွန်လှပ၊ တိုင်းပြည်တိုးတက်သာယာဖို့ မူးယစ်ဆေးကို ရှောင်ရှားစို့၊ လူတိုင်းကိုယ်စီရှောင်ကြဉ်ခြင်း တစ်ပြည်လုံးမှာ မူးယစ်ကင်း၊ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး မူးယစ်ဆေးကိုရှောင်ပါမနေးအစရှိသည့် ခေါင်းစဉ်ငါးမျိုးဖြင့် ကျင်းပခဲ့သည်။

ပြိုင်ပွဲသို့ ကရင်ပြည်နယ်အတွင်းရှိ ဘားအံ၊ လှိုင်းဘွဲ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးနှင့် မြဝတီမြို့များရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ ၈၉ ဦး၊ တက္ကသိုလ်များမှ ကျောင်းသားကျောင်းသူ ၂၂ ဦး စုစုပေါင်း ၁၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပန်းချီပြိုင်ပွဲတွင် ၄၄ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၃၀ ဦး၊ ပိုစတာပြိုင်ပွဲတွင် ၃၇ ဦး ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဇွန် ၂၆ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည် ဖြစ်သည်။

ပြိုင်ပွဲကျင်းပနေမှုကို ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်း၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဆွေးနွေးမှုများ ကျေးရွာများတွင် ကွင်းဆင်းပြုလုပ်လျက်ရှိ

**ကောလင်း ဇွန် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ရေလုပ်ငန်း အများဆုံးလုပ်ကိုင်ဆောင်ရွက်နေသော ကျေးရွာများတွင် ငါးသယံဇာတထိန်းသိမ်းရေး၊ ငါးရစ်ငါးသန်ရာသီ တားမြစ်ကာလအတွင်း ငါးဖမ်းဆီးမှုမရှိစေရေးနှင့် ရာသီဥတု၏ အကျိုးသက်ရောက်မှုကြောင့် ငါးမွေးမြူရေးလုပ်ငန်းများကို ထိခိုက်မှုမရှိစေရေး အသိပညာပေးဟောပြောပွဲများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇွန် ၃ ရက်တွင် ဥက္ကံကျေးရွာမှ ရေလုပ်ငန်းလုပ်ကိုင်နေကြသော ပြည်သူများအား ငါးသယံဇာတ ပြုန်းတီးမှုမရှိစေရေးနှင့် ငါးထုတ်လုပ်မှု တိုးတက်စေရေးအတွက် ငါးရစ်ငါးသန်ရာသီ တားမြစ်ကာလအတွင်း ငါးဖမ်းခြင်းမပြုကြရန်နှင့် လျှပ်စစ်ဖြင့်ရှော့ခ်တိုက်ခြင်း၊ အဆိပ်ချခြင်း၊ ယမ်းဖောက်ခွဲ၍ ငါးဖမ်းဆီးခြင်းများကို မပြုကြရန် ကောလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းဝင်းက ဟောပြောပြီး အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့သည်။ ထို့အပြင် ရာသီဥတု၏ အကျိုးသက်ရောက်မှုကြောင့် ငါးမွေးကန်လုပ်ငန်းရှင်များ၏ ငါးမွေးမြူရေးလုပ်ငန်းများ ထိခိုက်မှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း ရှင်းလင်းဟောပြောခဲ့သည်။

ကောလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း ငါးသယံဇာတ ထိန်းသိမ်းရေးနှင့် ငါးထုတ်လုပ်မှုတိုးတက်ရေးအတွက် ကျေးရွာများတွင် ငါးမွေးမြူရေး သင်တန်းများကိုလည်း ဂျိုက်ကာ(JICA)နှင့်ပူးပေါင်းပြီး ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုမောင်(ကောလင်း)**



# ဆေးဝါးအတုများနှင့် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများ ရောင်းချခြင်းမရှိစေရန် ရှောင်တခင်စစ်ဆေး

**ကျောက်ပန်းတောင်း ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း ဆေးဝါးအတုများနှင့် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများ ရောင်းချခြင်းမရှိစေရန်အတွက် ဆေးဝါးတုများ တိုက်ဖျက်ရေးဆိုင်ရာ မြို့နယ်အဆင့် ကွင်းဆင်းဆောင်ရွက်ရေးအဖွဲ့က ကျောက်ပန်းတောင်းမြို့ပေါ်ရှိ ဆေးဝါးရောင်းချသောဆိုင်များကို ဇွန် ၃ ရက်က ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ကျောက်ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဦး ခေါင်းဆောင်၍ မြို့မစခန်းမှူး ဒုတိယရဲမှူးထွန်းတင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးသိန်းထွန်း၊ ပြည်တွင်းအခွန်များဦးစီးဌာနမှူး ဒေါ်အိအိသန့်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဦးမောင်မောင်တာတို့ပါဝင်သော မြို့နယ်အဆင့် ကွင်းဆင်းဆောင်ရွက်ရေးအဖွဲ့ဝင်များက မြို့ပေါ်ရှိ ဆေးဝါးရောင်းချသောဆိုင်များကို လှည့်လည်စစ်ဆေး၍ ဆိုင်ရှင်များအား ဆေးဝါးအတုများနှင့် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများ ရောင်းချခြင်းမပြုရန် အသိပညာပေးခဲ့သည်။

**နေအောင်(ပြန်/ဆက်)**



# ပရဟိတစိတ်ထားကို လူတိုင်းသာ နှလုံးသွင်းကြလျှင်

**အေးမိစံ**

နေ့စဉ်ထုတ်သတင်းစာများကို ကျွန်မ အမြဲဖတ်လေ့ရှိပါတယ်။ ခုတစ်လောထူးခြားပြီး လူတိုင်းစိတ်ဝင်စားတဲ့ သတင်းကတော့ မိုးလေဝသ သတင်းပါ။ မြန်မာနိုင်ငံသာမကပါ ကမ္ဘာနဲ့အဝန်းမှာ ရာသီဥတုဖောက်ပြန်မှုတွေ ဖြစ်ပေါ်နေပါတယ်။ မကြားဖူးတဲ့ ထန်းသီးလုံးလောက် မိုးသီးကြွေတာတွေ၊ မိုးကြိုးပစ်တာတွေကိုလည်း ကြားသိနေရပါတယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ပြည်သူတွေ အတိဒုက္ခရောက်တာတွေ့ရတော့ များစွာ စိတ်မကောင်းဖြစ်မိပါတယ်။ အချို့နေရာဒေသတွေမှာ သောက်သုံးရေပြတ်လပ်ကုန်လို့ နိုင်ငံတော်အစိုးရ ဒေသအုပ်ချုပ်ရေးအဖွဲ့တွေက လိုက်လံလှူဒါန်းနေတာတွေ၊ ပရဟိတအဖွဲ့အမျိုးမျိုးက လိုက်လံလှူဒါန်းနေတာတွေ သတင်းစာမှာ ဖတ်ရတော့ အနည်းနဲ့အများဆိုသလို ပြည်သူတွေအတွက် စိတ်အေးရပါတယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့် အချို့နေရာများမှာ လယ်ယာသုံးခိုင်းနွားတွေ သေဆုံးကုန်ပါတယ်။ အဲဒီလို သေဆုံးမှုတွေကြောင့် ဆုံးရှုံးသွားတဲ့ တောင်သူတွေကို ပရဟိတအဖွဲ့ တစ်ခုက နွားတစ်ကောင်သေဆုံးရင် ငွေကျပ် ၁၀ သိန်း ပေးလှူနေတာကိုလည်း နေ့စဉ်ထုတ်သတင်းစာမှာ ဖတ်လိုက်ရတော့ သာဓုခေါ်လိုက်မိပါတယ်။


ပရဟိတခရီးစဉ်တစ်ခုအတွက် အလှူပစ္စည်းများ သယ်ယူနေသော လူငယ်များ

တကယ်တော့ ကျွန်မအနေနဲ့ မိမိရဲ့လုပ်ငန်းထဲမှာပဲ နစ်မြုပ်လုပ်ကိုင်နေရတဲ့အတွက် လှူဒါန်းမှုများ ပြုလုပ်ဖြစ်သော်လည်း ပရဟိတလုပ်ငန်းတွေကို ထဲထဲဝင်ဝင် ကိုယ်တိုင်လုပ်ဆောင်ရန် အခွင့်အရေးမရရှိခဲ့ပါဘူး။ လွန်ခဲ့တဲ့နှစ် ဇွန်လတုန်းက ပဲခူးအဝင် အင်းတကော်အနီးမှ ကျောက်တန်းရွာလေးရှိ ဝေဠုဝန်စာသင်တိုက်(ပန်းပျိုးလက် ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း)ကို ရောက်ရှိလှူဒါန်းခွင့်ရခဲ့ပြီးတဲ့နောက်မှာ ပရဟိတလုပ်ငန်းကို ပိုမိုစိတ်ဝင်စားလာခဲ့ပါတယ်။ နောက်ပိုင်းမှာ ပရဟိတလုပ်ငန်းများကို တတ်စွမ်းသမျှ ပြုလုပ်ဖြစ်ပါတယ်။ ပရဟိတလုပ်တဲ့သူများနဲ့ အဖွဲ့အစည်းအားလုံးကိုလည်း စိတ်ထဲမှာ လေးစားအားကျမိပါတယ်။ တကယ်တော့ ပရဟိတလုပ်ငန်းဆိုတာ အပြောလွယ်သလောက် အလုပ်ခက်ပါတယ်။ လူတိုင်းဟာ မိမိစီးပွားရေးလုပ်ငန်းတွေ၊ မိသားစုအရေးတွေ လုပ်ကိုင်နေကြရတဲ့အထဲက အချိန်တွေကိုဖဲ့ယူပြီးမှ အများအကျိုးအတွက် ဆောင်ရွက်ကြရပါတယ်။ အချိန်တွေ၊ ငွေတွေ ပေးဆပ်လုပ်ကိုင်ကြရတာပါ။

နေ့စဉ်ထုတ်သတင်းစာတွေထဲမှာ မြင်တွေ့နေရတဲ့ လှူဒါန်းမှုသတင်းတွေအရ ကျွန်မသတိပြုမိတဲ့ အဖွဲ့ကတော့ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းပဲဖြစ်ပါတယ်။ အမျိုးသမီးတစ်ဦးဖြစ်တဲ့ ကျွန်မအနေနဲ့ အဲဒီဖောင်ဒေးရှင်းကို ငယ်ရွယ်တဲ့ အမျိုးသမီးလုပ်ငန်းရှင်တစ်ဦးက ဦးစီးလုပ်ဆောင်နေတာကို ကြားသိရလို့ များစွာမှ နှစ်ထောင်းအားရ ဖြစ်မိပါတယ်။ ဒါကြောင့်လည်း ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းနဲ့ပတ်သက်ပြီး တစေ့တစောင်း လေ့လာခဲ့မိပါတယ်။ တစ်ရက်မှာ အဲဒီဖောင်ဒေးရှင်းရှိတဲ့ ကမ္ဘောဇဘဏ်ကို လုပ်ငန်းကိစ္စနဲ့ ရောက်ရှိသွားတော့ အဲဒီကုမ္ပဏီက မိတ်ဆွေဖြစ်တဲ့ အရာရှိတစ်ယောက်ကို တွေ့ဆုံခဲ့ပြီး သိချင်တာလေးတွေ မေးမြန်းလေ့လာခဲ့မိပါတယ်။

မိတ်ဆွေဖြစ်သူက ပရဟိတလုပ်ငန်းနဲ့ပတ်သက်ပြီးခုလို ပြောပြပါတယ်။ "ကျွန်တော်တို့ ဖောင်ဒေးရှင်းက ၂၀၀၇ ခုနှစ်က စပြီး ထူထောင်ခဲ့တာပါ။ အဓိကကတော့ ဖွံ့ဖြိုးမှုနည်းပါးတဲ့ လူမှုဝန်းကျင်က ပြည်သူတွေရဲ့ဘဝတွေကို မြှင့်တင်ပေးဖို့နဲ့ လူမှုရေးအကျိုးပြုလုပ်ငန်းတွေကို ရေရှည်ဆောင်ရွက်သွားဖို့ ရည်မှန်းချက်ပါ။ အဲဒီရည်မှန်းချက်တွေကို အောင်မြင်အောင် လုပ်ဆောင်နိုင်ဖို့အတွက် လုပ်ငန်းစဉ်ငါးရပ်ကိုလည်း ချမှတ်ထားပါတယ်။ ဒါတွေကတော့ သဘာဝဘေးအန္တရာယ်ကျရောက်ရင် အချိန်နဲ့တစ်ပြေးညီ ကာကွယ်စောင့်ရှောက်ပေးခြင်း၊ အမျိုးသမီးတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပညာပေးခြင်းနဲ့ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရန် ဆောင်ရွက်ခြင်း၊ လူငယ်များအတွက် ပညာရေးပံ့ပိုးရန်လိုအပ်သည်များ ဆောင်ရွက်ပေးခြင်း၊ လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းဆိုတဲ့ လုပ်ငန်းစဉ်ငါးရပ်ပါ။ အဲဒီငါးရပ်အတိုင်း ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက အကောင်အထည်ဖော်ဆောင်ရွက်နေတာ ပေါ့ဗျာ"လို့ မိတ်ဆွေက ဆိုပါတယ်။

ဒါ့အပြင် မိတ်ဆွေက ဆက်လက်ပြီး "အခုလောလောဆယ် အဓိကလုပ်ဆောင်နေတာကတော့ ပထမဆုံးအချက်ပေါ့ဗျာ။ သဘာဝဘေးအန္တရာယ်ဖြစ်ပြီဆိုတာနဲ့ ဥက္ကဋ္ဌအပါအဝင် ကမ္ဘောဇဘဏ်ရဲ့ဝန်ထမ်းတွေဟာ စေတနာ၊ မေတ္တာကို အခြေခံပြီး လုပ်ကြတာပေါ့။ ဥပမာ ရေကြီးတုန်းကဆိုရင် နေ့မအားညမနားလုပ်ကြတယ်။ မီးဘေးသင့်တော့လည်း နေ့ညမထားဘဲ ပြည်သူတွေကို ကူညီပေးတယ်။ ရေရှားတဲ့ဒေသတွေမှာ ကျပ်ငွေ ဘီလီယံပေါင်းများစွာ အကုန်အကျခံပြီး ရေတူးပေးတယ်။ ခုလည်း ရာသီဥတုကြောင့် တောင်သူတွေရဲ့ခိုင်းနွားတွေ သေကုန်တော့ တစ်ကောင်ကို ကျပ် ၁၀ သိန်းနှုန်း ထောက်ပံ့လှူဒါန်းပေးတယ်။ သောက်ရေမရတဲ့ပြည်သူတွေအတွက် ရေဘောက်ဆာကားအသစ်တွေ နိုင်ငံခြားကမှာပြီး ကျွန်တော်တို့ဝန်ထမ်းတွေကိုယ်တိုင် ကျေးလက်ဒေသတွေအထိ သွားရောက်လှူဒါန်းပေးတယ်လေ"လို့ အားတက်သရော ရှင်းပြပါတယ်။

ပြောသွားတဲ့အထဲမှာ ကျွန်မစိတ်အဝင်စားဆုံးကတော့ ရေတူးတာပါ။ ဖောင်ဒေးရှင်းအနေနဲ့ဘော်ဆိုင်းလို သတ္တုကြောတွေပြည့်နှက်နေတဲ့နေရာမျိုးမှာ ရေထွက်အောင်တူးနိုင်တယ်ဆိုတာ တော်ရုံကြိုးစားမှုနဲ့ ရမယ်မထင်မိပါဘူး။ နောက်ပြီးတော့ အဲဒီဒေသဟာ ရှေးပဝေသဏီကတည်းက ရေတူးရင်မရဘူးဆိုတာလည်း ကြားဖူးနားဝ ရှိခဲ့ပါတယ်။ ဒီလိုနေရာမှာ ရေတူးလို့အောင်မြင်တယ်ဆိုတာ တော်ရုံသဒ္ဓါတရားကြောင့် မဟုတ်သလို ဒေသနေပြည်သူတွေရဲ့ ကုသိုလ်ကံကြောင့်လို့လည်း သုံးသပ်လိုက်မိပါတယ်။ ဒါ့အပြင် ရေလှောင်ကန်များတူးပေးခြင်း၊ အိမ်တိုင်ရာရောက် ရေတိုင်များ သွယ်တန်းစိုက်ထူပေးခြင်း၊ ရေဘောက်ဆာကားသစ်ကြီးများနဲ့ ရေရှားပါးတဲ့နေရာဒေသတွေအထိ သွားရောက်လှူဒါန်းနေခြင်းတွေကို နေ့စဉ်ထုတ် သတင်းစာတွေ ဂျာနယ်တွေမှာလည်း အမြဲလိုလိုကြည်နူးဖွယ် တွေ့မြင်နေရပါတယ်။ အခုဆိုရင် တစ်နိုင်ငံလုံးမှာ စက်ရေတွင်းပေါင်း ၇၀ ကျော်ကို အောင်မြင်စွာ တူးဖော်လှူဒါန်းနိုင်ခဲ့ပြီး ရေနဲ့ပတ်သက်လို့ အချိန် နှစ်နှစ်တာကာလအတွင်းမှာ အလှူငွေ ကျပ် ၆ ဒသမ ၅ ဘီလီယံကျော် သုံးစွဲလှူဒါန်းခဲ့တယ်လို့ သိရပါတယ်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းအနေနဲ့ အခြားပရဟိတလုပ်ငန်းများစွာကို လုပ်ဆောင်နေတာလည်း သိခဲ့ရပါတယ်။ ဒါတွေကတော့ ပညာရေးနဲ့ပတ်သက်လို့ နွမ်းပါးတဲ့ကျောင်းသားတွေအတွက် ပညာရေးထောက်ပံ့မှုတွေ ဆောင်ရွက်ပေးနေခြင်းနဲ့ Micro Finance လို့ခေါ်တဲ့ အသေးစားချေးငွေကို နွမ်းပါးတဲ့ပြည်သူတွေကို ထုတ်ချေးနေခြင်းဖြစ်ပါတယ်။ ပညာရေးပိုင်းမှာ ထောက်ပံ့ပေးခဲ့တာဆိုရင် ဆရာဝန်ဦးရေ ၁၅၀ ကျော်နဲ့ အခြားဘာသာရပ်များ စုစုပေါင်း ကျောင်းသားဦးရေ ၁၅၀၀ ကျော်ပြီဖြစ်ကြောင်း မိတ်ဆွေက ပြောပြပါတယ်။

၂၀၁၄ ခုနှစ်ကတည်းက စတင်ခဲ့တဲ့ အသေးစားချေးငွေပံ့ပိုးမှုအစီအစဉ်အနေနဲ့ လူဦးရေ ၁၆၂၃ ဦးကို ငွေကျပ်သိန်းပေါင်း ၅၃၈၀၀ ကျော် ချေးငှားပံ့ပိုးပေးနိုင်ခဲ့ပြီး ငွေချေးယူသူများနဲ့ မိသားစုများအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအစီအစဉ်အဖြစ် အခမဲ့စက်ချုပ်သင်တန်းဖွင့်လှစ်ပေးခဲ့တာဆိုရင် ငါးကြိမ်ရှိပြီဖြစ်ကြောင်း၊ အမျိုးသမီးသင်တန်းသူ စုစုပေါင်း ၉၀ ကျော်ကို အိမ်တွင်းသက်မွေးပညာသင်ကြားပံ့ပိုးပေးနိုင်ခဲ့ကြောင်း အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းရဲ့ဖေ့စ်ဘွတ်ခ်စာမျက်နှာမှာ ဖတ်ရှုခဲ့ရပါတယ်။

ဒီလို လူမှုအကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်နိုင်ခဲ့လို့လည်း ၂၀၁၅ ခုနှစ်မှာ နိုင်ငံတော်သမ္မတရဲ့ နိုင်ငံ့စွမ်းဆောင်ရည်ဆု (နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု)ကို ရရှိခဲ့တာပါ။ ဒါ့အပြင် နိုင်ငံတကာ အဖွဲ့အစည်းဖြစ်တဲ့ အင်္ဂလန်နိုင်ငံ EUROMONEY အဖွဲ့အစည်းကလည်း လူမှုအကျိုးပြုလုပ်ငန်းဆိုင်ရာအကောင်းဆုံးဆု Euromoney Achievement Award for CSR ဆု ပေးအပ်ခဲ့တာကိုလည်း ပြည်တွင်းသတင်းဖော်ပြချက်များအရ သိခဲ့ရတဲ့အတွက် မိမိနိုင်ငံရဲ့ပရဟိတအဖွဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ခဲ့ရပါတယ်။

မြန်မာနိုင်ငံမှာ လေးစားဖို့ကောင်းတဲ့ ပြည်တွင်းပရဟိတအဖွဲ့တွေ မြောက်မြားစွာရှိနေကြသလို နိုင်ငံတကာအဖွဲ့အစည်းတွေဟာလည်း ပရဟိတလုပ်ငန်းတွေ လုပ်ကိုင်နေကြတာ တွေ့မြင်နေရပါတယ်။ မြန်မာနိုင်ငံသာ မကပါ။ ကမ္ဘာပေါ်မှာလည်း ဖွံ့ဖြိုးမှုနည်းပါးသေးတဲ့ နိုင်ငံတော် တော်များများမှာ ပရဟိတအဖွဲ့များစွာ ရှိကြပါတယ်။ နိုင်ငံတကာ ပရဟိတအဖွဲ့တွေဟာ ဖွံ့ဖြိုးမှုနည်းပါးပြီး လူမှုဒုက္ခရောက်နေကြတဲ့ နိုင်ငံတွေကို ပိုမိုလှူဒါန်းထောက်ပံ့နေတာကိုလည်း သိရပါတယ်။ ဘာပဲပြောပြော ပရဟိတစိတ်ထားဆိုတာ အင်မတန်မှမွန်မြတ်တဲ့ စိတ်ထားတစ်ခုလို့ ဆိုချင်ပါတယ်။ အဲဒီမွန်မြတ်တဲ့ ပရဟိတစိတ်ထားကို လူတိုင်းသာ နှလုံးသွင်းကြမယ်ဆိုရင်ဆိုတဲ့ အတွေးတွေ ကျွန်မရင်မှာ ပြည့်နှက်နေပါတော့တယ်။ ။

# စာသင်ခုံလိုအပ်နေသောကျောင်းသို့ ခုံများဖြည့်ဆည်းပေး

**တနင်္သာရီ ဇွန် ၅**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ဆင်ခြေဖုန်းကျေးရွာအုပ်စု လယ်တောင်ယာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း ကျောင်းတက်နေသည့် ကျောင်းသူကျောင်းသားများဦးရေနှင့် စာသင်ခုံအရေအတွက် မလုံလောက်သဖြင့် တာဝန်ရှိသူများက ဇွန် ၃ ရက်က ကွင်းဆင်းကြည့်ရှုကာ လိုအပ်နေသည့်ခုံများကိုရရှိရန် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါကျောင်းတွင် စာသင်ခုံ လုံလောက်မှုမရှိကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းကြည်က တင်ပြသဖြင့် မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်နှင့် ကော်မတီဝင်များက ဇွန် ၃ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ခြင်း ဖြစ်သည်။

ကျောင်းတွင် KG ကျောင်းသားကျောင်းသူ ၄၃ ဦး၊ မူကြို ၂၅ ဦး၊ မူလတန်းအဆင့် ၂၀၃ ဦးနှင့် အလယ်တန်းအဆင့် ၁၈၇ ဦး စုစုပေါင်း ၄၅၈ ဦးရှိပြီး အခန်းခွဲအားဖြင့် ၁၁ ခန်းရှိသော်လည်း ကျောင်းသား ကျောင်းသူများအတွက် လေးယောက်တွဲခုံတန်းရှည်များ မလုံလောက်ဘဲ ခုံတန်းတစ်တန်းတွင် ခုနစ်ဦး၊ ရှစ်ဦးခန့်ထိုင်၍ ခက်ခဲကြပ်တည်းစွာ သင်ကြားနေရသဖြင့် လိုအပ်လျက်ရှိသော လေးယောက်တွဲခုံတန်းရှည်အလုံး ၂၀ ကို ရရှိနိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# လူကုန်ကူးမှုတားဆီးရေး အသိပညာပေးဟောပြော

**ရန်ကုန် ဇွန် ၅**

တာမွေမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း အုန်းတောခန်းမ၌ ကျောင်းသားကျောင်းသူများအား လူကုန်ကူးမှုတားဆီးရေးဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ဇွန် ၃ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ရဲစခန်းမှူး ဦးဝင်းအောင်နီက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်လှလှမြင့်က လူနှင့် အသိတရားခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမှတ်(၆) လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ တပ်ဖွဲ့စုမှူး ရဲအုပ်ကျော်စွာမြင့်က လူကုန်ကူးမှုအန္တရာယ် ခေါင်းစဉ်ဖြင့်လည်းကောင်း လူကုန်ကူးမှုဆိုင်ရာများကို ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြောခဲ့ကြသည်။ ဟောပြောပွဲအပြီးတွင် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပေးအပ်လှူဒါန်းခဲ့သည်။ **လှလှ**

# ခတ်မြေသြဇာငါးမျိုး စမ်းသပ်သုံးစွဲမှု သရုပ်ပြ

**မြိုင် ဇွန် ၅**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်း ဒေသနှင့်ကိုက်ညီသော တောင်သူကြိုက်နှစ်သက်သည့် အထွက်ကောင်း သက်လျင်ပဲစင်းငုံမျိုးများ ပေါ်ထွက်လာစေရန်အတွက် ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန(DAR)နှင့် စိုက်ပျိုးရေးဦးစီးဌာန(DOA)တို့ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ သက်လျင်ပဲစင်းငုံမျိုး(IC PL-98015)တွင် ခတ်မြေသြဇာငါးမျိုး စမ်းသပ်ထည့်သွင်း၍ စိုက်ပျိုးမှုကို မြိုင်မြို့နယ် တလင်းယာကျေးရွာ စမ်းသပ်ကွက်၌ ဇွန် ၂ ရက်က သရုပ်ပြခဲ့သည်။

မြိုင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ဌေး၊ စမ်းသပ်ကွက်တာဝန်ခံ ဒေါ်ကြည်ကြည်သိန်းနှင့် ဇုန်တာဝန်ခံများက အဆိုပါ သက်လျင်ပဲစင်းငုံမျိုးတွင် ခတ်မြေသြဇာငါးမျိုးကို စမ်းသပ်သုံးစွဲ၍ စိုက်ပျိုးခြင်းဖြင့် မည်သည့် ခတ်မြေသြဇာသည် ပဲစင်းငုံသီးနှံ၏ အမြင့်ဆုံးအထွက်နှုန်း ရရှိနိုင်သည်ကို သိရှိနိုင်ရန် တောင်သူများအား လက်တွေ့စမ်းသပ်ပြသခဲ့ခြင်းဖြစ်သည်။ **အောင်ကျော်မြင့်**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ရွာသစ် ဇွန် ၅**
ကယားပြည်နယ် ဘောလခဲခရိုင် ရွာသစ်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတားနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများကို ပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဇွန် ၃ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဝန်ကြီးနှင့်အဖွဲ့သည် လွယ်ဝိုင်းကျေးရွာ၌ လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိရေးအတွက် ဓာတ်အားလိုင်းများ ထပ်မံတိုးချဲ့မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ပြီး ရွာသစ်-စွပ်ပိုင် လမ်းတွင် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လမ်းပိုင်းအလိုက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းရုံး၌ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ရွာသစ်မြို့နယ် အထက်တန်းကျောင်းတွင် မကြာမီက လေပြင်းတိုက်ခတ်၍ ပျက်စီးခဲ့သည့် ကျောင်းဆောင်များအခြေအနေကိုလည်းကောင်း၊ ကျောင်းဖွင့်ရာသီတွင် ယာယီပြောင်းရွှေ့သင်ကြားနိုင်ရန် စီမံထားသည့် မြောက်ပိုင်းရပ်ကွက် ကျောင်းဆောင်ဟောင်းနေရာကိုလည်းကောင်း ကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**



## စာကြည့်တိုက်၊ ဗိုလ်ချုပ်အောင်ဆန်းရုပ်ထုနှင့် ကွန်ပျူတာသင်ကြားရေးခန်းမများ ဖွင့်လှစ်

**မြန်အောင် ဇွန် ၅**
ရခိုင်ပြည်နယ် မြန်အောင်မြို့ တာခွတဲကြီးကုန်းကျေးရွာ၌ ဘိုးရာဇာစာကြည့်တိုက်၊ ဗိုလ်ချုပ်အောင်ဆန်းရုပ်ထုနှင့် ကွန်ပျူတာသင်ကြားရေးခန်းမများ ဖွင့်ပွဲကို ဇွန် ၃ ရက်က ကျင်းပခဲ့သည်။

ဘိုးရာဇာ စာကြည့်တိုက်ဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းရုပ်ထုနှင့် ကွန်ပျူတာသင်ကြားရေးခန်းမ ဖွင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်ဂါ့မိုးမြတ်မြတ်သူ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးလှကျော်နှင့် အလှူရှင် ဦးနေလင်းတို့က ဗိုလ်ချုပ်အောင်ဆန်းရုပ်ထုကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကွန်ပျူတာသင်ကြားရေးခန်းမကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး ကျေးရွာမှလူငယ်များ ကွန်ပျူတာသင်ကြားနေသည်ကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် အထက(တာခွ)ကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများအား ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများဖြစ်အောင် ကြိုးစားကြရန် အားပေးစကားပြောကြားသည်။ ထို့နောက် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကို ဆက်လက်ပြုလုပ်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်ဆိုင်ရာ အချက်အလက်များကို တင်ပြပြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက အမှာစကားပြောကြားကာ ဒေသခံပြည်သူများက ဒေသလိုအပ်ချက်များကို တင်ပြ၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

## သတင်းတိုများ

### တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဘော်လီဘောပြိုင်ပွဲ ကျင်းပ

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကို ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း၌ ဇွန် ၃ ရက်က စတင်ကျင်းပခဲ့သည်။

ပြိုင်ပွဲဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့သည်။ ပြိုင်ပွဲသို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ အမျိုးသားအသင်း ၁၀ သင်းနှင့် အမျိုးသမီးအသင်း ရှစ်သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဇွန် ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

### ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ စာစီစာကုံးပြိုင်ပွဲ ကျင်းပ

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်သစ်တောဦးစီးဌာနနှင့် မြိုင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်း၍ ဇွန် ၃ ရက်က ကျင်းပခဲ့ကြောင်းနှင့် ပြိုင်ပွဲသို့ တက္ကသိုလ်ဝင်တန်းမှ ကျောင်းသား ကျောင်းသူ ၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**အောင်ကျော်မြင့်**

## ကျောင်းသန့်ရှင်းရေးနှင့် စနစ်တကျအမှိုက်စွန့်ပစ်ရေးအတွက် အမှိုက်ပုံးများဖြန့်ဝေ

**မြဝတီ ဇွန် ၅**
ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ အခြေခံပညာကျောင်းများ သန့်ရှင်းသာယာလှပရေးနှင့် ကျောင်းသား ကျောင်းသူများ အနေဖြင့် အမှိုက်များ စနစ်တကျစွန့်ပစ်တတ်စေရေးအတွက် မြဝတီမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ အမှိုက်ပုံးများကို အလှူရှင်တစ်ဦးက လှူဒါန်းခဲ့ပြီး ဇွန် ၂ ရက်က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

စာသင်ကျောင်းများတွင် အမှိုက်ပုံးများကို ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း စတင်အသုံးပြုနိုင်ရန်အတွက် ဦးဇော်ထူးအောင်မိသားစု(သောင်ရင်းသစ္စာကုမ္ပဏီ)မှ လှူဒါန်းဖြန့်ဝေပေးခြင်းဖြစ် သည်။ အမှိုက်ပုံးများ လှူဒါန်းရာတွင် အမှိုက်ပုံးအကြီး ၅၀ နှင့် အသေး ၅၀ စုစုပေါင်း အမှိုက်ပုံး အလုံး ၁၀၀ ကို လှူဒါန်းခဲ့ပြီး အဆိုပါ အမှိုက်ပုံးများကို အလှူရှင်ကိုယ်စား ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် အဖွဲ့က စာသင်ကျောင်းများသို့ ဇွန် ၂ ရက်က လိုက်လံဖြန့်ဝေပေးခဲ့သည်။




စာသင်ကျောင်းများ သန့်ရှင်းသာယာလှပရေးနှင့် အမှိုက်စွန့်ပစ်ရာတွင် စနစ်တကျဖြစ်စေရေးအတွက် လိုအပ်သည်များကိုလည်း ခရိုင်အုပ်ချုပ်ရေးမှူးက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများ စာသင်ကြားနေသည်ကိုလည်း ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ခရီးသည်များအဆင်ပြေစေရန် ယာဉ်ရပ်နားစခန်းအတွင်း ကျောက်ခင်း



**ကျွန်းလှ ဇွန် ၅**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ ယာဉ်ရပ်နားစခန်းဝင်းအတွင်း ခရီးသွားပြည်သူများ သွားလာရေးလွယ်ကူစေရေးအတွက် ကားဂိတ်များပူးပေါင်းကာ ကျောက်များ ခင်းလျက်ရှိကြောင်း သိရသည်။

ကားဝင်းအတွင်း ကျောက်ခင်းခြင်းကို မြို့နယ်စည်ပင်သာယာကော်မတီနှင့် ဝင်းအတွင်းမှ ကားဂိတ်များဖြစ်သော အောင်ရတနာ၊ အောင်နိုင်မန်း၊ ရန်အောင်မန်း၊ ရွှေကြယ်စင်၊ ကြယ်တံခွန်နှင့် ရွှေကျွန်းလှမန်းကားဂိတ်များ ပူးပေါင်း၍ ခင်းခြင်းဖြစ်ကြောင်းနှင့် အရှည်ပေ ၁၄၀၊ အနံ ပေ ၅၀ နေရာအတွက် ငွေကျပ်သိန်း ၆၀ ခန့် အကုန်ကျခံ၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဂိတ်မှူး ဦးကျော်ဝင်းက ပြောသည်။

ယာဉ်ရပ်နားစခန်းမှာ ယခင်က မြေသားဖြစ်၍ မိုးရာသီတွင် ရွှံ့ဗွက်များကြောင့် ခရီးသည်များ၊ ကားများအတွက် သွားလာရေးခက်ခဲကြောင်း၊ ယခု ကျောက်ခင်းလိုက်ခြင်းကြောင့် ခရီးသည်များအတွက်လည်းကောင်း၊ ကားသမားများ ကားရပ်နားခြင်းနှင့် ကားအဝင်အထွက်တွင်လည်းကောင်း အဆင်ပြေစေကြောင်း ယာဉ်မောင်းတစ်ဦးက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## စက်ဘီးစီးရာသီအဖြစ် တစ်လလျှင်နှစ်ကြိမ် စက်ဘီးစီးမည်

**ရန်ကုန် မေ ၅**
စက်ဘီးစီးခြင်းကို လူအများ စိတ်ဝင်စားမှု ရှိလာစေရန်နှင့် စက်ဘီးတစ်ခေတ် ဆန်းသစ်စေရမည်ဟူသော ရည်ရွယ်ချက်ဖြင့် Bicycle Network Myanmar က ယခု ဇွန်လမှ ၂၀၁၇ မတ်လအထိ တတိယအကြိမ် စက်ဘီးစီးရာသီအဖြစ် တစ်လလျှင်နှစ်ကြိမ် စက်ဘီးခရီးစဉ်များ စီစဉ်၍ စက်ဘီးစီးကြမည်ဖြစ်ကြောင်း သိရသည်။

Bicycle Network Myanmar ၏ (၃၁)ခုမြောက် ခရီးစဉ်အဖြစ်လည်းကောင်း၊ ယခုနှစ် စက်ဘီးစီးရာသီ၏ အဖွင့်ခရီးစဉ်အဖြစ်လည်းကောင်း လက်ခုပ်ကုန်းကမ်းခြေနှင့် ခနေတ်ဘုရားဖူး မိုင် ၁၀၀ ခန့် စက်ဘီးခရီးစဉ်ကို မေ ၅ ရက်က စတင်ခဲ့ကြောင်း သိရသည်။ အဆိုပါ ခရီးစဉ်ကို ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အနေဖြင့်လည်း ပြုလုပ်ခြင်းဖြစ်ပြီး ခရီးအစအနေဖြင့် ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဘက်ကမ်းသို့ သင်္ဘောဖြင့်ကူးကာ ဒလမှ လက်ခုပ်ကုန်းသို့ ၃၅ မိုင်ခရီး၊ အသွားအပြန် မိုင် ၇၀ ကို စက်ဘီးစီးမည်ဖြစ်ရာ အိမ်မှထွက်လာသည့် ခရီးအပါအဝင် အသွားအပြန် မိုင် ၁၀၀ ဝန်းကျင်စီးရကြောင်း၊ လက်ခုပ်ကုန်းကမ်းခြေ ခရီးစဉ်တွင် လက်ခုပ်ကုန်း Orchid Hotel Group က ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် နေ့လည်စာဖြင့် ဧည့်ခံကျွေးမွေးပြီး ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။

Bicycle Network Myanmar က ဆက်လက်ပြုလုပ်သွားမည့် တစ်လနှစ်ကြိမ် စက်ဘီးခရီးစဉ်များတွင် စက်ဘီးစီးဝါသနာရှင် မည်သူမဆို ရှိသည့် စက်ဘီးအမျိုးအစားများဖြင့် လာရောက်ပူးပေါင်းပါဝင်နိုင်ပြီး ခရီးစဉ်များတွင် လိုက်ပါနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မေဦးမိုး**



# မြေကျင်းတူးရာမှ ရှေးဟောင်းဘုရားဆင်းတုတော်များနှင့် ပစ္စည်းများ တွေ့ရှိ

**ပုလဲ ဇွန် ၅**
စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် လှော်ကားကျေးရွာ၌ ဇွန် ၁ ရက်က မြေကျင်းတူးဖော်ရာမှ ရှေးဟောင်းဘုရားဆင်းတုတော်များနှင့် ရှေးဟောင်းပစ္စည်းများကို တွေ့ရှိခဲ့ကြောင်း သိရသည်။

လှော်ကားကျေးရွာနေ ဦးအောင်ကျော်မင်းနှင့် ဒေါ်ဝင်းသန်းတို့၏ နေအိမ်အနောက်ဘက်တွင် မြေကျင်းတူးဖော်ရာမှ ရှေးဟောင်းဘုရားဆင်းတုတော် ၁၀ ဆူနှင့် ရှေးဟောင်းပစ္စည်းများကို တွေ့ရှိရသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ အကြောင်းကြားခဲ့ခြင်းဖြစ်ပြီး ယခုအခါ တွေ့ရှိခဲ့သည့် ရှေးဟောင်းဘုရားဆင်းတုတော် ၁၀ ဆူနှင့် ရှေးဟောင်းပစ္စည်းများကို ရတနာမင်းအိုဘုရား ဂန္ဓကုဋီတိုက်တွင် အပူဇော်ခံထားရှိကြောင်း လှော်ကားကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမောင်စိုးက ပြောကြားသည်။
**မင်းခန့်စိုး(ဇေယျာမြေ)**



# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

**လှိုင်ကော် ဇွန် ၅**
ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးများကို သိရှိစေရန်နှင့် အသိပညာ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရန်ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြည်နယ်အဆင့် ကာတွန်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲကို (၁၉) ကြိမ်မြောက်အဖြစ် ကယားပြည်နယ် ရဲတပ်ဖွဲ့နှင့် ပညာရေးဌာနတို့ပူးပေါင်းကာ လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမဆောင်၌ ဇွန် ၄ ရက်က ကျင်းပခဲ့သည်။



ပြိုင်ပွဲသို့ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ကာတွန်းပြိုင်ပွဲတွင် ၂၈ ဦး၊ ပန်းချီပြိုင်ပွဲတွင် ၂၅ ဦး၊ ပိုစတာပြိုင်ပွဲတွင် ၁၉ ဦး စုစုပေါင်း ၇၂ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ကယားပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးလှမျိုးဆွေ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်မျိုးတင်၊ ကယားပြည်နယ်ရဲတပ်ဖွဲ့မှူး ဦးမိုးမောင်သန်း၊ ပြည်နယ်ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ကြီးကြပ်ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ဇွန် ၂၆ ရက် တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။
**ရဲနောင်(လွိုင်ကော်)**

# မိုးရာသီသီးနှံစိုက်ပျိုးစရိတ် ကျပ်သိန်းပေါင်း ၄၅၀၀ ကျော် ထုတ်ချေးပြီးဖြစ်

**မိတ္ထီလာ ဇွန် ၅**
မိတ္ထီလာမြို့နယ်အတွင်းမှ တောင်သူများအတွက် ၂၀၁၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မေ ၁၇ ရက်မှစတင်၍ ကျေးရွာများအရောက် ကွင်းဆင်းပြီး ထုတ်ချေးပေးလျက်ရှိရာ ယခုအချိန်အထိ ချေးငွေကျပ် သိန်းပေါင်း ၄၅၀၀ ကျော်ကို ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၄ အုပ်စုတွင် ပါဝင်သော ကျေးရွာများမှ တောင်သူများအတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအဖြစ် စပါးတစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှင့် အခြားသီးနှံ တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် ထုတ်ချေးခဲ့ရာ ဇွန် ၃ ရက်အထိ အစုအဖွဲ့ ၄၅၆ ဖွဲ့မှ တောင်သူဦးရေ ၁၃၀၉ ဦး၏ စပါး ၂၃၇၀ ဧက၊ နှမ်း ၃၅၈၅ ဧက၊ ပဲစင်းငုံ ၁၀၀၁ ဧကနှင့် ပဲတီစိမ်း ၁၄၂၀ ဧက အတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၄၅၀၀ ဒသမ ၆ သိန်း ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်အတွင်းမှ ကျေးရွာများတွင် တောင်သူဦးရေမှာ ၁၁၀၀၀ ကျော်ရှိပြီး စုစုပေါင်း သီးနှံစိုက်ပျိုးမြေမှာ ဧကရှစ်သောင်းနီးပါးရှိရာ အခြားတောင်သူများအတွက် ချေးငွေများကိုလည်း ဇူလိုင်လအထိ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် စုစုပေါင်းအနေဖြင့် ချေးငွေကျပ်သိန်းပေါင်း ၄၂၈၃၀ ခန့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မိတ္ထီလာမြို့မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။
**တင်လှိုင်(မိတ္ထီလာ)**

# ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြော

**ရန်ကုန် ဇွန် ၄**
အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်နေပြီဖြစ်ရာ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၂) ရပ်ကွက်ရှိ ကောင်းစုံ ကိုယ်ပိုင်အထက်တန်းကျောင်း၌ ဇွန် ၃ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲကို အမှတ်(၆၆) ယာဉ်ထိန်းရဲတပ်ဖွဲ့က ကြီးမှူး၍ ပြုလုပ်ခြင်းဖြစ်ပြီး တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးဇော်လင်းက ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပညာပေးဟောပြောကာ ယာဉ်ထိန်းရဲမေတစ်ဦးက ယာဉ်ထိန်း လက်ပြအချက်ပေးစနစ်များကို လက်တွေ့သရုပ်ဖော်ပြသခဲ့သည်။ ဟောပြောပွဲအပြီးတွင် ယာဉ်စည်းကမ်းလမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**မြင့်သန်းကြည်(ရွှေပြည်သာ)**



## မြန်မာ့အလင်း စာတည်းထံပေးစာများ

### တန်ပိုဂိတ် နေရာပြောင်းရွှေ့ပေးပါရန်

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ဝင်းကြီးကျေးရွာအုပ်စု (၅)မိုင်စခန်းရှိ တန်ပိုဂိတ်သည် လူနေအိမ်နှင့် ဈေးဆိုင်များကြားတွင် ကတ္တားချ၍ လုပ်ဆောင်နေခဲ့သည်မှာ ၁၀ လခန့် ကြာမြင့်နေပြီဖြစ်ကာ အဆိုပါတန်ပိုဂိတ်ကို ဖြတ်သန်းသွားလာသော ယာဉ်မောင်းများနှင့် ဂိတ်စောင့်သူငါးဦးတို့မှာ တန်ပိုချိန်တွယ်မှုနှင့်ပတ်သက်၍ မကြာခဏ နေ့ညမရွေး စကားများ ရန်ဖြစ်ခြင်းများ ရှိနေသောကြောင့် ပတ်ဝန်းကျင်နေအိမ်များမှ သက်ကြီးရွယ်အိုများ၊ မကျန်းမာသူများ စိတ်အနှောင့်အယှက် ဖြစ်နေရသဖြင့် အဆိုပါတန်ပိုဂိတ်ကို လူနေအိမ်များနှင့်ဝေးရာနေရာတစ်ခုသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။
**တန်ပိုဂိတ်အနီးမှ အိမ်ရှင်များ**

### ရေမြောင်းပိတ်ဆို့နေမှု ဖြေရှင်းပေးစေလို

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ရော(၁၃)လမ်းနှင့် ခေမာကျောင်းလမ်းကြားတွင် ဖောက်လုပ်ထားသော လမ်းဘေးရေမြောင်းမှာ ရေထွက်ပေါက်များ ပိတ်ဆို့နေပြီး ရေစီးဆင်းမှုလည်း မရှိတော့သည်မှာ နှစ်အတန်ကြာနေပြီဖြစ်ပါသည်။ ရေစီးဆင်းမှုမရှိသောကြောင့် အဆိုပါ ရေမြောင်းမှ အနံ့အသက်ဆိုးများ ထွက်ရှိနေခြင်းနှင့် ခြင်၊ ယင်၊ ပိုးမွှားအန္တရာယ်စသော ကျန်းမာရေးပြဿနာများကို ပတ်ဝန်းကျင်မှ ပြည်သူများ ကြုံတွေ့နေရသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သလို စီမံဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။
**ပြည်သူတစ်ဦး**

### ရေသန့်စက်ရုံများကြောင့် မြေအောက်ရေခန်းသဖြင့် ဆောင်ရွက်ပေးပါရန်

အရှေ့ဒဂုံမြို့နယ် (၁၃)ရပ်ကွက် စက်မှုလယ်ယာ (၂)လမ်းတွင် ရေသန့်စက်ရုံများ တည်ဆောက်ကာ ရေသန့်ထုတ်လုပ်နေသဖြင့် မြေအောက်ရေခန်းခြောက်ကာ ပတ်ဝန်းကျင်တွင် နေထိုင်သူများအနေဖြင့် ရေတင်အသုံးပြုရန် ခက်ခဲလာလျက်ရှိပါသည်။

ပထမရေသန့်စက်ရုံကို လွန်ခဲ့သည့် နှစ်နှစ်ခန့်က လာရောက်ဆောက်လုပ်ပြီး အဝီစိတွင်းငါးတွင်းတူးကာ ရေထုတ်ယူချိန်တွင် ယခင်က ရေကန်တစ်ကန်အတွက် ၁၅ မိနစ်ခန့်တင်ရရာမှ ရေခန်းလာမှုကြောင့် တစ်နာရီနီးပါးရေတင်ရပြီး ယခုအခါ အဆိုပါရေသန့်စက်ရုံနှင့် နှစ်ခြံကျော်တွင် ရေသန့်စက်ရုံတစ်ခုကို ထပ်မံဆောက်လုပ်ကာ အနက်ပေ ၅၀၀ ကျော် ရေတွင်းများတူး၍ ရေတင်အသုံးပြုနေပါသဖြင့် လမ်းအတွင်းရှိ ရပ်ကွက်နေပြည်သူများမှာ ရေတင်၍မရနိုင်လောက်အောင် ဖြစ်လာပါသောကြောင့် ရပ်ကွက်အတွင်းမှ စက်ရုံများလည်ပတ်ခြင်းမပြုအောင် သက်ဆိုင်ရာတာဝန်ရှိသူများမှ တားဆီးပေးပါရန် တင်ပြအပ်ပါသည်။
**စက်မှုလယ်ယာ(၂)လမ်းမှ ပြည်သူများ**

### ဆိုင်ကယ်ပြင်ဆိုင်များ ဖယ်ရှားပေးစေလို

ဒဂုံဆိပ်ကမ်းမြို့နယ် (၉၂)ရပ်ကွက် စစ်တောင်းရိပ်မွန်အနီး သီဟိုလမ်းပေါ် နှင်းဆီလမ်းထိပ်နှင့် စံပယ်လမ်းထိပ်များတွင် ဆိုင်ကယ်ပြင်ဆိုင်များကို ကျူးကျော်ဖွင့်ထားပြီး ထိုဆိုင်များမှ ဆိုင်ကယ်ပြင်သူများ၏ ဆူညံသံများ၊ ဆိုင်ကယ်များကို လမ်းမအလယ်အထိ တက်ရောက်ရပ်တံ့၍ ပြုပြင်ခြင်း၊ ပြုပြင်နေသောဆိုင်ကယ်များ မီးလောင်ခြင်း စသည်တို့ကြောင့် ရပ်ကွက်နေပြည်သူများအနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်နေရကာ ဆိုင်ကယ်ပြင်ဆိုင်များတွင် တရားမဝင် စက်သုံးဆီရောင်းချနေမှုများကြောင့် မီးဘေးအန္တရာယ် ဖြစ်ပွားမည်ကိုလည်း စိုးရိမ်နေရပါသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။
**စစ်တောင်းရိပ်မွန်ရပ်ကွက်သားများ**

### ရွှေသန့်စင်လုပ်ငန်းကြောင့် ကျန်းမာရေးထိခိုက်နေ

ရမည်းသင်းမြို့ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့ရှိ ရွှေသန့်စင်လုပ်ငန်းများမှ ရွှေချက်ရာတွင်အသုံးပြုပြီး စွန့်ပစ်နေသော ဓာတုဆေးများကြောင့် ပတ်ဝန်းကျင်ရှိသစ်ပင်များကို သေစေရုံမက ပြည်သူများမှာလည်း ကျန်းမာရေးထိခိုက်မှုများ ဖြစ်နေလျက်ရှိပါသည်။ ရမည်းသင်းမြို့ အရှေ့ဘက်ဒေသများတွင် ပြည်သူအချို့မှာ အသက်ရှုမဝဖြစ်ပြီး အဆုတ်နှင့်ပတ်သက်သည့်ရောဂါများကို ခံစားနေရသည်ကို တွေ့နေရပါသည်။ ရွှေသန့်စင်လုပ်ငန်းများမှစွန့်ပစ်သော ဓာတုပစ္စည်းများကြောင့် ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသဖြင့် အဆိုပါ ရွှေသန့်စင်နှင့် ခဲ၊ သတ္တုသန့်စင်လုပ်ငန်းများကို သက်ဆိုင်ရာက လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ် ပါသည်။
**သီလဝသား**

### ဈေးလမ်းပေါ် အဆောက်အအုံဆောက်မှု တားဆီးပေးစေလို

ပဲခူးတိုင်းဒေသကြီး မြို့လှမြို့ စည်ပင်သာယာဈေး မျက်နှာစာရှိ အများပြည်သူ ဝင်ထွက် သွားလာရာ ဈေးလမ်းမြေပေါ်တွင် အဆောက်အအုံတစ်ခုကို မြေအောက်အနက်လေးပေခန့် ဖောင်ဒေးရှင်းတူး၍ အခိုင်အမာဆောက်လုပ်နေပါသဖြင့် ရောင်းဝယ်သူများနှင့် ဈေးသွားလာသူများ အခက်တွေ့လျက်ရှိ၍ အဆောက် အအုံဆောက်လုပ်မှုကို တားဆီးပေးပါရန် တင်ပြအပ်ပါသည်။
**မြို့လှဈေးသူဈေးသားများနှင့် ပတ်ဝန်းကျင်မှ ပြည်သူများ**

# မြန်မာသင်္ဘောများ မှတ်ပုံတင်ဥပဒေကြမ်း

အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်

*(ယမန်နေ့မှအဆက်)*

**အခန်း (၁၀)**

**မှတ်ပုံတင်လက်မှတ် ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊ ရုပ်သိမ်းခြင်းနှင့် ပယ်ဖျက်ခြင်း**

၃၈။ မှတ်ပုံတင်အရာရှိသည် -

(က) ဦးစီးဌာန၏ အတည်ပြုချက်ဖြင့် အောက်ပါအချက် တစ်ရပ်ရပ်နှင့် ငြိစွန်းသော သင်္ဘောနှင့်စပ်လျဉ်း၍ ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်နှင့် ယာယီမှတ်ပုံတင်လက်မှတ်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်-

(၁) နိုင်ငံတော်၏ အကျိုးစီးပွား သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ရေကြောင်းနှင့်သင်္ဘောလုပ်ငန်းကို ထိခိုက်စေခြင်း၊

(၂) သင်္ဘောပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးက ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်သဖြင့် ပြစ်ဒဏ်တစ်ခုခုကို ချမှတ်ခံရခြင်း၊

(၃) သင်္ဘောပိုင်ရှင်က ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖြစ်စေ၊ စည်းကမ်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ခြင်း၊

(၄) ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် မှတ်ပုံတင်အရာရှိ သို့မဟုတ် တိုင်းတာစစ်ဆေးရေးမှူး သို့မဟုတ် စစ်ဆေးရေးအရာရှိ၏ အမိန့်နှင့် ညွှန်ကြားချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ လာရောက်ရန် သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကို တင်ပြရန် ဆင့်ဆိုခြင်းကိုသော်လည်းကောင်း လိုက်နာမှုမရှိခြင်း၊

(၅) ဤဥပဒေပါ ပေးဆောင်ရန်ရှိသော အခကြေးငွေများကို နှစ်နှစ်ထက်ပို၍ ပျက်ကွက်ခြင်း၊

(၆) မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက် ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ သတ်မှတ်သည့်ကာလအတွင်း သက်တမ်းတိုးမြှင့်မှု မရှိခြင်း၊

(၇) သင်္ဘောပိုင်ရှင်က မှတ်ပုံတင်လက်မှတ်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုရန် လျှောက်ထားခြင်း၊

(၈) သင်္ဘောပျောက်ဆုံးခြင်း၊ အကြောင်းတစ်ခုခုကြောင့် လုံးဝပျက်စီးခြင်း၊ ဆယ်တင်၍မရနိုင်သည့် သင်္ဘောသောင်တင်ခြင်း သို့မဟုတ် သင်္ဘောနစ်မြုပ်ခြင်း၊

(၉) သတ်မှတ်ထားသော မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ရန် လိုအပ်သည့် အရည်အချင်းတစ်ရပ်ရပ် ပျက်ယွင်းလာသည့်အတွက် ဆက်လက်၍ မှတ်ပုံတင်ထားရန် မသင့်ခြင်း၊

(၁၀) ပုဒ်မ ၃၇ အရ ပြန်လည်မှတ်ပုံတင်ရမည့် တာဝန်ကို ပျက်ကွက်ခြင်း၊

(၁၁) ပုဒ်မ ၇၀ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာမှုမရှိခြင်း။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်လက်မှတ်နှင့် ယာယီမှတ်ပုံတင်လက်မှတ်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊ ရုပ်သိမ်းခြင်း၊ သို့မဟုတ် ပယ်ဖျက်ခြင်းပြုကြောင်း သက်ဆိုင်ရာ သင်္ဘောပိုင်ရှင်နှင့် သင်္ဘောအပေါင်ခံသူ (ရှိလျှင်)ထံ အကြောင်းကြားရမည်။ သို့ရာတွင် ထိုသက်တမ်းအတွင်း အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါက ထိုမှတ်ပုံတင် လက်မှတ်သက်တမ်းသည် ကုန်ဆုံးပြီး ရုပ်သိမ်းစေရမည် -

(၁) စင်းလုံးငှားရမ်းသည့် သင်္ဘော၏ မှတ်ပုံတင်လက်မှတ်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(၂) သင်္ဘော စင်းလုံးငှားရမ်းခြင်းစာချုပ်အရ ငှားရမ်းသည့်ကာလ ကုန်ဆုံးခြင်း၊ ငှားရမ်းမှုရုပ်သိမ်းခြင်း သို့မဟုတ် ထိုစာချုပ်ရုပ်သိမ်းခြင်း၊

၃၉။ သင်္ဘောပိုင်ရှင်သည် ပုဒ်မ ၃၈ အရ ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ကြောင်း အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်ခြင်းခံရသော မှတ်ပုံတင်လက်မှတ်ကို ဦးစီးဌာနသို့ ပယ်ဖျက်ကြောင်း အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ၁၀ ရက်အတွင်း သို့မဟုတ် သင်္ဘောမှာ ပြည်ပတွင် ရောက်ရှိနေလျှင် မြန်မာမှတ်ပုံတင် ဆိပ်ကမ်းတစ်ခုခုသို့ ဆိုက်ရောက်ပြီး ၁၀ ရက်အတွင်း ပြန်လည်အပ်နှံရမည်။

**အခန်း (၁၁)**

**သင်္ဘောပိုင်ဆိုင်မှု လွှဲပြောင်းခြင်း**

၄၀။ သင်္ဘောကိုဖြစ်စေ၊ သင်္ဘောပိုင်ဆိုင်မှု အစုရှယ်ယာကိုဖြစ်စေ လွှဲပြောင်းခြင်းနှင့် စပ်လျဉ်း၍ -

(က) လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းခြင်းကို လက်ခံသူတို့သည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာစာချုပ်ကို ချုပ်ဆိုရမည်။ ထို့ပြင် လွှဲပြောင်းခြင်းကို လက်ခံသူက ထိုသက်ဆိုင်ရာစာချုပ်ကိုချုပ်ဆိုပြီး ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) သင်္ဘောပိုင်ရှင် သို့မဟုတ် သင်္ဘောပိုင်ဆိုင်မှု အစုရှယ်ယာရှင် ကွယ်လွန်သည့်အခါဖြစ်စေ၊ သက်ဆိုင်ရာတရားရုံး၏ အမိန့်၊ ဒီကရီအရ လူမွဲအဖြစ် ခံယူသည့်အခါဖြစ်စေ တရားဝင် အမွေဆက်ခံသူ သို့မဟုတ် အကျိုးသက်ဆိုင်သူက သင်္ဘော၏ ပိုင်ရှင်ဖြစ်ကြောင်း ကြေညာချက်ကို သက်ဆိုင်ရာတရားရုံးတွင် ရယူပြီး ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ တင်ပြရမည်။

(ဂ) သင်္ဘောပိုင်ဆိုင်မှုနှင့် အစုရှယ်ယာလွှဲပြောင်းခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ဦးစီးဌာနသို့ ရက်ပေါင်း ၃၀ အတွင်း တင်ပြရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ တင်ပြသည့် အထောက်အထား စာတမ်းအမှတ်အသားများကို စိစစ်ပြီး သင်္ဘောပိုင်ရှင် သို့မဟုတ် သင်္ဘောပိုင်ဆိုင်မှု အစုရှယ်ယာလွှဲပြောင်းခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး ထိုသို့လွှဲပြောင်းကြောင်း ထောက်ခံချက် သက်သေခံလက်မှတ်ထုတ်ပေးရမည်။

၄၁။ (က) မြန်မာသင်္ဘောပိုင်ရှင်သည် ချေးငွေအတွက် မှတ်ပုံတင်ထားသော သင်္ဘောကိုဖြစ်စေ၊ ထိုသင်္ဘော၏ ပိုင်ဆိုင်မှုအစုရှယ်ယာကိုဖြစ်စေ အာမခံထား၍ ပေါင်နှံနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ပေါင်နှံရာတွင်ဖြစ်စေ၊ ထပ်မံ၍ ပေါင်နှံသည့်အခါတွင်ဖြစ်စေ ပေါင်နှံသူနှင့် အပေါင်ခံသူတို့သည် သတ်မှတ်ချက်များနှင့်အညီ အပေါင်စာချုပ်ကို ချုပ်ဆိုရမည်။ ပေါင်နှံသူသည် အပေါင်စာချုပ်ကို မှတ်ပုံတင်ရန်အတွက် မှတ်ပုံမတင်မီ အပေါင်ခံသူကို ကြိုတင်အကြောင်းကြားရမည်။ ထို့ပြင် အပေါင်စာချုပ်ကို ချုပ်ဆိုပြီး ရက်ပေါင်း ၃၀ အတွင်း ပေါင်နှံသူနှင့် အပေါင်ခံသူတို့က မှတ်ပုံတင်ရန် ဦးစီးဌာနသို့ တင်ပြရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ခ) အရ တင်ပြသည့် အထောက်အထား စာတမ်းအမှတ်အသားများကို စိစစ်ပြီး သင်္ဘောပေါင်နှံခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး ထိုသို့ပေါင်နှံကြောင်း ထောက်ခံချက် သက်သေခံလက်မှတ်ထုတ်ပေးရမည်။

(ဃ) အပေါင်ချေးငွေကို အပြေအကျေ ပြန်လည်ပေးဆပ်ပြီးသည့်အခါ ပေါင်နှံသူနှင့် အပေါင်ခံသူတို့သည် ထိုသို့ပေးဆပ်ပြီးကြောင်း မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(င) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ဃ) အရ အပေါင်ချေးငွေကို ပေးဆပ်ပြီးကြောင်း တင်ပြချက်ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားရှိပြီး ထိုသို့အပေါင်ချေးငွေ ပေးဆပ်ပြီးကြောင်း ထောက်ခံချက် သက်သေခံလက်မှတ်ထုတ်ပေးရမည်။

၄၂။ (က) အပေါင်ခံသူသည် ပေါင်နှံခြင်းကို အကြောင်းပြု၍ မှတ်ပုံတင်စာချုပ်ဖြင့် အပေါင်ထားသည့် သင်္ဘောကိုဖြစ်စေ၊ သင်္ဘောပိုင်ဆိုင်မှု အစုရှယ်ယာကိုဖြစ်စေ မည်သည့်နည်းနှင့်မျှ ပိုင်ဆိုင်ခွင့်မရှိစေရ။

(ခ) အပေါင်ခံသူသည် မှတ်ပုံတင်စာချုပ်ဖြင့် အပေါင်ထားသည့် သင်္ဘောကိုဖြစ်စေ၊ သင်္ဘောပိုင်ဆိုင်မှု အစုရှယ်ယာကိုဖြစ်စေ -

(၁) ပေါင်နှံသူ၏ သဘောတူညီချက်ဖြင့် အခြားသူတစ်ဦးဦးအား လွှဲပြောင်းပေါင်နှံနိုင်သည်။

(၂) အပေါင်ပစ္စည်းကို ရွေးနုတ်ရန် အချိန်စေ့ရောက်သော်လည်း ပေါင်နှံသူက ရွေးနုတ်ခြင်းမပြုသဖြင့် အပေါင်ရွေးနုတ်ခွင့် ပိတ်ပင်သည့်အခါ ချေးငွေနှင့် ရပိုင်ခွင့်ရှိသော အတိုးများ ပြန်လည်ရရှိရေးအတွက် အပေါင်ပစ္စည်းကို ရောင်းချနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) အရ လွှဲပြောင်းပေါင်နှံသည့်အခါ ပေါင်နှံသူနှင့် လွှဲပြောင်းအပေါင်ခံသူတို့က လွှဲပြောင်းပေါင်နှံခြင်းအတွက် မှတ်ပုံတင်ပေးရန်သော်လည်းကောင်း၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) အရ အပေါင်ပစ္စည်းကို ရောင်းချသည့်အခါ ရောင်းချသူနှင့် ဝယ်ယူသူတို့က ရောင်းချခြင်းအတွက် မှတ်တမ်းတင်ပေးရန်သော်လည်းကောင်း ဦးစီးဌာနသို့ တင်ပြရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ဂ) အရ တင်ပြချက်ကို စိစစ်ပြီး လွှဲပြောင်းပေါင်နှံခြင်းကို မှတ်ပုံတင်ခြင်း သို့မဟုတ် ရောင်းချခြင်းကို မှတ်တမ်းတင်ခြင်း ပြုရမည်။

(င) မှတ်ပုံတင် အပေါင်စာချုပ်ဖြင့် အပေါင်ထားသည့် သင်္ဘော သို့မဟုတ် သင်္ဘော၏ ပိုင်ဆိုင်မှု အစုရှယ်ယာတစ်ခုတည်းအပေါ် အပေါင်ခံသူ၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ ဦးစွာအပေါင်ခံသူသည် နောက်ကျသော အပေါင်ခံသူထက် ဦးစားပေး ရပိုင်ခွင့်ရှိသည်။

(စ) ပေါင်နှံသူက တရားရုံး၏ အမိန့်၊ ဒီကရီအရ လူမွဲအဖြစ် မှတ်ယူခြင်းခံရသည့်အခါ အခြားတည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ မှတ်ပုံတင်စာချုပ်ဖြင့် အပေါင်ထားသည့် သင်္ဘော သို့မဟုတ် သင်္ဘော၏ ပိုင်ဆိုင်မှု အစုရှယ်ယာတွင် အပေါင်ခံသူ၏ အခွင့်အရေးကို ထိခိုက်ခြင်း မရှိစေရ။

(ဆ) ပုဒ်မ ၃၈ အရ မှတ်ပုံတင်လက်မှတ်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသော်လည်း အပေါင်ချေးငွေကို အပြေအကျေ ပြန်လည်ပေးဆပ်ပြီးခြင်းမရှိသေးလျှင် ပေါင်နှံခြင်းနှင့် စပ်လျဉ်း၍ ပေါင်နှံသူနှင့် အပေါင်ခံသူတို့၏ အခွင့်အရေးနှင့် တာဝန်များကို မထိခိုက်စေရ။

၄၃။ ပုဒ်မ ၁၀ အရ မှတ်ပုံတင်ထားသော စင်းလုံးငှားရမ်းသည့် သင်္ဘောသည် ပုဒ်မ ၄၀၊ ပုဒ်မ ၄၁ နှင့် ပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

**အခန်း (၁၂)**

**ရေယာဉ်မှူး ပြောင်းလဲခြင်း**

၄၄။ (က) မြန်မာသင်္ဘော၏ ရေယာဉ်မှူး ပြောင်းလဲသည့်အခါ တရားရုံး တရားသူကြီး၏ အမိန့်နှင့် စီရင်ချက်အရ ပြောင်းလဲခြင်းဖြစ်ပါက သက်ဆိုင်ရာ တရားသူကြီးကလည်းကောင်း၊ အခြားအကြောင်း တစ်ရပ်ရပ်ကြောင့် နိုင်ငံတော်တွင်ဖြစ်ပါက မှတ်ပုံတင်အရာရှိ သို့မဟုတ် ဦးစီးဌာန၏ အခွင့်ရ အရာရှိကလည်းကောင်း၊ ပြည်ပတွင် ဖြစ်ပါက နိုင်ငံတော်၏ ကောင်စစ်ဝန် သို့မဟုတ် ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသူကလည်းကောင်း ထိုသို့ ရေယာဉ်မှူးပြောင်းလဲကြောင်းနှင့် အသစ်ခန့်ထားသည့် ရေယာဉ်မှူး မည်သူဖြစ်ကြောင်း ထောက်ခံချက် သက်သေခံလက်မှတ် ထုတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထောက်ခံချက်တွင် ရေယာဉ်မှူးအသစ်အဖြစ် အမည်ပါရှိသူကသာလျှင် ထိုမြန်မာသင်္ဘောတွင် ရေယာဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရှိစေရမည်။

**အခန်း (၁၃)**

**အလံလွှင့်ထူခြင်း**

၄၅။ မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ထားသည့် သင်္ဘောသည် -

(က) နိုင်ငံတော်အလံကို လွှင့်ထူခွင့်ရှိပြီး အောက်ဖော်ပြပါ နေရာနှင့် အချိန်အခါတို့တွင် လွှင့်ထူထားရမည် -

(၁) မြန်မာ့ဆိပ်ကမ်းတစ်ခုခုတွင် ဆိုက်ကပ်ထားစဉ် နေထွက်မှ နေဝင်သည့် အချိန်အတွင်း၊

(၂) မြန်မာစစ်သင်္ဘော သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခု၏ စစ်သင်္ဘောနှင့် ဖြတ်သန်းသွားစဉ်၊

(၃) မြန်မာ့ဆိပ်ကမ်း သို့မဟုတ် ပြည်ပဆိပ်ကမ်းသို့ ဝင်လာစဉ် သို့မဟုတ် ထိုဆိပ်ကမ်းမှ ထွက်ခွာစဉ်၊

(၄) မြန်မာ့စစ်သင်္ဘော သို့မဟုတ် မြန်မာအစိုးရဌာန၊ အဖွဲ့အစည်း တစ်ခုခု၏ သင်္ဘောက အချက်ပေး ညွှန်ကြားလာသည့်အခါ။

(ခ) အရောင်အဆင်းမရှိသော သို့မဟုတ် စုတ်ပြဲနေသော နိုင်ငံတော်အလံကို လွှင့်ထူခြင်းမပြုရ။

(ဂ) ပြည်ပနိုင်ငံတစ်ခုခု၏အလံကို မှတ်ပုံတင်အမှတ်အသား အလံအဖြစ် လွှင့်ထူခြင်းမပြုရ။

၄၆။ မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ထားသော စင်းလုံးငှားရမ်းသည့် သင်္ဘောသည် နိုင်ငံတော်အလံကို ပုဒ်မ ၄၅ ပါ ပြဋ္ဌာန်းချက်နှင့်အညီ လွှင့်ထူရမည်။

၄၇။ ပြည်ပနိုင်ငံတစ်ခုခု၌ မှတ်ပုံတင်ထားသော နိုင်ငံခြားသင်္ဘောသည် မြန်မာ့ရေပြင်နှင့် မြန်မာ့ဆိပ်ကမ်းတစ်ခုခုတို့တွင် -

(က) မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်သော စင်းလုံးငှားရမ်းသည့် သင်္ဘောမှတစ်ပါး -

(၁) မှတ်ပုံတင်ထားသော နိုင်ငံ၏ အလံကိုသာ လွှင့်ထူထားရမည်။

(၂) နိုင်ငံတော်၏ ရေပြင်နှင့် ဆိပ်ကမ်းတစ်ခုခုသို့ ဝင်ရောက်ဆိုက်ကပ်စဉ် နိုင်ငံတော်ကို ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်အလံကို လွှင့်ထူနိုင်သည်။

(၃) နိုင်ငံတော်အလံကို မှတ်ပုံတင်အမှတ်အသားအလံအဖြစ် လွှင့်ထူခြင်းမပြုရ။

(ခ) အရောင်အဆင်းမရှိသော သို့မဟုတ် စုတ်ပြဲနေသောအလံကို လွှင့်ထူခြင်းမပြုရ။

၄၈။ ဤဥပဒေအရ မှတ်ပုံတင်ရန် ကင်းလွတ်ခွင့် ပြုထားသော မြန်မာသင်္ဘောများက မြန်မာ့ရေပြင်တွင် နိုင်ငံတော်အလံကို လွှင့်ထူခွင့်ရှိသည်။

**အခန်း (၁၄)**

**မှတ်ပုံတင်သည့်သင်္ဘောနှင့်စပ်လျဉ်း၍ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ**

၄၉။ ဤဥပဒေ၏ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၂ တို့အရ မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်သော မည်သည့်သင်္ဘောမဆို အောက်ပါအခွင့်အရေးနှင့် သက်သာခွင့်များ ရရှိစေရမည် -

(က) မှတ်ပုံတင်ထားသည့် မြန်မာသင်္ဘောကို ပိုင်ဆိုင်သူ သို့မဟုတ် အစုရှယ်ယာ ပိုင်ဆိုင်သူ နိုင်ငံခြားသားသည် မှတ်ပုံတင်သက်တမ်းကာလအတွင်း နိုင်ငံတော်တွင် သတ်မှတ်ချက်များနှင့်အညီ နေထိုင်ခွင့်၊

(ခ) မှတ်ပုံတင်ထားသည့် သင်္ဘောလွှဲပြောင်းရောင်းချခြင်းနှင့် စပ်လျဉ်း၍ ဖြစ်စေ၊ သင်္ဘောလုပ်ငန်းနှင့်စပ်လျဉ်း၍ ဖြစ်စေ၊ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီက နိုင်ငံခြားသုံးငွေကို သတ်မှတ်ချက်များနှင့်အညီ နိုင်ငံခြားသို့ ပြန်လည်လွှဲပြောင်းခွင့်။

၅၀။ မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ထားသော သင်္ဘောနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသည် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါကိစ္စ တစ်ရပ်ရပ်အတွက် အခွန်များကို သတ်မှတ်ထားသော သင်္ဘောတစ်စီး သို့မဟုတ် တစ်စီးထက်ပိုသော သင်္ဘောများ၏ လုံးပေါင်းတန်ချိန်အပေါ်မူတည်၍ ရာခိုင်နှုန်းပြည့် ကင်းလွတ်ခွင့် သို့မဟုတ် သတ်မှတ်ထားသော ရာခိုင်နှုန်းဖြင့် လျှော့ပေါ့သက်သာခွင့် ပြုနိုင်သည် -

(က) မှတ်ပုံတင်ရန် ပြည်တွင်းသို့ တင်သွင်းလာသည့် သင်္ဘောတွင် တပ်ဆင်သည့် ပစ္စည်းကိရိယာများအတွက် ထိုက်သင့်သော အကောက်ခွန်၊

(ခ) သင်္ဘောလုပ်ငန်းနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်၊ အကောက်ခွန်နှင့် ဆိပ်ကမ်းခွန်၊

(ဂ) သင်္ဘောကို ဖြစ်စေ၊ သင်္ဘောပိုင်ဆိုင်မှု အစုရှယ်ယာကိုဖြစ်စေ လွှဲပြောင်းရောင်းချခြင်း၊ အစုရှယ်ယာခွဲဝေခြင်း၊ အကျိုးအမြတ် ခွဲဝေခြင်း၊ အလုပ်အပ်နှံခြင်းစာချုပ် သို့မဟုတ် ပေါင်နှံခြင်း သို့မဟုတ် ခံဝန်ချုပ်ချုပ်ဆိုသည့်စာချုပ်တွင် ထမ်းဆောင်ရမည့် တံဆိပ်ခေါင်းခွန်၊

(ဃ) ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်သော အခြားအခွန်အခ။

*(ဆက်လက်ဖော်ပြပါမည်)*

## မက်သဒုံး တိုက်ကျွေးဌာနဖွင့်

**ဗန်းမော် ဇွန် ၅**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်တွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် တစ်ခန်းတစ်ကဏ္ဍအဖြစ် အကျိုးပြုစေရန်ရည်ရွယ်၍ မြို့နယ်ပြည်သူ့ဆေးရုံတွင် ဇွန်လမှစတင်ကာ ဘိန်းအစားထိုး မက်သဒုံးဆေးရည်တိုက်ကျွေးသော နေရာဖွင့်လှစ်ခြင်းကို ဇွန်လ ၁ ရက်က အဆိုပါ ဆေးရုံခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဗန်းမော်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသက်အောင်၊ ဗန်းမော်ပြည်သူ့ဆေးရုံမှ စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာသူရိန်စိုး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထက်အောင်၊ မိုးမောက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်မိရပ်ဖများ၊ ဘိန်းဖြတ်လိုသူများ တက်ရောက်ကြပြီး မက်သဒုံးဆေးရည်ကို ဘိန်းဖြတ်လိုသူ ၅၀ သောက်သုံးခဲ့ကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံသင်တန်းဖွင့်

**ရွှေကူ ဇွန် ၅**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၌ အပ်ချုပ်စက်သင်တန်းဖွင့်ပွဲကို ပန်းတင်ကျေးရွာ မြသီတာ ဘုန်းတော်ကြီးကျောင်း၌ ဇွန် ၁ ရက်က ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ယုနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးသိန်းလင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ကို ဝိုင်းဝန်းဖော်ဆောင်ပေးရခြင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်လူမှုစီးပွားဘဝကွာဟမှုကျဉ်းမြောင်းစေရန် ရည်ရွယ်၍ ကျေးလက်ဒေသရှိ ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းရရှိရေး အခြေခံအပ်ချုပ်စက်သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၅၄ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။
**လဘန်အောင်(ကချင်မြေ)**



လှိုင်မြို့နယ် ဘုန်းတော်ကြီးကျောင်း ၆၃ ကျောင်း၊ သီလရှင်ကျောင်း သုံးကျောင်းတို့မှ သံဃာတော်များ၊ သီလရှင်များအား ဆွမ်းဆန်တော်များကို မြို့နယ်သာသနနုဂ္ဂဟအသင်း၊ အလှူရှင်ဒေါက်တာဝင်းမြင့်နှင့်ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ခိုင်ခိုင်ဦး မိသားစုနှင့် ရပ်ကွက်သာသနနုဂ္ဂဟအသင်းများ စုပေါင်း၍ မေလနောက်ဆုံးပတ်က ဆရာတော်များထံ ဆက်ကပ်လှူဒါန်းစဉ်။ (အဆိုပါလှူဒါန်းမှု အစုစုတွင် ဆန်အိတ် ၂၈၇ အိတ်၊ ဆီပုံး ၆၆ ပုံး လှူဒါန်းခဲ့ကြောင်း သိရသည်။)
မီးမီး(လှိုင်)

## ထန်တလန်၌ စက်သုံးဆီဆိုင်များစစ်ဆေး

**ထန်တလန် ဇွန် ၅**
ထန်တလန်မြို့တွင် ယာယီလိုင်စင်ဖြင့် ရောင်းချ ခွင့်ပြုထားသည့် စက်သုံးဆီဆိုင်များကို ဇွန် ၃ ရက်က ထန်တလန်မြို့ မြို့နယ် မီးသတ်ဦးစီးမှူး ဦးရွှေကျုံးလျန်းဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်းကာ ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် စက်သုံးဆီအရောင်းဆိုင်များ လိုက်နာရန် ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများ လိုက်နာမှုရှိ မရှိ၊ မီးသတ်ဆေးဘူးများထားရှိခြင်း ရှိ မရှိနှင့် လိုင်စင်မဲ့ ရောင်းချသူရှိမရှိတို့ကို စစ်ဆေးခဲ့ကြသည်။ ထန်တလန်မြို့ရှိ စက်သုံးဆီအရောင်းဆိုင် ၃၈ ဆိုင်ကို မြို့ပြင်သတ်မှတ်နေရာ၌ ယာယီလိုင်စင်ဖြင့် ရောင်းချခွင့်ပြုထားကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

## မြို့နယ်သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**ညောင်လေးပင် ဇွန် ၅**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရန်အတွက် ရက် ၁၀၀ စီမံချက်ဖြင့် ဇွန် ၃ ရက်က ညောင်လေးပင်မြို့ မြို့မ (၂) ရပ်ကွက်စိတ္တသုခလမ်း၌ စုပေါင်းဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးထင်အောင်ဦး၊ အင်ဂျင်နီယာမှူး ဦးတင်အောင်ဌေးနှင့် စည်ပင်ဝန်ထမ်းများ၊ မြို့မ (၂)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇာနည်လင်းနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ရေမြောင်းများအတွင်းရှိ အမှိုက်များဆယ်ယူခြင်း၊ မြောင်းများပြန်လည်တူးဖော်ပေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ရပ်ကွက်နေပြည်သူများ အမှိုက်များကိုစည်းကမ်းရှိစွာ သတ်



မှတ်ထားသည့်နေရာများ၌သာ စွန့်ပစ်သင့်ကြောင်းတို့ကို ပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။
**နေလင်း(ညောင်လေးပင်)**

## ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်း

**“ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း”** မှ စက်ရေတွင်းတူးဖော်ရန် လွန်စွာခက်ခဲသော ရှမ်းတိုင်းရင်းသားအများစုနှင့် မြန်မာ၊ ပအိုဝ်း၊ လီဆူး၊ ယင်းလူမျိုးများနေထိုင်ရာ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန်မြို့တွင် ၂၀၁၄–ခုနှစ်အတွင်း စက်ရေတွင်း(၃)တွင်း အောင်မြင်စွာ တူးဖော်လှူဒါန်းပေးပါသောကြောင့် အယ်လ်နီညိုရာသီအတွင်း သောက်သုံးရေအတွက် အခက်အခဲမရှိ အေးချမ်းစွာ ဖြတ်သန်းနိုင်ခဲ့သည့်အပြင် ထပ်မံ၍ ၂၀၁၆–ခုနှစ်တွင် စက်ရေတွင်း(၄)တွင်းအား နမ့်စန်မြို့နှင့် ခိုလမ်မြို့များတွင် အောင်မြင်စွာ ဆက်လက်တူးဖော် လှူဒါန်းပေးပါသောကြောင့် သုံးစွဲသူ ပြည်သူအပေါင်းမှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**နမ့်စန်မြို့သူမြို့သားများ/ ခိုလမ်မြို့သူမြို့သားများ**

## ကျေးဇူးတင်လွှာ

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့နယ်၊ နောင်ပီကျေးရွာအုပ်စုအတွင်းရှိ ပအိုဝ်းတိုင်းရင်းသားပြည်သူများမှာ ရှေးအစဉ်အဆက်ကတည်းက စိမ့်စမ်းရေထွက်ကိုသာ အားထားသုံးစွဲရသဖြင့် နွေကာလတွင် ရေထွက်များ ရေခမ်းခြောက်သွားသောကြောင့် ပင်ပန်းဆင်းရဲဒုက္ခခံ၍ ရေကို ရှာဖွေသုံးစွဲခဲ့ရပါသည်။ ယခုအခါ **“ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း”** မှ တူးဖော်လှူဒါန်းပေးပါသော စက်ရေတွင်းကြီး(၂)တွင်းကြောင့် ရွာပေါင်း(၁၂)ရွာရှိ ရွာသူရွာသားများမှ အလုပ်အကိုင်မပျက် ပျော်ရွှင်ချမ်းမြေ့စွာ ရေကို သုံးစွဲနိုင်ပြီဖြစ်ပါသဖြင့် ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

**ဆရာတော် ဦးနန္ဒဝံသ နှင့် ရွာသူရွာသားများ**
**နောင်ပီကျေးရွာအုပ်စု၊ နောင်တရားမြို့နယ်**

**S.S ခင်မောင်အေး** ၏ ရေးသားထုတ်ဝေပြီးသော
(၂) တန်း မှ (၁၀) တန်း ထိ သင်္ချာ စာအုပ်များ



ပညာဗိမာန် **ပညာချွန်** စာအုပ်တိုက်
အမှတ် (၂၂၀)၊ မြေညီ၊ (၃၉) လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
Ph: 01 253 143, 09 730 29336

● စည်းကမ်းကို အုတ်မြစ်ချသည်၊ စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
● လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။

ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော..

**UEC**
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
KG - Grade 10
အဆင့်မြင့်ဘော်ဒါ နှင့် DAY CAMP

၂၀၁၆ - ၁၇ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။

အဆင့်မြင့်ဘော်ဒါ - ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ Air-con တပ်အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။

DAY CAMP - (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ မြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။

မူလတန်း၊ အလယ်တန်း - English 4 - skills၊ ပန်းချီ၊ ကွန်ပျူတာ၊ Kids invent စသော Extracurricular Activities များပါဝင်သည်။
■ Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်။ (ကျောင်းကားရှိသည်။)
■ (၄) ထပ် အဆင့်မြင့် ကျောင်းဆောင်သစ်ကြီး၏ Air-con တပ် စာသင်ခန်းကျယ်ကြီးများတွင် ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။

ကျောင်း ● အမှတ် (၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01 539875, 09 31 558973, 09 79 3893725, 09 51 57988, 09 51 62238
ကျောင်းသူဆောင် ● မြေအမှတ် (၁၅ A နှင့် B) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ကျောင်းသားဆောင် ● မြေအမှတ် (၄) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

တိုက်ခန်းငှားရန်/ရောင်းရန်
Fully Auto အဘိဓာန်
ခေတ်မီမြေအုတ်တိုက်စက် ရှိ
09 420035882, 09 73199410
09 420035884, 09 73199257

ချောချီးယား ဒုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
09-681 9020
09-510 1862

သင်ကြားရေးသင်ထောက်ကူ လေ့ကျင့်ခန်းနှင့်အဖြေများ
*Student's Review*
English Work Book (Grade 1 to Grade 10)
ကုံကော်ရိပ်စာတည်းအဖွဲ့ / ဦးတင်ထွန်း (B.A- English)
Mathematics Work Book (Grade 1 to Grade 10)
ဦးမြင့်သန်း (တွဲဖက်ပါမောက္ခ-ငြိမ်း) ဦးအောင်မျိုး (M.Sc-Maths.)
English Grade 8 အဋ္ဌမတန်း ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် စစ်ဆေးခဲ့သော မေးခွန်း (၃၄) စုံ ကို မေးခွန်းပုံစံအတိုင်း အမှတ်ပေးစည်းမျဉ်းနှင့်အညီ ပြုစုထားပါသည်။ UTA (ရန်ကုန်တက္ကသိုလ်)
ကောရိစ်စာပေ C/၃၄၊ နေကြာသာယာကုန်းလမ်း၊ ၃ရွှေနံ့တောင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉၇၃၀၅၁၁၁၄၊ ၀၉၅၁ ၂၉၆၇၀၊ ၀၉၅၅၀၁၁၅၄/ အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။

ကုံကော်ရိပ် အဋ္ဌမတန်း
၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် စစ်ဆေးခဲ့သော မေးခွန်းဟောင်းနှင့်စံပြအဖြေများ
မြန်မာစာ ဦးထွန်းသန်း (ပါမောက္ခ-ငြိမ်း)
အင်္ဂလိပ်စာ UTA (ရန်ကုန်တက္ကသိုလ်)
သင်္ချာ Dr.TW(Maths.)
ပထဝီ ဒေါက်တာမမြင့် (ရန်ကုန်တက္ကသိုလ်)
သမိုင်း ခင်စုမေ (သမိုင်းဌာန)
သိပ္ပံ ဒေါက်တာနီ
[၃၄] စုံ
စာမေးပွဲမေးခွန်းများကို အခန်းတစ်ခုချင်းစီအလိုက် စုစည်းပြီး တိကျရှင်းလင်းသော အဖြေများဖြင့် အမှတ်ပေးစည်းမျဉ်းနှင့်အညီ ပြုစုထားပါသည်။
ကောရိစ်စာပေ C/၃၄၊ နေကြာသာယာကုန်းလမ်း၊ ၃ရွှေနံ့တောင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉၇၃၀၅၁၁၁၄၊ ၀၉၅၁ ၂၉၆၇၀၊ ၀၉၅၅၀၁၁၅၄/ အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။

သင့်ရဲ့ ဆန်းသစ်တီထွင်တဲ့အနာဂတ်ကို စတင်ပေးမည့်နေရာ

UTS | INSEARCH
UNIVERSITY OF TECHNOLOGY SYDNEY



သင်ဟာ သူများနှင့်မတူ ဆန်းသစ်လုပ်ဆောင်လိုသူဆိုရင်တော့ သင်ဖြစ်ချင်တာတွေကို အကောင်အထည်ဖော်လုပ်ဆောင်ဖို့အတွက် UTS:INSEARCH နဲ့ University of Technology Sydney က ကူညီပေးနိုင်ပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ ဇွန်ဦးတီထွင်သူများနှင့် ဆန်းသစ်တီထွင်သူတို့၏ စိတ်ကူးဖန်တီးမှုများ အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန်အတွက် ဩဂုတ်လ ၄၀၀၀ နှင့်ညီမျှသည့် **၂၀၁၆ခုနှစ် UTS:INSEARCH အနာဂတ်ဆန်းသစ်တီထွင်သူများ ပညာသင်ဆု**ကို UTS:INSEARCH မှ သင်ကြားပို့ချသည့် မည်သည့် သင်တန်းအတွက်မဆိုပေးအပ်သွားမည်ဖြစ်သည်။

insearch.edu.au/innovation သို့ဝင်ရောက် လျှောက်ထားလိုက်ပါ။

UTSINSEARCHFAN UTS_INSEARCH UTSINSEARCHCHANNEL UTSINSEARCH UTS_INSEARCH insearch.edu.au/blog

ဓာတ်ပုံ - Andrew Worssam ၊ Joanne Saad
INSEARCH CRICOS အမှတ် 00859D ၊ UTS CRICOS အမှတ် 00099F
INSEARCH ကို University of Technology Sydney (UTS) ၏ ဦးစီးမှုဖြင့် ဖွင့်လှစ်ထားခြင်းဖြစ်ပြီး UTS တက္ကသိုလ်သို့တက်ရောက်နိုင်ရန် လိုအပ်သည့် အဆင့်မြင့်ပညာရေးအတွက် INSEARCH မှ တရားဝင်ထောက်ပံ့ပိုင်ခွင့်ရရှိထားသည်။
*လျှောက်ထားသူများသည် ၂၀၁၆ခုနှစ် ပညာသင်နှစ်တွင် စတင်တက်ရောက်ရမည်ဖြစ်သည်။ *လျှောက်ထားမှုနှင့်ပက်သက်၍ ထပ်မံသိရှိလိုပါက အထက်ပါဝက်ဘ်ဆိုဒ်သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
0913_031 6

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

**တင်ဒါအမှတ် ၀၇/ရအ(ပဖတ)/သယ်ပို့(တင်ဒါ)/၂၀၁၆-၂၀၁၇**

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများအတွက် စက်သုံးဆီ၊ ဘိလပ်မြေ၊ သံချောင်းလုံးများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၆-၂၀၁၆ ရက် ၀၉:၀၀ နာရီ
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်/ အချိန်** - ၁၅-၆-၂၀၁၆ ရက် ၁၂:၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ပစ္စည်းဖြည့်တင်းရေးဌာနခွဲ**
**ဖုန်း-၀၆၇-၈၁၀၄၁၈၉၊ ၀၆၇-၈၁၀၄၁၉၀**
**ဖက်စ်-၀၆၇-၈၁၀၄၁၉၁**

---

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ် (၃/၂၀၁၆-၂၀၁၇)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၁။ နိုင်ငံခြားစက္ကူ
၂။ ဘက်ထရီဆိုက်စုံ
၃။ တာယာဆိုက်စုံ
၄။ သွပ်
၅။ ပလတ်စတစ်စေ့

၂။ တင်ဒါပေးသွင်းမှုကို ၂၄-၆-၂၀၁၆ရက် ၁၆း၀၀နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် (၅၀၀၀ိ/-)နှုန်းဖြင့်လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**သစ်တောဦးစီးဌာန**
**ရုံးအမှတ်(၃၉)နေပြည်တော်**

---

## ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ပြည်သူ့ဆေးရုံကြီး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၆-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၁-၇-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးကော်မတီ**
**ဆေးရုံအုပ်ကြီးရုံး**
**ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့**
**ဖုန်း-၀၇၃-၂၁၆၃၆၊ ၀၇၃-၂၀၁၆၃၇**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်၊ ကျေးရွာ မီးလင်းရေးနှင့် ဓာတ်အားစနစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းနှင့်လုပ်ငန်းများအား တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) ကွန်ကရစ်တိုင်၊ SAC Insulated Cable၊ Insulated Cable AAC၊ LV ABC Cable၊ ACSRကြိုး၊ 33/0.4kV ထရန်စဖော်မာ၊ 11/0.4kV ထရန်စဖော်မာအပါအဝင် ဓာတ်အားလိုင်းနှင့် ဆက်စပ်ပစ္စည်းများအား မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသည်။
(ခ) ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၄၀၀ဗို့လိုင်း၊ ၃၃/၀.၄ ကေဗွီဓာတ်အားခွဲရုံနှင့် ၁၁/၀.၄ ကေဗွီဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းတို့အား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။
(ဂ) **တင်ဒါစတင်ရောင်းချ/ တင်သွင်းမည့်ရက်** - ၆-၆-၂၀၁၆ရက် (တနင်္လာနေ့)
(ဃ) **တင်ဒါပိတ်မည့်ရက်** - ၁-၇-၂၀၁၆ရက် (သောကြာနေ့) ၁၂း၀၀နာရီ
(င) **တင်ဒါလျှောက်လွှာ ဝယ်ယူမည့်နေရာ** - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ရှမ်း(တောင်) တောင်ကြီးမြို့ အစည်းအဝေးခန်းမ
(စ) **အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ** - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်း(တောင်) တောင်ကြီးမြို့၊ အစည်းအဝေးခန်းမ

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီများသည် ကုမ္ပဏီတံဆိပ်နှင့် ကုမ္ပဏီမှ အထူးအာဏာပေး လွှဲအပ်ထားသူ၏ လက်မှတ်ပါရှိမှသာ တင်ဒါလျှောက်လွှာဝယ်ယူခွင့်ပြုမည်။
၄။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဖုန်း-၀၉-၄၁၀၀၆၅၅၀၊ ၀၈၁-၂၀၅၈၄၈တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

---

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော်ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသော လူနာများအား ကုသပေးရန် လိုအပ်သောဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးဝါးများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ၊ ဝယ်ယူရန်အတွက် FDA (အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံစတင်ရောင်းချမည့်ရက်** - ၁၃-၆-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၂-၇-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်ကို သိရှိလိုပါက အောက်ပါလိပ်စာတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပျဉ်းမနားမြို့**
**လယ်ဝေးလမ်းဟောင်း၊ မြင်းရတနာအနီး**
**ဖုန်း-၀၆၇-၂၄၆၆၄၊ ၀၆၇-၂၂၃၀၉**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**Tender No.01/DHPI/Cement/2016-2017**

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများတွင်အသုံးပြုရန်အတွက် ပြည်တွင်းစက်ရုံများမှ ထုတ်လုပ်ပြီး အရည်အသွေးပြည့်မီသည့် ဘိလပ်မြေ(၄၂၅၀)တန်အား သက်ဆိုင်ရာစီမံကိန်းအရောက်ဈေးနှုန်း (D.D.P-at Site)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ပစ္စည်းများ၏နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၁၅-၆-၂၀၁၆ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။ တင်ဒါဝယ်ယူသည့်အခါ ဘိလပ်မြေအရည်အသွေးများအား ကြိုတင်စစ်ဆေးရန်အတွက် နမူနာ(၁၀)အိတ်ပေးသွင်းထားရမည်။

၃။ အရည်အသွေးနှင့် နည်းပညာစံချိန်စံညွှန်းရမှတ်(၆၀)ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal)ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီးအများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score)အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၉၊ ၈၁၀၄၁၉၀၊ ၈၁၀၄၁၉၁**

---

## တောင်သာမြို့နယ်ဥပဒေရုံး
## တောင်သာမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်ဥပဒေရုံးဝင်းအတွင်းဝန်ထမ်းအိမ်ရာနှင့် ရေစင်ဆောက်လုပ်ခြင်းလုပ်ငန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန်ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၈-၅-၂၀၁၆ရက်
(ခ) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၂-၆-၂၀၁၆ရက်
(ဂ) **တင်ဒါပုံစံတင်ရမည့်နေရာ** - တောင်သာမြို့နယ်ဥပဒေရုံး၊ တောင်သာမြို့
(ဃ) **တင်ဒါပိတ်မည့်ရက်** - ၁၂-၆-၂၀၁၆ရက် မွန်းတည့် ၁၂နာရီ
(င) **တင်ဒါဖွင့်မည့်ရက်** - ၁၂-၆-၂၀၁၆ရက် မွန်းလွဲ ၂နာရီ

၂။ တင်ဒါပုံစံစည်းကမ်းများကို တစ်စုံလျှင်ကျပ် ၁၀၀၀ိ(ငွေကျပ်တစ်ထောင်တိတိ)ဖြင့် ၂၈-၅-၂၀၁၆ရက်မှစတင်၍ ရုံးချိန်အတွင်း တောင်သာမြို့နယ်ဥပဒေရုံးတွင်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက တောင်သာမြို့နယ်ဥပဒေအရာရှိ၊ တောင်သာမြို့နယ် ဥပဒေရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၆-၇၀၀၂၇၊ ၀၉-၇၉၆၁၅၅၂၇၂တို့သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**တောင်သာမြို့**

---

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## သာသနာရေးဦးစီးဌာနအတွက်
## ရုံးသုံး၊ လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သာသနာရေးဦးစီးဌာနတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်လျက်ရှိသော အောက်ဖော်ပြပါလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) ပုံနှိပ်လုပ်ငန်းသုံးစာအုပ်သီချုပ်စက်နှင့် ပုံနှိပ်လုပ်ငန်းသုံးဓား (၂)မျိုး
(ခ) Air Con (Standing Type) (၁)မျိုး
(ဂ) ကွန်ပျူတာအပါအဝင်နှင့် ရုံးသုံးစက်ကိရိယာ (၆)မျိုး

**တင်ဒါပုံစံများရောင်းချမည့်ရက်/အချိန်** - ၁၃-၆-၂၀၁၆ရက်မှ ၃၀-၆-၂၀၁၆ရက်အထိ ၀၉း၃၀နာရီမှ ၁၆း၀၀နာရီအထိ
**တင်ဒါပုံစံတင်သွင်းရမည့်ရက်/အချိန်** - ၅-၇-၂၀၁၆ရက် (အင်္ဂါနေ့) ၀၉း၃၀နာရီမှ ၁၂း၀၀နာရီထိ
**တင်ဒါပုံစံများရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ရုံးအမှတ်(၃၁)၊ နေပြည်တော်

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့်အချက်အလက်များကို အသေးစိတ်သိရှိလိုပါက သာသနာရေးဦးစီးဌာန၊ ရုံးအမှတ် (၃၁)၊ နေပြည်တော်(ညွှန်ကြားရေးမှူး)စီမံရေးရာဌာန ဖုန်း-၀၆၇-၄၀၆၂၃၂၊ ၀၆၇-၄၀၆၀၄၇နှင့် သာသနာရေးဦးစီးဌာန ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ (ညွှန်ကြားရေးမှူး) ကမ္ဘာအေး၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၆၀၈၃၅၊ ၀၁-၆၅၂၁၃၅တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သာသနာရေးဦးစီးဌာန**
**ရုံးအမှတ် (၃၁)၊ နေပြည်တော်**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်အတွက် FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲနှင့်ဓာတ်မှန်ပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၃-၆-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁-၇-၂၀၁၆ ရက် ညနေ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အခြားသိလိုသည်များရှိပါက ရုံးချိန်အတွင်း ဤဆေးရုံကြီးတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃၀-၅-၂၀၁၆ ရက်(တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၆-၂၀၁၆ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**မျက်စိရောဂါအထူးကုဆေးရုံကြီး**
**အမှတ် ၃၀၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၅၇၉၅၆၊ ၅၄၉၁၇၀**

---

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) လုပ်ငန်းသုံးစက်ကိရိယာများ
(ခ) ရုံးသုံးစက်ကိရိယာများ
(ဂ) လုပ်ငန်းသုံးပစ္စည်းများ
(ဃ) ရုံးအသုံးအဆောင်ပစ္စည်းများ

၂။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် ၄-၇-၂၀၁၆ ရက် ၁၅း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။
၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် သတင်းစာကြော်ငြာထည့်သည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ်(၂၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၃၆၀၊ ၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၀၉၈**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရခိုင်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါမြို့နယ်များတွင် မြို့နယ်စီမံကိန်းဦးစီးရုံး ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းများဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပေါက်တောမြို့နယ် စီမံကိန်းဦးစီးရုံး ဝန်ထမ်းအိမ်ရာ (၂)ခန်းတွဲ (၁)ထပ်RC
(ခ) မာန်အောင်မြို့နယ် စီမံကိန်းဦးစီးရုံး ဝန်ထမ်းအိမ်ရာ (၂)ခန်းတွဲ (၁)ထပ်RC

**တင်ဒါပုံစံများနှင့်စည်းကမ်းများ ရောင်းချမည့်ရက်နှင့်အချိန်** - ၆-၆-၂၀၁၆ရက်မှ ၁၉-၆-၂၀၁၆ရက်အထိ (ရုံးချိန်အတွင်း)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၄-၆-၂၀၁၆ရက် ၁၂း၀၀နာရီ
**တင်ဒါရောင်းချမည့်နေရာ** - ရခိုင်ပြည်နယ်စီမံကိန်းဦးစီးရုံး၊ စစ်တွေမြို့

၂။ အသေးစိတ်အချက်အလက်များကို ရခိုင်ပြည်နယ် စီမံကိန်းဦးစီးရုံး၊ စစ်တွေမြို့ ဖုန်း-၀၄၃-၂၁၃၁၄၊ ၀၄၃-၂၄၁၈၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ရခိုင်ပြည်နယ်စီမံကိန်းဦးစီးရုံး၊ စစ်တွေမြို့**

---

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ဆေးကုသပေးနိုင်ရန် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်း၊ ဓာတ်မှန်၊ ဓာတ်ခွဲပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၆-၂၀၁၆ရက်၊ (ကြာသာပတေးနေ့) ညနေ ၄း၀၀နာရီ

၃။ လိုအပ်သော တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများအကြောင်းကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးသို့ စုံစမ်းနိုင်ပါသည်။

**ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၂-၆၅၆၃၄**

---

## အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးကျေးရွာ အထက ဒုတိယတန်းမှ မယွန်းရွှေရည်စိုးအား မရွှန်းလဲ့လဲ့ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မရွှန်းလဲ့လဲ့ခိုင်**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ ကျောက်တန်းအုပ်စု၊ သစ်ဆိမ့်ကုန်းရွာနေ မောင်မင်းသန့်ကျော်၏ ဖခင်အမည်မှာ ဦးကျော်ဝင်းနှင့် ဦးကျော်ငွေ ၅/ကလတ(နိုင်)၀၇၈၆၅၆သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကျော်ဝင်း(ခ)ဦးကျော်ငွေ**

---

## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ကျွဲဆွဲ အလက သတ္တမတန်း(A)မှ မသဲသဲမွန်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်ဝင်း ၅/တဆန(နိုင်)၀၇၇၂၇၇ ဖြစ်ပါသည်။

---

## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ခရမ်းခြံ အထက(ခွဲ)အဋ္ဌမတန်းမှ မောင်ထက်မျိုးဦး၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့် ၅/ခဥန(နိုင်)၀၆၃၀၁၆ ဖြစ်ပါသည်။

---

## ဖခင်အမည်မှန်

ဝိုင်းမော်မြို့၊ အထက(၁) နဝမတန်း(B)မှ မောင်ဖီလေး၏ ဖခင်အမည်မှန်မှာ ဦးဖီဂူ ၁/ဝမန(နိုင်)၀၅၄၂၃၇ ဖြစ်ပါသည်။

---

## ဖခင်အမည်မှန်

ဝိုင်းမော်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(A)မှ မဆာရာ၏ ဖခင်အမည်မှန်မှာ ဦးဝေါလေး ၁/ဝမန(နိုင်)၀၈၂၈၉၈ ဖြစ်ပါသည်။

---

## အမည်တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားတက္ကသိုလ်၊ ဓာတုဗေဒဌာနမှ သရုပ်ပြ ဦးဇေယျာမင်းမင်း ၁/မကန(နိုင်)၁၃၃၇၇၁၏ ဖခင် ဦးမောင်ငွေးနှင့် ဦးခင်မောင်ငွေး ၁/မကန(နိုင်)၀၆၅၉၉၉မှာ တစ်ဦးတည်းဖြစ်ပါသည်။

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

သရက်မြို့နယ် မှန်ဒင်းကြီးကျေးရွာ(တောင်)မှ ဦးတင်မျိုး ၈/သရန(နိုင်)၀၆၃၅၉၂နှင့် အောင်လံမြို့ အထက(၁)၊ နဝမတန်းတက်ရောက်နေသည့် မအိအိခိုင်၏ဖခင် ဦးမိုးကျော်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။**ဦးတင်မျိုး**

---

## အမည်ပြောင်းခြင်း

ဦးကျော်ဇောဝင်း၏သား ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့ အထက၊ နဝမတန်းမှ မောင်လင်းထက်ကျော်အား မောင်မိုးဆက်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်မိုးဆက်ကျော်**

---

## ဖခင်အမည်မှန်

သဲကုန်း အထက၊ တက္ကသိုလ်ဝင်တန်း(B)မှ မသီရိစံ၏ ဖခင်အမည်မှန်မှာ မောင်ကိုလွင်(ခ)မောင်ကျော်ကျော်ဦး ဖြစ်ပါသည်။
**မောင်ကိုလွင်(ခ)**
**မောင်ကျော်ကျော်ဦး**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

တာချီလိတ်မြို့၊ လွယ်တော်ခမ်းအုပ်စု၊ ဖလောက်ကျေးရွာနေ ဦးလန်းချေ၏သား ဦးအားဟာ(ခ)နေအောင် ၁၃/တခလ(နိုင်)၀၃၄၂၉၅သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံမြို့၊ စွမ်ဆပ်ကုန်း၊ ဝေါ်နိမ့်ရွာနေ ဦးအားဂူ၏သား မောင်အားဂျမ်း ၁၃/ကတန(နိုင်)၁၃၅၇၈၈နှင့် မောင်အားကျောင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

သထုံမြို့နယ်၊ အထက၊ ကြာပန်း တက္ကသိုလ်ဝင်တန်းမှ ဦးစောမြမျိုး၏ သမီး မရွှေရည်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ နော်ရွှေရည်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၆-၂-၂၀၀၀ဖြစ်ပါကြောင်း။
**နော်ရွှေရည် (၆-၂-၂၀၀၀)**


MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
Facebook ကို MPT ဖြင့် အခမဲ့
အသုံးပြုလိုက်ပါ
အချိန်တိုင်း အချင်းချင်း
အဆက်အသွယ်မပြတ်
ရှိနေနိုင်မယ့်
ဝန်ဆောင်မှုအသစ်
GO TO FREE
Facebook ကို သင့်စိတ်ကြိုက်အသုံးပြုနိုင်ပါသည်။
Share ၊ like ၊ comment ၊ chat နှင့် update များကို အခမဲ့သုံးစွဲနိုင်ပြီး
ဓာတ်ပုံများ၊ ဗီဒီယိုများကြည့်ရှုမှုအတွက်
DATA သုံးစွဲစရိတ် ပေးဆောင်ရပါမည်။
မည်သည့်အချိန်မဆို သင်စိတ်တိုင်းကျ အခမဲ့အသုံးပြုနိုင်ပါသည်။
သင်၏ အင်တာနက်အသုံးပြုမှုကို ထိန်းချုပ်ထားနိုင်ပါသည်။
အခမဲ့ အသုံးပြုနိုင်သည်။
GO TO FREE
LIKE
သင်စိတ်ဝင်စားသော အရာများ
SHARE
ဗီဒီယိုများ၊ ဓာတ်ပုံများ
CHAT
သူငယ်ချင်းများ ၊ မိသားစု
COMMENT
မည်သည့်မှတ်ချက်မဆို
DATA သုံးစွဲစရိတ် ပေးဆောင်၍လည်း
ကြည့်ရှုနိုင်ပါသည်။
SEE PHOTOS
ဓါတ်ပုံနှင့် ဗီဒီယိုများ
Facebook Flex ကို အခမဲ့အသုံးပြုနိုင်ရန် အောက်ဖော်ပြပါအတိုင်း လုပ်ဆောင်ပါ။
မိမိအသုံးပြုမည့် MPT ဆင်းကဒ်ကို SIM Slot (1) တွင်ထည့်သွင်းပြီး အင်တာနက်ဖွင့်ပါ။
1
facebook application ကိုဖွင့်ပါ
(သို့မဟုတ်) အင်တာနက်
website မှ www.facebook.com
သို့သွားပါ။
GO TO FREE
အခမဲ့ ခလုတ်သည်
သင်၏ facebook
အသုံးပြုမှုအား
လက်ကျန်ငွေ(၀)ကျပ်ဖြင့်ပင်
အသုံးပြုနိုင်ပါသည်။
FREE
Facebook is Free
on MPT
2
" Continue " ကိုနှိပ်ပါ။
အခုဆိုရင် သင်ဟာ facebook ကို
အခမဲ့အသုံးပြုနိုင်ပါပြီ။
SEE PHOTOS
ဓါတ်ပုံများနှင့်
ဗီဒီယိုများ
ကြည့်ရှုမှုအတွက်
DATA သုံးစွဲစရိတ်
ပေးဆောင်ရပါမည်။
သင်၏ရွေးချယ်မှုဖြင့် Facebook ကို သင့်စိတ်ကြိုက် အသုံးပြုနိုင်ပါသည်။ Facebook Flex ဖြင့် လွယ်ကူစွာ ပြောင်းလဲအသုံးပြုနိုင်ပါသည်။
ဤဝန်ဆောင်မှုကို အသုံးပြုလိုပါက ဆွေသဟာ အစီအစဉ် ရယူထားရန် လိုအပ်ပါသည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday


အူရီဒူး Facebook Plus
ooredoo
Facebook
၃ ကျပ် / MB
အူရီဒူး
အချင်းချင်း
အခမဲ့
အခြား
ကွန်ရက်များသို့
၂၀ ကျပ် / မိနစ်
အခမဲ့ ရယူဖို့
*4444# သို့ခေါ်ဆို၍ (သို့)
4444 သို့ FB ဟု
SMS ပေးပို့ပါ
စည်းမျဉ်းစည်းကမ်းသေးစိတ်ကို ooredoo.com.mm မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။


အတိုးနှုန်းမဲ့ ၆ လအရစ်ကျ
စုငွေလည်းတိုးအရစ်ကျလည်းဝယ်ယူနိုင်ပြီ...
SAMSUNG
KBZ BANK
0%
Interest Rate
SAMSUNG Galaxy S7 edge
ဈေးနှုန်း ၉၀၀,၀၀၀ ကျပ်
လစဉ် ၁၅၀,၀၀၀ ကျပ် x ၆ ကြိမ်
SAMSUNG Galaxy S7
ဈေးနှုန်း ၈၀၀,၀၀၀ ကျပ်
လစဉ် ၁၃၃,၃၃၃ ကျပ် x ၆ ကြိမ်
SAMSUNG Galaxy Note5
ဈေးနှုန်း ၈၂၀,၀၀၀ ကျပ်
လစဉ် ၁၃၆,၆၆၇ ကျပ် x ၆ ကြိမ်
SAMSUNG Galaxy A5
ဈေးနှုန်း ၅၀၅,၀၀၀ ကျပ်
လစဉ် ၈၄,၁၆၇ ကျပ် x ၆ ကြိမ်
SAMSUNG Galaxy A7
ဈေးနှုန်း ၅၅၅,၀၀၀ ကျပ်
လစဉ် ၉၂,၅၀၀ ကျပ် x ၆ ကြိမ်
SAMSUNG Galaxy Tab S2
8.0 inch
ဈေးနှုန်း ၅၃၉,၀၀၀ ကျပ်
လစဉ် ၈၉,၈၃၃ ကျပ် x ၆ ကြိမ်
SAMSUNG Galaxy Tab S2
9.7 inch
ဈေးနှုန်း ၆၅၄,၀၀၀ ကျပ်
လစဉ် ၁၀၉,၀၀၀ ကျပ် x ၆ ကြိမ်
*ဈေးနှုန်းအတက်အကျ အပြောင်းအလဲရှိလျှင် ကြိုတင် အသိပေးသွားပါမည်။ နီးစပ်ရာဘဏ်ခွဲနှင့် Samsung Brand Shop များတွင် မဝယ်ယူမီ စုံစမ်းနိုင်သည်။ ဘဏ်မှသတ်မှတ်ထားသည့်အတိုင်း Current Account အတွက် အတိုးနှုန်းစံစားခွင့်အကျုံးမဝင်ပါ။
**Terms and conditions apply
Installment ဝယ်ယူနိုင်မည့် ကဗ္ဗာဘဏ်တည်ရှိရာမြို့များ
ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မော်လမြိုင်၊ တောင်ကြီး၊ ပုသိမ်၊ ပဲခူး၊ သရက်၊ သုံးဆယ်၊ တောင်ငူ၊ ဟသာတ၊ မြောင်းမြ၊ ပျဉ်းမနား၊ မိတ္ထီလာ၊ ကျောက်ဆည်၊ ပျော်ဘွယ်၊ စစ်ကိုင်း၊ ရွှေဘို၊ မိုးကုတ်၊ ပြင်ဦးလွင်၊ လားရှိုး၊ မုဆယ်၊ ကျိုင်းတုံ၊ ကလော၊ လွိုင်ကော်၊ မုံရွာ၊ မြင်းခြံ၊ မကွေး၊ မင်းဘူး၊ ညောင်ဦး၊ ပြည်၊ ပခုက္ကူ၊ သထုံ၊ ဘားအံ၊ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ မြဝတီ၊ မြိတ်၊ ထားဝယ်၊ ရမည်းသင်း၊ အောင်လံ။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
Hotline 09977233356, 09263335050
Call Center
01 2399 888
(Mon-Sun)
8AM to 6PM




စောဂေါ်မူဒို၏ ခြေကန်ချက် သွေးသစ်အောင်အား ထိမိစဉ်

# ရိုးရာကျားတို့ အားပြိုင်ပွဲ ပထမတန်းသို့တက်လာသည့် ဖျံသွေး သမ္ဘာရင့်စက်လက်သီးသပြေညိုကို အလဲထိုး

**သတင်းမြင်ကွင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဇွန် ၅**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး Great Tiger Group က စီစဉ်သည့် ပထမတန်းလက်ဝှေ့ကျော်များ ပါဝင်ယှဉ်ပြိုင်ထိုးသတ်သော ရိုးရာကျားတို့အားပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ ပထမတန်းသို့ တက်လာသည့် ဖျံသွေးက သမ္ဘာရင့် သပြေညိုကို အလဲထိုးဖြင့် အနိုင်ရခဲ့သည်။

ယနေ့ယှဉ်ပြိုင်ထိုးသတ်သည့် ရိုးရာကျားတို့ အားပြိုင်ပွဲတွင် လေးချီပွဲနှစ်ပွဲ၊ ငါးချီပွဲရှစ်ပွဲ စုစုပေါင်းတွဲဆိုင်း ၁၀ ပွဲ ယှဉ်ပြိုင်ထိုးသတ်ရာ သရေသုံးပွဲနှင့် အလဲထိုးဖြင့် အသည်းအသန်အနိုင်ယူယှဉ်ပြိုင်သည့် ပွဲခုနစ်ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ငါးချီပွဲများတွင် ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ အထူးစိတ်ဝင်စားသည့် ပထမတန်း လက်ဝှေ့တွဲဆိုင်းများဖြစ်သည့် စောဂေါ်မူဒို(သတ္တိ)နှင့် သွေးသစ်အောင်(နဂါးနီ)တို့ပွဲတွင် စောဂေါ်မူဒိုက ပွဲစသည်နှင့် အောက်ခြေကန်ချက်များဖြင့် သွေးသစ်အောင်ကို ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ရာ ဒုတိယအချီ ၁ မိနစ် ၃၁ စက္ကန့်တွင် သွေးသစ်အောင် ဘယ်ခြေအထိနာ၍ အနားတောင်းခဲ့ရကာ ပြန်လည်ယှဉ်ပြိုင်ထိုးသော်လည်း ဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်စွမ်းမရှိတော့သဖြင့် ဒုတိယအချီ ၁ မိနစ် ၅၉ စက္ကန့်တွင် အလဲထိုးဖြင့် အရှုံးပေးခဲ့ရသည်။ တစ်ဖန် ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ ဒုတိယစိတ်ဝင်စားမှုအများဆုံးဖြစ်သည့် တက်သစ်စ ပထမတန်းလက်ဝှေ့ကျော်

စာမျက်နှာ ၁၄ ကော်လံ ၁ ◆

## မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း တတိယနေရာလုပွဲ၌ ရှုံးနိမ့်

**ရန်ကုန် ဇွန် ၅**

လာအိုနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၆ အာရှ ယူ-၁၉ (အာဆီယံဇုန်) အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲ နှင့် ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက ကျင်းပရာ မြန်မာ ယူ-၁၉ အသင်းသည် စတုတ္ထနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

မြန်မာအသင်းသည် တတိယနေရာလုပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် ကစားခဲ့ရပြီး နှစ်ဂိုး- တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုတွင်း တွေ့ဆုံစဉ်က ဗီယက်နမ်အသင်းကို သရေကစားနိုင်ခဲ့သော်လည်း ယခုပြန်လည်တွေ့ဆုံရာတွင် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် ထိုင်းအသင်းက ဖိလစ်ပိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးဘောလုံးအသင်းသည်(အာဆီယံဇုန်)အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အသန့်ရှင်းဆုံးအသင်းဆုရရှိခဲ့ပြီး မြန်မာအသင်းမှ မြတ်နိုးခင်ကလည်း သွင်းဂိုးလေးဂိုးဖြင့် ဂိုးသွင်းအများဆုံးဆု ရရှိခဲ့သည်။ **ဖိုးသော်ဇင်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၅-၆-၂၀၁၆

| | |
|---|---|
| မချမ်းဘောမြို့ | ၃ ဒသမ ၈၆လက်မ |
| ရေးမြို့ | ၁ ဒသမ ၅၇ လက်မ |
| ပင်လောင်းမြို့ | ၁ ဒသမ ၀၂ လက်မ |
| ဟသ်ာတမြို့ | ၁ ဒသမ ၀၂ လက်မ |
| စစ်တွေမြို့ | ၀ ဒသမ ၉၈ လက်မ |

## မုတ်သုံလေ အားအသင့်အတင့်ရှိ

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ (မိုး/ဇလ)



## လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ဗိုလ်လုပွဲ ယနေ့ကျင်းပမည်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် ဇွန် ၅**

လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ (AYA Bank Cup 2016) တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဇွန် ၆ ရက်(ယနေ့)တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ အိမ်ရှင်မြန်မာအသင်းအနေဖြင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ရသော်လည်း တတိယနေရာအတွက် ခြေစွမ်းပိုင်းကောင်းမွန်လာသည့် ဟောင်ကောင်အသင်းနှင့်ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ❍

